
Software Engineering
Beyond Coding: Thinking Like a Software Engineer
ရေးသားသူ Saturngod

မိတ်ဆက်



အခုနောက်ပိုင်း Developer တော်တော် များများဟာ တက္ကသိုလ် မတက်ပဲ self learning နဲ့ developer ဖြစ်လာကြတာ တွေ့ရပါတယ်။ ပုံမှန်အားဖြင့် Theory ဆိုင်ရာ စာအုပ်တွေ သိပ်မဖတ်ကြသလို Software Engineering စာအုပ်တွေလည်း ဖတ်တာ နည်းတာ တွေ့ပါတယ်။ အများအားဖြင့် coding ဆိုင်ရာ ကို အားထားပြီး ဖတ်ကြတာ များတာ ကို တွေ့ရတယ်။

နောက်တချက်က English စာ အားနည်းသည့် အခါမှာ Software Engineering စာအုပ်တွေ ဖတ်သည့် အခါမှာ အခက်အခဲ ရှိတယ်လို့ ထင်ပါတယ်။ ဒီ စာအုပ်ဟာ တက္ကသိုလ် မတက်ပဲ self learning နဲ့ developer ဖြစ်လာသူတွေကို အထောက်အကူ ဖြစ်အောင် ရေးသားထားသည့် စာအုပ် ဖြစ်ပါတယ်။ တက္ကသိုလ်မှာ First Year Text Book လောက်ပဲ ရှိမှာ ဖြစ်သည့် အတွက် ပြည့်ပြည့်စုံစုံလည်း ပါဝင် မှာ မဟုတ်ပါဘူး။

ဒီစာအုပ် ဟာ Coding စာအုပ် မဟုတ်သည့် အတွက် Coding နဲ့ ပတ်သက်ပြီး အများကြီး ပါမှာ မဟုတ်သလို Code တွေကိုလည်း သေသေချာချာ ရှင်းပြ မယ့် စာအုပ် မဟုတ်ပဲ Theory တွေ စာတွေ အများကြီး ပါမယ့် စာအုပ် ဖြစ်ပါတယ်။ နောက်ပြီး ဒီစာအုပ်က လူတိုင်း ကို ရည်ရွယ်တာ မဟုတ်ပဲ Self learning သမားတွေ အတွက် အထောက်အကူ ဖြစ်အောင် ရည်ရွယ် ရေးသားထားသည့် စာအုပ်ဖြစ်သည့် အတွက် Junior Developer , Mid Level Developer များ ဖတ်သင့် သည့် စာအုပ် တစ်အုပ် ဖြစ်ပါလိမ့်မယ်။

Software Engineer ဆိုတာ

Software Engineer ဆိုတာ က Coding ရေးသည့် အလုပ်တစ်ခု တည်း မဟုတ်ပါဘူး။ Engineering ပညာရပ် တစ်ခု ဖြစ်ပြီး Software တစ်ခု Product တစ်ခု ကို ဖန်တီးဖို့ အတွက် လိုအပ်သည့် အသိပညာ နည်းပညာ ရှိသူတွေပါ။ Coding အပြင် Software Development Life Cycle, Project Management , Principle စတာတွေ ကို သိရှိ နားလည် တတ်ကျွမ်း သူတွေ လို့ ဆိုရပါမယ်။

Software Engineer တွေ က Coding မစတင်ခင်မှာ System Design , Architecture တွေ ရေးဆွဲနိုင်ပြီး Product တစ်ခုလုံးရဲ့ ပုံစံကြမ်းကို ချမှတ်နိုင်ပါတယ်။ ဘယ်အစိတ်အပိုင်းတွေ ပါဝင်မယ်။ ဘယ်လို မျိုး တွဲပြီး အလုပ်လုပ်မယ်။ Database ကို ဘယ်လို တည်ဆောက်မယ်။ Scalability ဖြစ်အောင် ဘယ်လို ထည့်သွင်းရေးဆွဲမယ် ဆိုတာတွေ ကို နားလည် တတ်ကျွမ်းသူတွေ ဆိုလည်း မမှားပါဘူး။

Problem Solver တွေပါ။ Coding ရေးခြင်း သပ်သပ် မဟုတ်ပဲ ပြဿနာ တွေ ဖြေရှင်းသူ တွေဖြစ်ပါတယ်။ Client ရဲ့ Requirement ကို နားလည် ပြီး ဘာလုပ်ရမလဲ ဆိုတာ ထက် ဘာကြောင့် လုပ်ရမလဲ ဆိုသည့် ပြဿနာ ရဲ့ အရင်းခံ ကို နားလည် နိုင်သူတွေ ပါ။

နောက်ပြီး ရေးဆွဲထားသည့် Software ရဲ့ Quality ကို အာမခံနိုင်ဖို့ လိုတယ်။ Testing တွေ လုပ်ဆောင်ရတယ်။ Security အပိုင်းကိုလည်း ရေးဆွဲ ကတည်းက ထည့်သွင်း စဥ်းစားထားဖို့ လိုပါတယ်။

Software တစ်ခု ပြီးသွားပြီး အသုံးပြုသူတွေ လက်ထဲရောက်သွားရင် မကြာခင် ပြင်ရ မှာ တွေ မစဥ်းစားထားသည့် User Story အသစ်တွေ feature အသစ် request တွေ လာမယ် ဆိုတာ ကြိုတင်ပြီး ကိုယ်ဖန်တီးထားသည့် software ကို ဆက်လက် ထိန်းသိမ်း လုပ်ဆောင် ကြဖို့ လိုပါတယ်။

Software Engineer တွေဟာ Team နဲ့ အတူတူ အလုပ်ရပါတယ်။ တခြား Engineer တွေ Product Manager, Designer တွေ Quality Assurance (QA) အဖွဲ့ တွေ နဲ့ အတူတူ အလုပ်လုပ်ရသည့် အတွက် Teamwork အားကောင်းနေဖို့ အရမ်းကို ရေးကြီးပါတယ်။

ဒါကြောင့် Software Engineer ဆိုတာ Code ရေးနေဖို့ မဟုတ်ပဲ စနစ် တစ်ခုလုံး အစအဆုံး တည်ဆောက် စီမံ ထိန်းသိမ်း တာက Software Engineer တစ်ယောက် ရဲ့ တာဝန်ပါပဲ။

Vibe Coding and Software Engineer

Vibe Coding ဟာ အခု စာရေးချိန် ၂၀၂၅ အောက်တိုဘာ လ မှာ လူတိုင်း နီးပါး အသုံးပြုနေသည့် AI အကူအညီနဲ့ code ရေးသားကြခြင်းပါ။ AI က code ရေးပေးသည့်အခါမှာ Developer က ထိန်းကျောင်းပြီး ဖြစ်ချင်သည့် result တစ်ခု ထွက်လာအောင် ဖန်တီးရပါတယ်။ ဒါကြောင့် ဒီ စာအုပ်က Software Engineering အပိုင်းက အသုံးဝင်သည့် အစိတ်အပိုင်း တစ်ခု ဖြစ်လာမှာပါ။ Product တစ်ခု ဘယ်လို ဖန်တီးရမယ်။ Software တစ်ခု ကို ရေရှည် ဘယ်လို ထိန်းသိမ်းရမယ်။ Team တစ်ခု ရဲ့ Project Management ကို ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာ ဒီစာအုပ်ထဲမှာ ပါဝင်ပါတယ်။ AI က လက်ရှိ developer တွေ ကို အဆင့်မြှင့်တင်ပေးသည့် Tool တစ်ခုသာ ဖြစ်ပြီး ကိုယ်လိုချင်သည့် ရလာဒ် တစ်ခု ရအောင် ဖန်တီး ဖို့ က Software Enginner တစ်ယောက်ရဲ့ တာဝန် တစ်ခုဖြစ်ပါတယ်။

အခန်း ၁ :: စတင်ခြင်း

ပထမဆုံး Software တွေ ကို မဖန်တီးခင်မှာ ကျွန်တော် တို့ တွေဟာ **ဘာကြောင့်** Software Engineering ကို သိဖို့ လိုလဲ။ ဘာကြောင့် လိုအပ်တာလဲ ဆိုတာကို နားလည်ဖို့ သမိုင်း ကို အရင် လေ့လာဖို့ လိုပါတယ်။

၁.၁ Software Crisis သို့မဟုတ် ပညာရပ်တစ်ခု မွေးဖွားခြင်း

1960 ကာလမှာ computer တွေက စပြီး အသုံးပြုလာကြပြီ။ Hardware တွေလည်း စပြီး တိုးတက်မှု ရှိလာသည့် ကာလ လို့ ဆိုရမယ်။ ဒါပေမယ့် Software တွေ က အခုခေတ်လို အများကြီး မရှိသည့် ကာလပေါ့။ အဲဒီ ကာလ ကို “Software Crisis” လို့ လူသိများပါတယ်။

အဲဒီ စကားလုံးက ၁၉၆၈ မှာ ပထမဆုံး NATO Software Engineering Conference မှာ စပြီး သုံးဆွဲခဲ့တာပါ။ အဲဒီ အချိန်မှာ ဘာတွေ ပြဿနာရှိလဲ ဆိုတော့ Software တွေ ဖန်တီးရတာ အရမ်းကို ခက်ခဲတယ်။ ပြဿနာ မျိုးစုံ ရှိတယ်။ ဖြစ်သည့် ပြဿနာတွေက

- **Over Budget** : project တိုင်းဟာ ထင်ထားတာ ထက် ပိုပြီး ကုန်ကျစရိတ်များနေတာပဲ။ ဒေါ်လာ သိန်း ဂဏန်းလောက်ပဲ မျှော်မှန်းထားပေမယ့် တကယ်တန်း သန်း ဂဏန်းလောက် ထိ ကုန်တာတွေ ဖြစ်တယ်။
- **နောက်ကျခြင်း** : Deliver က အမြဲ နောက်ကျတာပဲ။ ဘယ်တော့မှ dead line မမှီဘူး။ တစ်ခါ တစ်လေ နှစ် နဲ့ချီ ပြီ နောက်ကျ တာ ဖြစ်တတ်တယ်။
- **အရည်အသွေး မကောင်းခြင်းနှင့် ယုံကြည်လို့ မရခြင်း** : ပြီးပြီ ဆိုပြီး delivered လုပ်လိုက်သည့် Software တွေ က အမှားတွေ ပါလေ့ရှိတယ်။ အမှားတွေက ထွက်လာသည့် report တွေ ရလဒ် တွေက ယုံကြည်စိတ်ချ လို့ မရတာ တွေ ခဏခဏ ဖြစ်တယ်။
- **ထိန်းသိမ်းရန် ခက်ခဲခြင်း** : ရေးသားပြီးသည့် Software တွေ က ထပ်ပြီး အသစ်ထည့်ဖို့ ပြင်ဖို့ ဆိုတာ တကယ့် ကို အိပ်မက်ဆိုး တစ်ခုလိုဖြစ်နေတာပဲ။ Code ရဲ့ တစ်စိတ်တစ်ပိုင်းက ပြင်လိုက်ရင် အခြား တစ်ခုကို သွား ထိ ပြီး ပျက်စီးကုန်တာတွေ ဖြစ်နိုင်ခြေ အရမ်းများတယ်။

ဥပမာ အနေနဲ့ **IBM System/360 Operation System** က ဥပမာပဲ။ IBM ရဲ့ mainframe computer တွေ အတွက် OS/360 ကို လုပ်ခဲ့တယ်။ Fred Brooks က ဦးဆောင်ပြီး programmer တွေ ထောင်ပေါင်းများစွာ ပါဝင်ခဲ့တယ်။ အဲဒီခေတ်ကာလ မှာ တော့ အကြီးဆုံး software project တစ်ခု လို့ ဆိုရမှာပဲ။ Brooks ရေးထားသည့် *The Mythical Man-Month* စာအုပ်ထဲမှာ နောက်ကျနေသည့် software project ထဲ ကို programmer အသစ် ထပ်ဖြည့်ခြင်းဟာ ပိုပြီး နောက်ကျ စေတယ် ဆိုပြီး မှတ်ချက်ပေးထား ပါတယ်။ dead line ကို နှစ်ပေါင်းများစွာ ကျော်ခဲ့ပြီးတော့ Budget က လည်း ထင်ထားတာ ထက် အများကြီး ကုန်ကျခဲ့တယ်။

“Software Crisis” က code ရေးရုံ နဲ့ မလုံလောက်ဘူး။ ပိုပြီးကောင်းမွန်သည့် စနစ်တစ်ခု Engineering ဆန်သည့် နည်းစနစ် လိုအပ်ဆိုတယ် ဆိုတာကို နားလည်စေခဲ့တယ်။ ဒါကြောင့် “Software Engineering” က ပေါ်ပေါက်လာခဲ့ပါတယ်။

၁.၂ အစောပိုင်းကာလများ: Structured Programming And Waterfall Model

“Software Crisis” ကို ဖြေရှင်းဖို့ ပထမဆုံး အနေနဲ့ ပေါ်ပေါက်လာတာကတော့ Structured Programming နှင့် Waterfall Model ပဲ။

Structured Programming

အဲဒီ ခေတ်ကာလ က code တွေကို `GOTO` နဲ့ အသုံးများပါတယ်။ ကျွန်တော်တို့ C ကို သင်ခဲ့သည့် အချိန် တုန်းကလည်း `GOTO` တွေကို ရေးခဲ့ကြသေးပါတယ်။ ဒါပေမယ့် `GOTO` က လက်ရှိ code တွေကို ရှုပ်ထွေးစေပြီး code တစ်ခု က ဘယ် line ကို ခုန်ကူး သွားတယ် ဆိုတာ ကို ဘယ်လိုက်ရှာ ဖတ်နေရပါတယ်။ အခုခေတ် စကား နဲ့ ပြောရရင်တော့ “spaghetti code” တွေ ဖြစ်စေခဲ့ ပါတယ်။

Edsger Dijkstra ကဲ့သို့သော Computer Science သမား တော်တော်များများက Program ကို ဖန်တီးရာမှာ ရိုးရှင်းလွယ်ကူဖို့ အခြေခံ ၃ မျိုး နဲ့ တည်ဆောက်ဖို့ အကြံပြုခဲ့ကြတယ်။

1. **Sequence** : တစ်ခု ပြီးမှ တစ်ခု လုပ်ဖို့
2. **Selection** : ရွေးချယ်ခွင့် (`if - else - then`)
3. **Iteration** : ထပ်ခါ ထပ်ခါ ပြုလုပ်ခြင်း (`for` , `while` loop)

`GOTO` ကို ဖယ်ရှားပြီးတော့ အထက်ပါ ၃ ချက်ကို အသုံးပြုခြင်းအားဖြင့် Programmer တွေကို code တွေ ဖတ်ရှု ရတာ ပိုပြီး နားလည်လွယ်ကူ စေပြီး ထိန်းသိမ်းရတာလည်း ပိုလွယ်ကူ စေသည့် code တွေ ရေးလာစေနိုင်ပါတယ်။ ဒါကြောင့် အခုခေတ် language တွေမှာ `GOTO` ကို မတွေ့ရပဲ အထက်ပါ အချက် ၃ ချက် ကို အခြေပြုပြီး ရေးသားကြပါတယ်။

Waterfall Model

Software Engineering အကြောင်း ပြောရင် မပါမဖြစ် ကတော့ Waterfall Model ပါပဲ။ သူက ရှေးအကျဆုံး နဲ့ လူ အသိအများဆုံးဖြစ်ပြီး ယနေ့ အထိ အချို့ Corporation ကြီးတွေမှာ အသုံးပြုနေဆဲပါပဲ။ Waterfall Model ၏ အစောဆုံး ပုံစံ ကို ၁၉၇၀ ခုနှစ်မှာ Winston W. Royce က သူ၏ "Managing the Development of Large Software Systems" ဟုအမည်ရသော စာတမ်းတစ်စောင်တွင် စတင်ဖော်ပြခဲ့ပါတယ်။ Royce က Waterfall Model မှာ အားနည်းချက်များရှိနိုင်ကြောင်း နှင့် ပြုပြင်ထားတော့ iterative ပုံစံ ကို အသုံးပြုဖို့ အကြံပြုခဲ့ပေမယ့် သူ ရဲ့ မူလ ရိုးရှင်းသည့် Sequential ပုံစံ ကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ ကြပါတယ်။ ထိုအချိန်တုန်းက Software Project တွေဟာ အစိုးရ နှင့် NASA ကဲ့သို့ ကြီးမားသည့် အဖွဲ့အစည်းများ အတွက် ရည်ရွယ်ပြီး ရေးသားပြီး Hardware ထုတ်လုပ်သည့် အပိုင်းမှာလည်း စည်းမျဉ်း စည်းကမ်းများဖြင့် လုပ်ဆောင်ရသည့် အတွက် Waterfall Model က ထိုခေတ်ကာလ နဲ့ ကိုက်ညီ ခဲ့သည် လို့ ဆိုရမှာပဲ။



Waterfall မှာ ပုံမှန် အားဖြင့် အဆင့် ၆ ဆင့် ပါဝင်ပါတယ်။ ဒါပေမယ့် အသုံးပြုသည့် အဖွဲ့ အစည်း ပေါ်မှာ မူတည်ပြီး ကွာခြားပါတယ်။

- **Requirements** : လိုအပ်သည့် အချက်အလက်တွေ စုစည်းရခြင်း
- **Design** : ဒီအဆင့်မှာ technical design အသေးစိတ်ကို ရေးဆွဲပါတယ်
- **Development/Implementation** : စပြီး code တွေရေးပါတယ်
- **Testing** : ရေးသားထားသည့် code တွေဟာ requirement နဲ့ ကိုက်ညီ မှု ရှိမရှိ စစ်ဆေးပါတယ်
- **Deployment** : သက်ဆိုင်ရာ server, system မှာ deployment လုပ်ပါတယ်
- **Maintenance** : Bugs တွေ ပြင်တာ feature အသစ်တွေ ထပ်ထည့်တာ တို့ လုပ်ပါတယ်

Waterfall စနစ်မှာ တစ်ဆင့် ပြီးသွားမှ နောက်တဆင့်ကို သွားပါတယ်။ အဆင့်တွေ ကျော်သွားလို့ မရသလို အဆင့်တိုင်း ကို အချိန်ပေးပြီး လုပ်ဖို့ လိုအပ်ပါတယ်။ ဥပမာ Testing အဆင့်မှာ requirement အသစ်တွေ ထပ်လာလို့ မဖြစ်ပါဘူး။ လာခဲ့ရင် အစ ကနေ ပြန်စရပါတယ်။ အားနည်းချက်တွေ ရှိသလို အားသာချက်တွေလည်း ရှိပါတယ်။ အခန်း ၂ မှာတော့ Waterfall အကြောင်း ပိုမို ပြီး အသေးစိတ် ရေးသွားပါမယ်။

၁.၃ Object Oriented Programming

၁၉၇၀ ဝန်းကျင်မှာ Object Oriented Programming ဆိုတာ မရှိသေးပါဘူး။ OOP အတွေးအခေါ် ဟာ ၁၉၈၀ ပြည့်နှစ်အလွန် ၁၉၉၀ ပြည့် ဝန်းကျင်လောက်မှာ စတင်ပေါ်ပေါက်လာသည့် အတွေးအခေါ်တစ်ခုပါ။

Program တွေကို sequence instructions အစား OOP ဟာ developer တွေကို object အခြင်းခြင်း ပူးပေါင်းပြီး အလုပ်လုပ်သည့် ပုံစံ ပြောင်းလဲ စဥ်းစားလာကြပါတယ်။ Object Oriented Programming ဆိုတာ အခုခေတ် programming language တော်တော်များများမှာ မဖြစ်မနေ ပါဝင်နေပါပြီ။

OOP က အဓိက ပါဝင်တာတွေကတော့

Encapsulation

Class တစ်ခုထဲမှာ data (properties) တွေ , method (function) တွေကို capsule လိုမျိုး အလုံပိတ်ထားသလို ထည့်သွင်း သိမ်းဆည်း ခြင်းလို့ ဆိုလို့ရမယ်။ Class အပြင်ဘက်ကနေ data တွေကို တိုက်ရိုက် ဝင်ရောက်ခွင့် မပြုပဲ class ထဲမှာ သတ်မှတ်ထားသည့် method တွေကနေ တဆင့်သာ ဝင်ရောက်အသုံးပြု စေတာပါ။ ဒါကြောင့် data လုံခြုံရေး ကို ပိုကောင်းစေပြီး မမျှော်လင့်ပဲ မှားယွင်း ပြောင်းလဲ မိတာမျိုးကနေ ကာကွယ် ပေးနိုင်တယ်။

ဥပမာ

ကားတစ်စီးမှာ Engine, Break စတာတွေကို ကားမောင်းသူက အသေးစိတ် သိဖို့ မလိုဘူး။သိဖို့ လိုတာက ဘယ် function တွေက ဘာလုပ်သလဲ ဆိုတာပါပဲ။ Break နင်းရင် ကားရပ် မယ် ဆိုတာမျိုးပေါ့။ ဒီမှာ ကား ရဲ့ အတွင်း ပိုင်း ဖွဲ့စည်း ပုံက Encapsulation လုပ်ထားပြီး driver က သုံးခွင့်ပေးထားသည့် funciton တွေကို အသုံးပြုနေသည့် သဘောပေါ့။

```
class BankAccount {
    // private property ကို class အပြင်ကနေ တိုက်ရိုက်ခေါ်သုံးလို့မရပါ
    private balance: number;

    constructor(initialBalance: number) {
        this.balance = initialBalance;
    }

    // public method ကနေတစ်ဆင့် private property ကို ဝင်သုံးခွင့်ပေးခြင်း (Getter)
    public getBalance(): number {
        return this.balance;
    }
```

```
    // public method ကနေတစ်ဆင့် private property ကို ပြောင်းလဲခွင့်ပေးခြင်း
    public deposit(amount: number): void {
        if (amount > 0) {
            this.balance += amount;
            console.log(`Deposited: $${amount}. New balance: $${this.balance}`);
        }
    }

    public withdraw(amount: number): void {
        if (amount > 0 && amount <= this.balance) {
            this.balance -= amount;
            console.log(`Withdrew: $${amount}. New balance: $${this.balance}`);
        } else {
            console.log('Insufficient funds or invalid amount.');
        }
    }
}

const myAccount = new BankAccount(1000);

// console.log(myAccount.balance); // Error! 'balance' is private. တိုက်ရိုက်ခေါ်လို့မရပါ။

console.log(myAccount.getBalance()); // 1000

myAccount.deposit(500); // Deposited: $500. New balance: $1500
myAccount.withdraw(200); // Withdrew: $200. New balance: $1300
```

Inheritance

အမွေဆက်ခံခြင်းလို့ ပဲ အလွယ်ပြောရမှာပဲ။ ရှိပြီးသား class (parent class ဒါမှမဟုတ် base class) တစ်ခုရဲ့ property တွေ method တွေကို တခြား class အသစ် တစ်ခု (child class or derived class) တစ်ခု က အမွေ ဆက်ခံပြီး ပြန်လည် အသုံးပြုနိုင်သည့် သဘောမျိုးပါ။ ဒါကြောင့် code တွေ ထပ်ခါ ထပ်ခါ ရေးစရာ မလိုပဲ ပြန်လည် အသုံးပြုနိုင်စွမ်း (code reusability) ကို မြှင့် တင် ပေးပါတယ်။

ဥပမာ

Animal ဆိုသည့် ယေဘူယျ class တစ်ခုမှာ စားသည် အိပ်သည် ဆိုသည့် method ရှိမယ်။ Dog class က Animal class ကို inheritance လုပ်လိုက်ရင် eat(), sleep() ဆိုသည့် function တွေက Dog class မှာ ပါပြီး သား ဖြစ်သွားပါမယ်။ Dog မှာ ကတော့ ကိုယ်ပိုင် bark() ဆိုသည့် functrion တစ် ခု ထပ်ဖြည့် ရှိပါပဲ။

```
// Parent Class (Base Class)
class Animal {
    name: string;

    constructor(name: string) {
        this.name = name;
    }

    eat(): void {
        console.log(`${this.name} is eating.`);
    }
```

```
    sleep(): void {
        console.log(`${this.name} is sleeping.`);
    }
}

// Child Class (Derived Class) - Animal class ကို အမွေဆက်ခံခြင်း
class Dog extends Animal {
    // ကိုယ်ပိုင် method အသစ်
    bark(): void {
        console.log('Woof! Woof!');
    }
}

class Cat extends Animal {
    // ကိုယ်ပိုင် method အသစ်
    meow(): void {
        console.log('Meow!');
    }
}

const myDog = new Dog('Aung Net');
myDog.eat();   // "Aung Net is eating." (Animal class ကနေ အမွေရထားတာ)
myDog.sleep(); // "Aung Net is sleeping." (Animal class ကနေ အမွေရထားတာ)
myDog.bark();  // "Woof! Woof!" (Dog class ရဲ့ ကိုယ်ပိုင် method)

const myCat = new Cat('Mee Phyu');
myCat.eat();   // "Mee Phyu is eating."
myCat.meow();  // "Meow!"
```

Polymorphism

Polymorphism ဆိုတာ ကတော့ ပုံစံ အမျိုးမျိုး ရှိခြင်း လို့ ဆိုနိုင်ပါတယ်။ class တွေက parent class တစ်ခုတည်းက ဆင်းသက်လာပေမယ့် method တစ်ခုတည်းကို တစ်ကောင်ခြင်းစီရဲ့ ကိုယ်ပိုင် ပုံစံ နဲ့ မတူ ပဲ ကွဲပြားစွာ အလုပ်လုပ်နိုင်ပါတယ်။ တနည်းဆိုရင် Method Overriding ပေါ့။

ဥပမာ

Animal class မှာ `makeSound()` ဆိုသည့် method ရှိတယ်။ Dog class က Woof လို့ ဟောင်သည့် ပုံစံ လုပ်ပြီး Cat class က Meow ဆိုပြီး အလုပ်လုပ်စေပါတယ်။

```
class Animal {
    makeSound(): void {
        console.log('Some generic animal sound');
    }
}

class Dog extends Animal {
    // Parent class က makeSound() method ကို Override လုပ်ခြင်း
    makeSound(): void {
        console.log('Woof! Woof!');
    }
}

class Cat extends Animal {
```

```
    // Parent class က makeSound() method ကို Override လုပ်ခြင်း
    makeSound(): void {
        console.log('Meow!');
    }
}

class Cow extends Animal {
    // Parent class က makeSound() method ကို Override လုပ်ခြင်း
    makeSound(): void {
        console.log('Moo!');
    }
}

const animals: Animal[] = [new Dog(), new Cat(), new Cow()];

// animals array ထဲက object တစ်ခုချင်းစီဟာ Animal အမျိုးအစားဖြစ်ပေမယ့်၊
// makeSound() ကို ခေါ်လိုက်တဲ့အခါ သူ့ရဲ့ မူလ class အစစ် (Dog, Cat, Cow) က
// override လုပ်ထားတဲ့ method ကိုပဲ အလုပ်လုပ်သွားပါတယ်။
animals.forEach(animal => {
    animal.makeSound();
});

// Output:
// Woof! Woof!
// Meow!
// Moo!
```

Abstraction

Abstraction ဆိုတာကတော့ object တစ်ခု ရဲ့ ရှုပ်ထွေးသည့် တည်ဆောက်ပုံကို မရေးသားထားတော့ လိုအပ်သည့် class ကသာ ရေးသားခြင်းပါ။ တစ်နည်းပြောရင် Class ကို သုံးမယ့် သူတွေက Class က ဘာအလုပ်လုပ်တယ် ဆိုတာ သိရင်ရပြီ။ ဘယ်လို အလုပ်လုပ် ဆိုတာ သိဖို့ မလိုဘူး။ ဒီ Class မှာ ဒီ function ပါတယ် ဆိုတာ သိရင် ရပြီ။ နောက်တစ်မျိုး ကတော့ ဒီ class ကို extend လုပ် သုံးမယ် ဆိုရင် ဒီ function တွေ မဖြစ်မနေ ထည့်သွင်း ပေးရမယ် ဆိုတာမျိုးကို ဖော်ပြခြင်းပါ။

Typescript မှာ abstract မရှိသည့် အတွက် Java ဖြင့် code ဖော်ပြလိုက်ပါတယ်။

```
// Shape.java

public abstract class Shape {

    // Concrete Method (Implementation ပါတဲ့ သာမန် method)
    // ဒီ class ကို extend လုပ်တဲ့ class တိုင်း ဒီ method ကို အလိုအလျောက် ရရှိပါမယ်။
    public void displayInfo() {
        System.out.println("This is a geometric shape.");
    }

    // Abstract Method (Implementation မပါတဲ့ method)
    // ဒီ class ကို extend လုပ်တဲ့ class တိုင်းက ဒီ method ကို မဖြစ်မနေ implement လုပ်ပေးရပါမယ်။
    public abstract double calculateArea();
}



// Circle.java
```

```java
public class Circle extends Shape {
    private double radius;

    public Circle(double radius) {
        this.radius = radius;
    }

    // Shape class က abstract method ကို Override လုပ်ပြီး implement လုပ်ခြင်း
    @Override
    public double calculateArea() {
        return Math.PI * radius * radius;
    }
}



// Rectangle.java

public class Rectangle extends Shape {
    private double width;
    private double height;

    public Rectangle(double width, double height) {
        this.width = width;
        this.height = height;
    }

    // Shape class က abstract method ကို Override လုပ်ပြီး implement လုပ်ခြင်း
    @Override
    public double calculateArea() {
        return width * height;
    }
}



// Main.java

public class Main {
    public static void main(String[] args) {
        // Shape myShape = new Shape(); // Error! Abstract class ကို object တိုက်ရိုက်ဆောက်လို့
မရပါ။

        // Concrete class တွေကနေ object ဆောက်ခြင်း
        Shape circle = new Circle(5.0);
        Shape rectangle = new Rectangle(4.0, 6.0);

        // Circle object က သူ့ရဲ့ calculateArea() ကို ခေါ်သုံးခြင်း
        System.out.println("Area of Circle: " + circle.calculateArea());

        // Rectangle object က သူ့ရဲ့ calculateArea() ကို ခေါ်သုံးခြင်း
        System.out.println("Area of Rectangle: " + rectangle.calculateArea());

        // Parent class (Shape) က concrete method ကို ခေါ်သုံးကြည့်ခြင်း
        circle.displayInfo();
    }
}

//output
/*
Area of Circle: 78.53981633974483
Area of Rectangle: 24.0
```

```
This is a geometric shape.
*/
```

၁.၄ Agile Manifesto

၁၉၉၀ ပြည့် နောက်ပိုင်းမှာတော့ Waterfall model နှင့် အခြား model တွေက ခေတ်နောက်ကျ လာပါတယ်။ အဓိကတော့ နှေး ပြီး ထိန်းချုပ်မှုတွေ များပါတယ်။ စီးပွားရေးမှာ အမြန်ပြောင်းလဲ နေသည့် ခေတ်ကို ရောက်လာသည့် အမှု Waterfall model က လိုအပ်ချက်တွေ ကို မဖြေရှင်းပေး နိုင်တော့ပါဘူး။

၂၀၀၁ ခုနှစ်မှာ Software Developer ၁၇ ဦး က အမေရိကန် Uta က နှင်းလျှောစီး အပန်းဖြေ စခန်းတစ်ခုမှာ တွေ့ဆုံပြီးတော့ ပြဿနာ ကို ဆွေးနွေးခဲ့ကြပါတယ်။ ပြီးနောက်မှာတော့ မတူညီ သည့် နောက်ခံများမှ လာသော်လည်း လက်ရှိ Software Development အခြေအနေ မှာ တူညီသ ည့် ပြဿနာများကို ဆွေးနွေးခဲ့ကြတယ်။ ပြီးတော့ အစည်းအဝေး ရလဒ် မှာ ကျွန်တော်တို့ အခု နောက်ပိုင်း ခေတ်စားလာသည့် **Agile Software Development အတွက် ကြေညာစာမ်း** ကို ထုတ် ပြန်ခဲ့သည်။

Agile Manifesto မှာ အဓိက တန်ဖိုး လေး ခု ကို အခြေခံထားသည်။

- Individuals and interactions over processes and tools
- Working software over comprehensive documentation
- Customer collaboration over contract negotiation
- Responding to change over following a plan

မြန်မာလို ဘာသာပြန်ရရင်တော့

- ပုဂ္ဂိုလ်များနှင့် အပြန်အလှန်ဆက်ဆံရေးကို လုပ်ငန်းစဉ်များနှင့် ကိရိယာများထက် ပို၍တန်ဖိုးထားခြင်း
- အလုပ်လုပ်သော ဆော့ဖ်ဝဲလ်ကို ပြည့်စုံသော မှတ်တမ်းပြုစုခြင်းထက် ပို၍တန်ဖိုးထားခြင်း
- ဖောက်သည် ပူးပေါင်းဆောင်ရွက်မှုကို စာချုပ်ညှိနှိုင်းခြင်းထက် ပို၍တန်ဖိုးထားခြင်း
- အပြောင်းအလဲကို တုံ့ပြန်ခြင်းကို စီမံကိန်းအတိုင်း လုပ်ဆောင်ခြင်းထက် ပို၍တန်ဖိုးထား ခြင်း

Waterfall နဲ့ လုံးမတူပဲ ကွဲထွက်နေတာ ဖြစ်ပါတယ်။ Agile Development က ပြောင်းလွယ် ပြင် လွယ်မှု ရှိတယ်။ အတူတူ ပူးပေါင်းဆောင်ရွက်မှု နှင့် မကြာခဏခဏ Software တွေကို deliver လုပ်နိုင်မှု တို့ကို အလေးပေးတယ်။ Scrum နှင့် Kanban စသည့် Agile နည်းစနစ် တွေကို အခန်း ၃ မှာ ဖော်ပြပေးပါမယ်။

၁.၅ DevOps, Cloud , AI

Software Engineering ပြောင်းလဲမှု တွေက တောက်လျှောက်ဖြစ်ပေါ်နေပြီးတော့ အခုနောက်ပိုင်းမှာ ပုံမှန် လမ်းကြောင်းအပြင် DevOps, Cloud တို့ဟာ Software Engineering ပိုင်းမှာ ပါဝင်လာပြီးတော့ AI ကလည်း အရေးပါသည့် အခန်း တစ်ခု ဖြစ်လာပါပြီ။

DevOps

Software Development လုပ်သည့် Developer နှင့် IT Operation အကြား အတားအတီး ကို ဖယ်ရှားရန် ရည်ရွယ်ပြီး ဖြစ်ပေါ်လာသည့် ယဉ်ကျေးမှု တစ်လို့ ဆိုရမှာပဲ။ DevOps က အဖွဲ့အစည်းများ အတွက် Software တွေကို မြန်မြန် ယုံယုံကြည်ကြည် deployment လုပ်နိုင်အောင် အထောက်အကူ ပြုသည့် သူတွေပါ။ အဓိက CI/CD pipeline တွေ တည်ဆောက်ခြင်း Development, Staging, Production environment စသည်တို့ ကို အလိုအလောက် deployment လုပ်ပေးနိုင်အောင် ဆောင်ရွက်ပေးထားတာ မျိုးပေါ့။

Cloud

အခုခေတ်မှာ Cloud Computing ကို အပြည့်အဝ အသုံးချပြီး System တော်တော်များများဟာ လည်း Cloud ပေါ်မှာ အလုပ်လုပ်နေကြပါပြီ။ Microservice ကဲ့သို့သော စနစ် များအတွက် Cloud က မဖြစ်မနေ လိုအပ်ပါသည်။ Docker Container , Kubernetes ကဲ့သို့သော နည်းပညာများဟာ လည်း cloud အတွက် အဓိက ကျသည့် အစိတ်အပိုင်း တွေပါပဲ။ AWS , Azure, Google Cloud တို့ဟာ Software Engineer တစ်ယောက် အနေနဲ့ နားလည် ထားသင့်သည့် အထဲမှာ ပါဝင်လာပါတယ်။

AI

ဒီစာအုပ်ရေးသည့် အချိန် ၂၀၂၅ ခုနှစ် အောက်တိုဘာလ မှာ AI က အရေးကြီးသည့် အစိတ်အပိုင်း တစ်ခု စတင်ဖြစ်လာပါပြီ။ Vibe Coding , LLM , RAG , Fine Tuning စသည် တို့ ဟာလည်း developer တိုင်း နဲ့ မစိမ်းတော့ပါဘူး။ Github Copilot, Claude စသည့် AI အကူအညီ နဲ့ Software များ မြန်မြန် ရေးနိုင်ခြင်း Error များကို ရှာဖွေခြင်း code review လုပ်ခြင်း တို့ ကို လုပ်ပေးနိုင်ခြင်းကြောင့် Software Engineering အပိုင်း ကို နောက်နှစ် အနည်းငယ် အတွင်းမှာ ထပ်ပြီး ပြောင်းလဲမှု တွေ ဖြစ်လာပါအုံးမယ်။

အခန်း ၁ ဟာ မိတ်ဆက်သဘော အကျဉ်းချုပ်ဖြစ်ပြီး နောက်ပိုင်း အခန်းတွေမှာ Software Engineering နဲ့ သက်ဆိုင်ရာ အကြောင်းအရာများကို အကျယ် ဖော်ပြပေးသွားပါမယ်။

အခန်း ၂ :: Process

Waterfall ကို မစခင်မှာ Software Engineering တစ်ယောက် အနေနဲ့ ဦးစွာ သိသင့်တာကတော့ Software Development Life Cycle (SDLC) ပါ။ Waterfall ကတော့ ရှေး အကျဆုံး နဲ့ လူ အသိ များဆုံး နည်းစနစ် တစ်ခုပါ။ Waterfall မစခင်မှာ SDLC အပိုင်းကို ဦးစွာ နားလည် ဖို့ လိုပါတယ်။

၂.၁ Software Development Life Cycle

Software Development Life Cycle (SDLC) ဆိုသည်မှာ software တစ်ခု ကို ဖန်တီးသည့် အခါမှာ လိုက်နာဆောင်ရွက် ရသည့် လုပ်ငန်းစဉ် framework တစ်ခု လို့ ဆိုရပါမယ်။ ဥပမာ အိမ် တစ်လုံး မဆောက်မီ အင်ဂျင်နီယာက Plan ချခြင်း ၊ လိုအပ်သည့် ပစ္စည်းများ ကို တွက်ချက်ခြင်း ၊ အိမ်အုတ်မြစ်ချခြင်း ၊ တည်ဆောက်ခြင်း ၊ အပြီးသတ် ဆေးသုတ်ခြင်း ၊ ပြုပြင်ထိန်းသိမ်းခြင်း စသည် တို့ကို အဆင့်ဆင့် လုပ်ဆောင်ရ သလို ပဲ Software ရေးသားရာတွင် စိတ်ကူးရှိရာ ရေးသားခြင်း မဟုတ်ပဲ စနစ်တကျ အစီအစဉ်များ ချမှတ်ပြီး ဆောင်ရွက်ရပါတယ်။ ဤ သို့ လုပ်ဆောင့် သည့် အဆင့်ဆင့် ကို Software Development Life Cycle ဟု ခေါ်ပါသည်။
SDLC ရဲ့ အဓိက ရည်ရွယ် ချက် က Software ဖန်တီး မှု လုပ်ငန်း တစ်ခုလုံး ရှင်းရှင်း မြင်သာစေရန် ၊ ပါဝင် သူ အားလုံး (project manager, developer, designer, client) တို့ က မိမိ ရဲ့ တာဝန် နှင့် လုပ်ဆောင်ရမည့် အရာများများကို တိတိကျကျ ရှင်းရှင်းလင်းလင်း သိစေရန် ၊ သုံးစွဲသူ End User ၏ လိုအပ်ချက် နှင့် ကိုက်ညီသည့် အမှားအယွင်း နည်းသည့် software တစ်ခု ထုတ်လုပ်နိုင်ရန် ဖြစ်သည်။
SDLC တွင် အောက်ပါ အဆင့်များ ပါဝင်သည်။

စီမံကိန်း ရေးဆွဲခြင်း (Planning)

ပထမဆုံး အရေးကြီးဆုံး အခြေခံ အဆင့် ဖြစ်သည်။ မည်သည့် Software ကို ဘာအတွက် လုပ်မည် ၊ မည်သူ တွေ သုံးစွဲမည် ၊ အရင်းအနှီး နှင့် အချိန် ဘယ်လောက် သုံးမည်၊ နည်းပညာ ပိုင်း အရ ငွေကြေးပိုင်း အရ ပါ ဖြစ်နိုင်ချေ ရှိ မရှိ စသည် တို့ကို လေ့လာသုံးသပ်ပြီး project တစ်ခုလုံး၏ Road Map (လမ်းပြမြေပုံ) ကို ရေးဆွဲရန် ဖြစ်သည်။

လိုအပ်ချက်များ စုဆောင်းခြင်း (Requirement Analysis)

Project သုံးစွဲသူ (Client) နှင့် သက်ဆိုင်သူများ (Stakeholder) တို့ ဆီကနေ ပါဝင်မည့် feature များ လုပ်ဆောင်ရမည့် function များ အသေးစိတ် ကို စုဆောင်းရပါတယ်။ ဒီအဆင့်မှာ client က ဘာလိုချင်တာလဲ တကယ်လိုအပ်တာ က ဘာလဲ။ အဓိက ပြဿနာ က ဘာလဲ ။ နောက်ပြီး တကယ် အသုံးပြုသူတွေက ဘယ်သူတွေလဲ။ သူတို့ ရဲ့ လက်ရှိ အသုံးပြုနေသည့် စနစ် က ဘာလဲ ဆိုတာ ကို နားလည် ဖို့ လိုပါတယ်။ ဒီအဆင့် က ကိုယ် ရေးဆွဲမည့် စနစ် ရဲ့ domain knowledge , client ဖန်တီးခြင်သည့် စနစ် ဒါတွေကို နားလည် အောင် လုပ်ပြီး အချက်အလက်တွေကို စိစစ်သုံးသပ်ရပါမယ်။ ပြီးရင်တော့ “Software Requirement Specification (SRS)” လို့ ခေါ်သည့် document ကို ဖန်တီး ဖို့ လိုပါတယ်။ SRS က အရေးပါပါတယ်။ နောက်အဆင့် အတွက် အဓိက လမ်းညွှန်ချက် လို့ ဆိုရပါမယ်။ နောက်ပြီး client နဲ့ software ဖန်တီးမည့် developer သို့မဟုတ် company နဲ့ သဘောတူ ညီ မှု ရှိပြီး နှစ်ဘက်လုံး နားလည် ထားသည့် Requirement ဆိုတာ ရှင်းလင်း ဖို့ အတွက်ပါ။

ဒီဇိုင်း ရေးဆွဲခြင်း (Design)

SRS ကို အခြေခံပြီး Software Architecture တစ်ခုလုံး ရေးဆွဲဖို့ လိုအပ်ပါသည်။ မည်သည့် programming language, database , framework စသည်တို့ ကို အသုံးပြုမယ် ဆိုတာကို ဆုံးဖြတ်ဖို့ လိုအပ်ပါသည်။ Software မှာ ပါဝင်သည့် Modules များ နှင့် Modules အချင်းချင်း ဘယ်လို ချိတ်ဆက် အလုပ်လုပ်မယ် ဆိုတာ ကို ပုံစံချ ဖို့ လိုအပ်ပါတယ်။ User Interface (UI) , User Expereince (UX) တို့ ကို ဒီ အဆင့်မှာ ရေးဆွဲသင့်ပါတယ်။

အကောင်အထည်ဖော်ခြင်း (Development)

သေချာသည့် Requirement , ရေးဆွဲမည့် UI , System Architecture တွေ ပြည့်စုံ ပြီ ဆိုရင် coding စရေးသားဖို့ အဆင်သင့် ဖြစ်ပါပြီ။ ဤအဆင့်ဟာ software development ၏ လုပ်ငန်းစဥ် ရဲ့ အဓိက အပိုင်း ဖြစ်ပြီး အချိန် အများဆုံး ယူရပါတယ်။

စမ်းသပ်စစ်ဆေးခြင်း (Testing)

ရေးသားပြီးစီးသွားသည့် Software များကို သတ်မှတ်ထားသည့် လိုအပ်များ နဲ့ ကိုက်ညီမှု ရှိမရှိ ၊ requirement အတိုင်း အလုပ် လုပ် မလုပ် ၊ လက်ရှိ ရေးဆွဲထားသည့် Software မှာ အမှား အယွင်း များ ရှိမရှိ (bugs) ရှိမရှိ တို့ကို Quality Assurance (QA) team က စနစ်တကျ စစ်ဆေး ဖို့ လိုအပ် ပါတယ်။ တွေ့ရှိထားသည့် bugs တွေကို developer တွေကို ပြန်ပြောပြီး developer များကို ပြန်ပြင် ရေးဆွဲရပါတယ်။

ထိန်းသိမ်းပြုပြင်ခြင်း (Maintenance)

Software တွေဟာ ဘယ်တော့မှ ပြီးဆုံးသွားတယ် မရှိပါဘူး။ သုံးနေသည့် အချိန်မှာပဲ bugs တွေ ပေါ်လာတာ တစ်ခါမှ ထည့်မစဥ်းစားထားသည့် user story တွေ ပေါ်လာသည့် ပြဿနာတွေ ဖြေရှင်းရသလို security အားနည်းချက်ကြောင့် ဖြစ်လာသည့် ပြဿနာ တွေလည်း ဖြေရှင်းရပါတယ်။ တစ်ခါတစ်လေ အသုံးပြုသူ သုံးစွဲသည့် OS နဲ့ မကိုက်ညီ တာ device နဲ့ မကိုက်ညီ တာ တွေကြောင့် ဖြစ်သည့် ပြဿနာ အသစ်တွေကို ထပ်ဖြေရှင်း ရတာ ပုံမှန် ပါပဲ။ ခေတ်နှင့် အညီ feature တွေ ပြောင်းလဲတာ OS ပြောင်းလဲ မှု ကြောင့် ပြန်ပြင်ရတာ အသုံးပြုသည့် framework, language version အသစ်ကြောင့် ခေတ်နဲ့ အမှီ ဖြစ်အောင် ပြန်ပြင်ရတာ တွေ ရှိပါတယ်။ ဒီ အဆင့်မှာ software သုံးနေသည့် သက်တမ်း တစ်လျှောက်လုံး ဆက်လက် တည်ရှိနေမှာပါ။

၂.၁ Waterfall



SDLC နဲ့ Waterfall ဟာ ရုတ်တရက် ကြည့်ရင် တူသလို ရှိပေမယ့် မတူညီ ကြပါဘူး။ SDLC က Software တစ်ခု ဖန်တီးသည့် အခါ ဘယ်အဆင့်တွေ ပါမယ် ဘယ်လို ဆောင်ရွက်သင့် သလဲ ဆိုတာကို ဖော်ပြထားတာပါ။ Waterfall Model ကတော့ အသေးစိတ် အချက်အလက်တွေ ပါဝင်ပါတယ်။ ဘယ် အဆင့် ကို ဘယ်လို ဖန်တီး မယ် ဘာတွေလုပ်ရမယ်ဆိုတာ ပါဝင်ပါတယ်။
Waterfall အပြင် အခြား Agile , Spiral , Iterative စသည် တို့ ကို သုံးဆွဲသည့် အခါမှာလည်း SDLC က ပါဝင်နေပါတယ်။
Waterfall မှာ အဆင့် ၅ ဆင့် ကနေ ၇ ဆင့် ထိ ပါဝင်ပါတယ်။ အခြေခံကျ ပြီး အသုံးပြုလေ့ ရှိသည့် အဆင့်တွေကို သာ ဒီ စာအုပ်မှာ ဖော်ပြထားပါတယ်။

၁။ လိုအပ်ချက်များ စုဆောင်းခြင်း (Requirement Gathering and Analysis)

Project Team က သုံးစွဲသူ (client) ၊ project နှင့် သက် ဆိုင်သူများ (Stakeholders) နှင့် တွေ့ဆုံးပြီး Software က ဘာတွေ လုပ်ဆောင်ပေးမယ် ၊ ဘယ် feature တွေ ပါဝင်ရမည် စသည့် အသေးစိတ် requirement အားလုံး ကို စုဆောင်းရပါတယ်။ စုဆောင်းရရှိလာသည့် အချက်အလက်များကို သေချာစွာ စိစစ် သုံးသပ်ပြီး "Sofware Requirement Specificatio (SRS)" လို့ ခေါ်သည့် Document ကို ဖန်တီးရပါတယ်။ SRS ဟာ အရမ်းအရေးပါပါတယ်။ နောက်တချိန် client နဲ့ စကားပြော သည့် အခါမှာ SRS ထဲမှာ ပါ မပါ အချက်အလက် နဲ့ ကိုင်ပြီး နှစ်ဦး နှစ် ဖက် ဆွေးနွေးရပါတယ်။ အကယ်၍ ကိုယ်တိုင် ဦးဆောင်ပြီး Software တစ်ခုကို client အတွက် ရေးဆွဲပေးမယ် ဆိုရင် မည်သည့် စနစ် ပဲ သုံးပြီး development လုပ်လုပ် SRS ကို ကိုင်ထားဖို့ လိုပါတယ်။ ပုံမှန် အားဖြင့် client တွေက လိုအပ်သည့် feature တွေကို နောက်ပိုင်းမှ သတိရပြီး ထည့်သွင်းဖို့ ကြိုးစားတတ်ပြီး dead line နဲ့ မမှီ ဖြစ်တတ်ပါတယ်။ SRS ကို အသုံးပြုခြင်းအားဖြင့် SRS အသစ် ပြန်လည် ရေးဆွဲခြင်းဖြင့် dead line ကို ပြန်ပြီး သက်တမ်း တိုး သင့်ပါတယ်။ ဒီ အဆင့်မှာ Client နဲ့ Software ရေးဆွဲ သူ အသေအချာ အသေးစိတ် ဆွေးနွေး ထားဖို့ လိုပါတယ်။ ပုံမှန် development လုပ်သည့် အခါမှာ SRS document မဖန်တီး ပဲ လုပ်သည့် အခါမှာ မပြီးဆုံးနိုင်သည့် software project ပေါင်းမြောက်မြားစွာ ပေါ်ပေါက်လာ စေပါတယ်။ ဒီ အဆင့်ပြီး ဆုံးသွားပြီဆိုရင် waterfall မှာ ပြန်လည် ပြောင်းလဲ ရန် အရမ်းကို ခက်ခဲ ပါတယ်။

၂။ စနစ် ဒီဇိုင်း ရေးဆွဲခြင်း (System Desing)

Requirement အဆင့် မှ ရရှိလာသည့် SRS Document ကို အခြေခံပြီး System Architect များနှင့် Developer များက Software တည်ဆောက်ပုံ တစ်ခုလုံးကို Design ရေးဆွဲ ပါတယ်။ ဒီ အဆင့်မှာ အပိုင်း နှစ်ပိုင်း ခွဲခြား နိုင်ပါတယ်။

High Level Design (HLD)

Software ရဲ့ အဓိက အစိတ် အပိုင်း များ (Modules) ၊ Module တစ်ခု နှင့် အတစ်ခု အပြန်အလှန် ဆက်သွယ် လုပ်ဆောင်ပုံ (Architecture) နှင့် Database Design လိုမျိုး diagram design တွေကို High Level Design လို့ သတ်မှတ်ပါတယ်။ ကြည့်လိုက်တာနဲ့ ဘယ်လို ဖန်တီးမယ် ဆိုတာကို အပေါ်ယံ နားလည် သဘောပေါက် စေသည့် ပုံစံမျိုးတွေပေါ့။

Low-Level Design (LLD)

Module တစ်ခု ချင်းစီရဲ့ အတွင်းပိုင်း အသေးစိတ် လုပ်ဆောင်ပုံ (Logic) , Function , Alogrithm များနှင့် Data Structure များကို အသေးစိတ် ရေးဆွဲထားခြင်းပါ။

ဒီလိုရေးဆွဲထားသည့် Design ပုံစံ များ အသုံးပြုမည့် Technology သတ်မှတ်ချက်များ ပါဝင်သည့် နောက်ထပ် Document တစ်ခု ထပ်လုပ်ပါတယ်။ Design Document လို့ ခေါ်ပါတယ်။ စနစ်တစ်ခုလုံး လုပ်ဆောင်ပုံ ကို နောင်တချိန် အသေးစိတ် စနစ် ထဲ ဝင်မကြည့်ပဲ Design Document ကို ကြည့်ပြီး နားလည် နိုင်ပါတယ်။ ဥပမာ Storage ကို Local Storage သုံးထားလား S3 သုံးထားလား ။ Cache ကို Redis လား Memcached လား ၊ Queue service ကို redis သုံးထားလား RabbitMQ သုံးလား စသည် တို့ကို နားလည် စေနိုင်ပါတယ်။

၃။ အကောင်အထည်ဖော်ခြင်း (Implementation / Coding)

Design အဆင့်ပြီးဆုံးသွားသည့် အခါ Developer များက Design Document ကို လမ်းညွှန် အဖြစ် အသုံးပြုပြီး Program Code များကို စတင်ရေးသားပါတယ်။ Project မှာ ပါဝင်သည့် Modules များ Feature များကို ခွဲခြမ်းပြီး Developer တစ်ဦးခြင်း သို့မဟုတ် Team တစ်ခု စီ က တာဝန်ယူပြီး ရေးသားကြပါတယ်။ ဒီအဆင့်က အချိန် အများဆုံး ပေးရသည့် အဆင့်တစ်ခုပါ။

၄။ စမ်းသပ်ခြင်း (Testing)

Coding ရေးသားပြီးသည့် အခါမှာတော့ Quality Assurance (QA) Team က စမ်းသပ် စစ်ဆေးရပါတယ်။ Software များသည် သတ်မှတ်ထားသည့် requirement များ အတိုင်း ကိုက်ညီမှု ရှိမရှိ SRS အတိုင်းလိုက်နာ ထားမှု ရှိမရှိ စသည် တို့ ကို စစ်ဆေးရပါတယ်။ တွေ့ရှိသည့် bugs နှင့် error များကို development team ကို ပြန်လည် ပေးပို့ပြီး ပြင်ဆင်စေရပါတယ်။ ပြင်ဆင်ပြီးသည့် အခါ နောက်တကြိမ် test လုပ်ပြီး bugs များ ရှင်းလင်း မှသာ ဒီ အဆင့် ပြီးဆုံးပါတယ်။ Testing အမျိုးအစားများမှာ

- Unit Testing , Module တစ်ခုခြင်းဆီ ကို စစ်ဆေးခြင်း , Module များအတွက် Test Case များကို ဖန်တီးထားပြီး ပုံမှန် အားဖြင့် Developer များက ထို Test Case များကို ရေးသားပါတယ်
- Integration Testing: Module များကို ပေါင်းစပ်ပြီး အခြင်းခြင်း အပြန်အလှန် ချိတ်ဆက်ပြီး လုပ်ဆောင်လား မှန်ကန်မှု ရှိလား စစ်ဆေးခြင်း
- System Testing : Software တစ်ခုလုံး ပေါင်းစမ်းပြီး System တစ်ခုလုံး အနေဖြင့် စစ်ဆေးခြင်း
- User Acceptance Testing : သုံးစွဲသူ (Client) ကိုယ်တိုင် အသုံးပြုစမ်းသပ်စေပြီး ၎င်းတို့၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိမရှိ အတည်ပြုချက်ရယူခြင်း

၅။ ထုတ်ဝေ အသုံးပြုခြင်း (Deployment/ Installation)

Testing အဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီးနောက် Software ကို သုံးစွဲသူ များ အသုံးပြုနိုင်ရန် Production Server ပေါ်သို့ တင်ခြင်း သို့မဟုတ် User များ၏ device ထဲ သို့ ရောက်အောင် App Store, Play Store တို့ ပေါ်တွင် တင်ခြင်း စသည်တို့ ကို လုပ်ဆောင်ပြီး User များ အသုံးပြုနိုင်အောင် ဖန်တီးရသည်။

၆။ ထိန်းသိမ်းပြုပြင်ခြင်း (Maintenance)

Software ကို အသုံးပြုသူများ ထံ ဖြန့်ချီ ပြီးနောက် ပေါ်ပေါက်လာနိုင်သော ပြဿနာ များကို ဖြေရှင်း ပေးခြင်း လုပ်ဆောင်ချက် အသစ်များ ကို ထည့်သွင်းခြင်း OS များ update ဖြစ်တာ နှင့်အညီ ပြန်လည် ပြင်ဆင်ခြင်း စသည် ဖြင့် ထိန်းသိမ်း ပြုပြင် အဆင်မြှင့်ခြင်းကို Software သုံးစွဲနေသမျှ ဆက်လက်ပြီး လုပ်ဆောင်နေရပါတယ်။

အားသာချက်

- ရိုးရှင်း လွယ်ကူပြီး နားလည် လွယ်ခြင်း
- ခိုင်မာသည့် ဖွဲ့စည်းပုံရှိခြင်း
- ပြီးပြည့်စုံသည့် Documenation များ ရှိခြင်း
- ကြာမည် အချိန် ကုန်ကျငွေ တို့ ကို ခန့်မှန်း ရလွယ်ကူခြင်း

အားနည်းချက်

- ပြောင်းလွယ် ပြင်လွယ်မရှိခြင်း
- အကုန်ပြီးမှ ရလဒ်ကို မြင်ရခြင်း
- Development လုပ်နေချိန်တွင် သုံးစွဲ သူ ၊ Customer များဖြင့် အချိတ်အဆက် ပြတ်တောက်ခြင်း
- Risk များခြင်း

Waterfall ကို တိကျ ခိုင်မာပြီး ပြုပြင်ပြောင်းလဲခြင်း မရှိသည့် အစိုး ဌာနများ Corporation များတွင် ယနေ့ တိုင် အသုံးပြုနေဆဲ ဖြစ်သည်။ ထို့အပြင် သေးငယ်သည့် project များ အတွက်လည်း သင့်တော်ပါသည်။ ထို့အပြင် ပြောင်းလဲမှု မရှိသည့် စနစ် များ တွင်လည်း အသုံးပြုနိုင်ပါသည်။ တနည်းဆိုလည်း Waterfall သည် ခေတ်နောက်ကျ နေသည့် နည်းစနစ်ဖြစ်သောလည်း ယနေ့ တိုင် အသုံးပြုနေသည့် နေရာများစွာ ရှိသကဲ့သို့ အသုံးဝင်သည့် နေရာများလည်း ရှိနေသေးသည်။

၂.၃ Iterative and incremental development



Iterative and Incremental Development ဆိုသည်မှာ Waterfall Model လို မဟုတ်တော့ပဲ project အကြီး ကို အပိုင်းငယ်လေးတွေ ခွဲခြမ်းပြီး ထပ်ခါ ထပ်ခါ တည်ဆောက် ပြုပြင် တိုးချဲ့ သွားသည့် နည်းလမ်း ဖြစ်ပါတယ်။ သတိထားရမှာက Iterative Model က Agile မတိုင်ခင် က တည်း က တည်ရှိနေခြင်း ဖြစ်ပါသည်။ Agile က IID ရဲ့ အခြေခံ နည်းလမ်း ကို ယူသုံးပြီး ပိုမိုကောင်းမွန် အောင် ပုံဖော်ထားသည့် ဘဘောပါ။ Agile ရဲ့ အခြေခံ အုတ်မြစ် လို့ ဆိုရမှာပေါ့။

ဒီနည်းလမ်းမှာ အယူအ နှစ် ခု ရှိပါတယ်။

၁။ Incremental Development (အပိုင်းလိုက် တိုးမြင့်တည်ဆောက်ခြင်း)

Software တစ်ခုလုံးကို Waterfall ကဲ့သို့ အစအဆုံး မတည်ဆောက်ပဲ အလုပ်လုပ်နိုင်သည့် အပိုင်း ငယ်များ (increment) လေးများ အဖြစ် ခွဲထုတ်ပြီး တစ်ခုပြီး တစ်ခု ထပ်ပေါင်းကာ တည်ဆောက် ခြင်းဖြစ်သည်။

ဥပမာ

- Increment 1 : User Login နှင့် Register လုပ်ဆောင်ချက်ကို အပြီးသတ် တည်ဆောက်သည်
- Increment 2: Increment 1 တွင် News Feed ပြသည့် အချက်အလက် ထပ်ပေါင်းထည့်သည်
- Increment 3: Increment 2 တွင် Comment ရေးသည့် လုပ်ဆောင်ချက် ထပ်ပေါင်းထည့်သည်

Increment တစ်ခုပြီး တိုင်း သုံးစွဲသူ အမှန်တကယ် အသုံးပြုနိုင်သည့် Software အပိုင်း တစ်ခု ထွက်ပေါ်လာသည်။ ဒီအချက်က အရေးပါပါတယ်။ Increment တစ်ခု တိုင်းဟာ သုံးစွဲ အနေ တကယ် သုံးစွဲလို့ ရသည့် အပိုင်း ဖြစ်နေဖို့ လိုပါတယ်။

၂။ Iterative Development (ထပ်ခါထပ်ခါ ပြုပြင်ပြောင်းလဲခြင်း)

Software ကို အကြမ်းထည် ပုံစံ ကနေ စတင်ပြီး သုံးစွဲသူ သို့မဟုတ် team ထံ ကနေ အကြံပြု ချက်များ ကို ရယူပါတယ်။ ရလာသည့် feedback အကြံပြုချက်တွေကို ပြန်လည် မွန်းမံ ပြီး တည်ဆောက်ပါတယ်။ တနည်းပြောရင် ဖန်တီး → စမ်းသပ် → အကြံပြုချက် → ပြုပြင် ဆိုသ ည့် လုပ်ငန်းစဥ် cycle ကို Software ၏ အရည်အသွေး သတ်မှတ်ချက် မှီသည် အထိ အကြိမ်ကြိမ် ထပ်ခါထပ်ခါ လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

ဥပမာ အားဖြင့် Increment 2 လုပ်ဆောင်နေစဥ် မှာ Increment 1 ၏ feedback များ ဝင်ရောက်လာ သည့် အခါ တစ်ခါတည်း ထည့်သွင်းပြင်ဆင် လုပ်ဆောင်ခြင်း မျိုးပါ။ ဥပမာ News Feed ရေးနေ သည့် အချိန်မှာ Login , Register အပြင် Google Login ပါလိုသည့် feedback အတွက် တစ်ခါတည်း ထည့်သွင်း ဖန်တီးခြင်း မျိုးပါ။

၂.၄ Spiral Model



Barry Boehm က ၁၉၈၆ ခုနှစ် မှာ စတင်မိတ်ဆက်ခဲ့သည့် Model ပါ။ အဓိက Risk Analsis ကို အလေးပေးထားခြင်း ဖြစ်ပါသည်။ Waterfall Model နှင့် Iterative Model ၏ ထပ်ခါတစ်လဲလဲ ပြန်လည် တည်ဆောက်မှု ကို ပေါင်းစပ်ထားသည့် နည်းလမ်း တစ်ခုပါ။

အလုပ်လုပ်ပုံ

ပုံပါ အတိုင်း ခရုပတ် ပုံစံ သို့မဟုတ် ဝက်အူရစ် (Sprial) ပုံစံ အတိုင်း အလုပ်လုပ်ပါသည်။ Project က အလယ်ဗဟိုမှ စတင်ပြီး ခရုပတ် ပုံစံဖြင့် တဖြည်းဖြည်း တိုးချဲ့ သွားသည့် ပုံပါ။ တစ်ပတ် စီတိုင်းမှာ အဆင့် ၄ ဆင့် ကို ထပ်ခါ ထပ်ခါ လုပ်ဆောင်ပါတယ်။

၁. Planning

ဒီအဆင့်မှာ objectives များ requirement များ နှင့် အခြား ရှယ်ချယ်စရာ လမ်းကြောင်းများကို သတ်မှတ် ပါသည်။

၂. Risk Analysis

ဒီအဆင့်က အရေးကြီး ဆုံး အပိုင်း ဖြစ်ပါသည်။ သတ်မှတ်ထားသည် objective များအတွက် နည်းပညာဆိုင်ရာ သို့မဟုတ် စီမံခန့်ခွဲ မှု ပိုင်းဆိုင်ရာ Risk တွေကို ရှာဖွေ ခြင်း သုံးသပ်ခြင်း ဖြေရှင်း ရန် နည်းလမ်းများ ရှာဖွေ ပြင်ဆင်ခြင်း တို့ကို လုပ်ဆောင်ရပါတယ်။

၃. Engineering (တည်ဆောက်ခြင်း)

Software ကို အမှန်တကယ် တည်ဆောက် (Develop) ပြီး စမ်းသပ် စစ်ဆေး (Test) လုပ်ဆောင်ပါသည်။ အစောပိုင်း ခရုပတ် ပုံစံ တွင် Prototype သို့မဟုတ် Proof Of Concept ကို တည်ဆောက်ကြပါတယ်။

၄. Evaluation (သုံးသပ် အကဲဖြတ်ခြင်း)

သုံးစွဲသူ က ရရှိလာသည့် product ကို စမ်းသပ် သုံးစွဲ ပြီး feedback များ ပြန်လည်ပေးပါတယ်။ ရလာသည့် feedback ပေါ်မှာ မူတည်ပြီး နောက်အပတ် လုပ်ဆောင် ရမည့် Next Iteration အတွက် Planning ပြန်လည် စတင်ပါတယ်။

ဒီ အဆင့် ၄ ဆင့် ကို Project ပြီးဆုံးသည် အထိ အကြိမ်ကြိမ် ထပ်ခါ ထပ်ခါ လုပ်ဆောင် ပါတယ်။

Spiral Model မှာ ပြဿနာ မဖြစ်လာခင် Risk များကို စောစီးစွာ ရှာဖွေပြီး ဖြေရှင်းထားခြင်း ဖြစ်ပါတယ်။ Compelx ဖြစ်သည့် project များ risk များသည့် project များ အတွက် အဆင်ပြေသော်လည်း လုပ်ငန်းစဥ်က ရှုပ်ထွေးပြီး Risk Analysis အတွက် ကျွမ်းကျင်သူများ လိုအပ်ပါတယ်။ Risk Analysis က ကောင်းမွန်သောလည်း အချိန် နှင့် ငွေ ကုန်ကျ မှု ရှိနိုင်တာ ကို သတိထားသင့်ပါတယ်။ နောက်ပြီး Project အသေးလေးတွေ အတွက် လုံးဝ သင့်တော်မှု မရှိပါဘူး။

၂.၅ V-Model



Waterfall Model ကို တိုးချဲ့ထားသည့် ပုံစံ တစ်ခု လို့ ဆိုနိုင်ပါတယ်။ Waterfall မှာ အဓိက အားနည်းချက် ဖြစ်သည့် Testing ကို Development ပြီးမှ လုပ်ဆောင်ခြင်း အစား V-Modal က Development အဆင့်တိုင်း မှာ သက်ဆိုင်ရာ Testing အဆင့်တစ်ခု ကို တစ်ပါတည်း ယှဉ်တွဲ သတ်မှတ်ထားပါတယ်။

အလုပ်လုပ်ပုံ

V ပုံစံ ၏ ဘယ်ဘက် မှာ Verification သို့မဟုတ် Development အဆင့် များကို ကိုယ်စားပြုပြီး ညာဘက် ခြမ်း ကတော့ Validation သို့မဟုတ် Testing အဆင့် များကို ကိုယ်စားပြုပါတယ်။

Verification & Development (ဘယ်ဘက်အခြမ်း အပေါ်မှ အောက်)

၁။ Concept Of Operations

Customer ၏ လိုအပ်ချက်များကို သတ်မှတ်ပါသည်။ Business Need က ဘာလဲ။ ဘာတွေကို အဓိက သတ်မှတ်သည့် အဆင့်ပါ

၂။ Requirements and Architecture

ရလာသည့် Requirement ပေါ် မူတည်ပြီး Software တစ်ခုလုံး ၏ တည်ဆောက်ပုံ Architecture ကို ရေးဆွဲပါတယ်

၃။ Detail Design

Architecture ကြီးထဲမှ Module တစ်ခုချင်းစီ ရဲ့ အသေးစိတ် design ကို ရေးဆွဲပါတယ်

၄။ Implementation

နောက်ဆုံး အဆင့် Code ကို စတင်ရေးသားပါတယ်။

Validation & Testing (အောက်မှ အပေါ်)

Coding ပြီးသွားသည့် အခါမှာတော့ အောက်မှ အပေါ်သို့ ပြန်တက်လာပြီး အောက်ပါ အဆင့်များ ကို လုပ်ဆောင်ပါတယ်။

၁။ Integration, Testing and Verification

Module တစ်ခု ခြင်းစီ မှန်ကန် စွာ အလုပ်လုပ်ရဲ့ လား Module တိုင်း က အလုပ်လုပ်ရဲ့လား စစ်ဆေးပါတယ်။ Module တိုင်းရဲ့ Unit Testing အလုပ်လုပ်ရဲ့လား စစ်ဆေးပါတယ်။

၂။ System Verification and Validation

စနစ် တစ်ခုလုံး စစ်ဆေးသည့် အဆင့်ပါ။ Architecture Design အတိုင်း အလုပ်လုပ်ရဲ့လား Detail Design အတိုင်း အလုပ်လုပ် ရဲ့လား , Function တွေ ပြည့်စုံ မှု ရှိရဲ့လား စစ်ဆေးခြင်းပါ။ Software ကို တကယ် သုံးစွဲ သူ တွေကို ပေးပြီး အဆင်ပြေမပြေ အတည်ပြုစစ်ဆေးတာပါ

၃။ Operation Maintenance

သုံးစွဲသူ ဆီ ကို Software (Product) ရောက်သွားပြီး နောက်ပိုင်း (Post Deployment) မှာ လုပ်ဆောင်ရတဲ့ အဆင့်ပါ။ Software အသုံးပြုနေစဥ် မှာ ပေါ်ပေါက်လာသည့် ပြဿနာတွေကို ပြုပြင်ထိန်းသိမ်း တာပါ။

V-Model ရဲ့ အဓိက အားသာချက်က Testing ကို အစောကြီး လုပ်ခြင်းပါ။ Development အဆင့် စပြီ ဆိုတာ နှင့် သက်ဆိုင်သည့် Testing , Test Plan များကို ကြိုတင်ရေးဆွဲ ထားနိုင်ပါတယ်။ ဒါပေမယ့် Waterfall Model အတိုင်း အဆင့်တစ်ခု ပြီးပါက နောက်ပြန်လှည့် လို့ မရပါဘူး။ Requirement တွေ ပြောင်းလဲ ဖို့ အလွန်ခက်ခဲပါတယ်။

အခန်း ၃ :: Agile Development

Waterfall လိုမျိုး ရှေးရိုးစွဲ နည်းလမ်းတွေ ရဲ့ အားနည်းချက်တွေက ပြုပြင်မလွယ်ဘူး။ အဆင့်တဆင့်ပြီးသွားရင် ပြန်ပြင်မရတော့ဘူး။ အရင်က အဆင်ပြေခဲ့ပေမယ့် နောက်ပိုင်းမှာ web development တွေ ခေတ်စားလာတာ နဲ့ အညီ web software တွေ အများကြီးဟာ 2000 ဝန်းကျင်မှာ ခေတ်စားလာတယ်။ တနည်းပြောရင် ရှေးရိုးဆွဲ distribution ပုံစံ မဟုတ်တော့ပဲ website ပေါ်မှာ deployment မြန်မြန် လုပ်လို့ရလာတယ်။ တနည်းပြောရင် သမာရိုးကျ နည်းလမ်းကနေ ပိုမိုမြန်ဆန်ပြီး user တွေ နဲ့ မြန်မြန် ဆန်ဆန် ထိတွေ့ ဆက်ဆံ သည့် နည်းလမ်း ပြောင်းလဲလာသည့်သဘောပဲ။ bugs တွေ ရှိတယ်။ user က တောင်းဆိုသည့် feature တွေ ရှိတယ်။ လိုလည်း လိုအပ်တယ်။ user ကလည်း တောင်းဆိုနေတယ်။ Software မှာ ချက်ခြင်း ထည့်မရဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ waterfall process က requirement အဆင့် planning အဆင့်ပြီးသွားလို့ development လုပ်နေသည့် အဆင့်ဖြစ်တယ်။ ဒီ feature ကို ထပ်ဖြည့်မယ် ဆိုရင် အစ ကနေ ပြန်စရမယ်။ ဒီလို ပြဿနာ တွေ အများစုက ၂၀၀၀ ဝန်းကျ web 2.0 ခေတ်စားလာတာနဲ့ အညီ စပြီး ကြုံတွေ့ရသည့် ပြဿနာပဲ။

အခန်း ၁ မှာ ပြောခဲ့သလိုမျိုး ၂၀၀၁ ခုနှစ်မှာ Software Developer ၁၇ ဦးက Agile Manifesto ကို ထုတ်ပြန်ခဲ့ပြီး Software Development ပုံစံကို ပြောင်းလဲ စေခဲ့တယ်။ အဓိက တန်ဖိုး ၄ ခု နှင့် principles ၁၂ ခု ပါဝင်ပါတယ်။

၃.၁ The Four Values နှင့် Twelve Principles

တန်ဖိုးထားမှု ၄ ခု (The Four Values)

အခန်း ၁ တွင် ဖော်ပြခဲ့သည့်အတိုင်း Agile Manifesto ၏ တန်ဖိုးထားမှု ၄ ခုမှာ-

- ပုဂ္ဂိုလ်များနှင့် အပြန်အလှန်ဆက်ဆံရေးကို လုပ်ငန်းစဉ်များနှင့် ကိရိယာများထက် ပို၍တန်ဖိုးထားခြင်း
- အလုပ်လုပ်သော ဆော့ဖ်ဝဲလ်ကို ပြည့်စုံသော မှတ်တမ်းပြုစုခြင်းထက် ပို၍တန်ဖိုးထားခြင်း
- ဖောက်သည် ပူးပေါင်းဆောင်ရွက်မှုကို စာချုပ်ညှိနှိုင်းခြင်းထက် ပို၍တန်ဖိုးထားခြင်း
- အပြောင်းအလဲကို တုံ့ပြန်ခြင်းကို စီမံကိန်းအတိုင်း လုပ်ဆောင်ခြင်းထက် ပို၍တန်ဖိုးထားခြင်း

ဆိုလိုချက်ကတော့ ဘယ်အရာ ကို ပိုပြီး အလေးပေးသင့်သလဲ ဆိုတာကို ဖော်ပြထားတာပါ။

Principles ၁၂ ချက်

1. **Customer Satisfaction** အဓိက ဦးစားပေးမှာ Software များကို အချိန်မှီ deliver လုပ်ခြင်းဖြင့် customer ကို စိတ်ကျေနပ်မှု ရရှိစေရန်
2. **Welcome Change** Requirement များ ပြောင်းလဲခြင်းကို ကြိုဆိုခြင်း။ Development လုပ်နေသည့် ကာလ ဖြစ်နေပါစေ အပြောင်းအလဲ ကို ကြိုဆိုသည်။

3. **Deliver Frequently** တကယ်အလုပ်လုပ်လို့ ရသည့် Software များကို ရက်သတ္တပတ် အနည်းငယ် လအနည်းငယ် အတွင်း မကြာခဏ deliver လုပ်ပေးရန်။
4. **Work Together** Business သမားများ နှင့် developer များ ကို product ဖန်တီးနေသည့် ကာလ အတွင်း အတူတကွ လုပ်ဆောင်ရန်
5. **Motivated Individuals** တကယ် စိတ်အားထက်သန်သော လူများ ဖြင့် project ကို တည်ဆောက်ရန်
6. **Face-to-Face Conversation** Development Team အတွင်း သတင်းအချက်အလက် များ ဖြန့်ဝေရန် အထိရောက်ဆုံး နှင့် အကောင်းဆုံးနည်းလမ်းမှာ မျက်နှာချင်းဆိုင် စကားပြောခြင်း ဖြစ်သည်
7. **Working Software** တကယ် အလုပ်လုပ်သော software ဖြင့်သာ တိုးတက်မှု ကို အဓိက တိုင်းသာ သည်။
8. **Sustainable Pace ရေရှည်တည်တံ့နိုင်သည့် development များကို အားပေးသည်။ developer များ user များသည် အမြဲတန်း ထိန်းသိမ်းထားသင့်သည်။**
9. **Technical Excellence နည်းပညာဆိုင်ရာ ထူးချွန်မှု နှင့် design ကောင်းမွန်မှု အပေါ် အာရုံစိုက်ခြင်းက agility ကို မြှင့်တင်ပေးသည်**
10. **Simplicity** မလိုအပ်သော အလုပ်များကို ရှောင်ရှားပြီး ရိုးရှင်း မှု သည် အရေးကြီးသည်။
11. **Self-Organization Teams** အကောင်းဆုံး architecture များ requirement များနှင့် ကိုယ့်ဘာသာ manage လုပ်နိုင်သည့် self organization team ထွက်ပေါ်လာရန် အရေးကြီးသည်။
12. **Regular Reflection** Team သည် ပုံမှန် အချိန်ကာလ များ တွင် ပိုမို ထိရောက်အောင် မည်သို့ လုပ်ဆောင်နိုင်သည် ကို ပြန်လည် သုံးသပ်ပြီး လိုက်လျော်ညီထွေ ဖြစ်အောင် ညှိနိုင်းပြုပြင်ရန်

Agile Methodology အောက်မှာ project management အတွက် Scrum, Kanban တို့ဟာ လက်တွေ့ လူ အသုံးများဆုံးဖြစ်ပါတယ်။

၃.၂ Scrum Framework

Scrum သည် Agile ကို လက်တွေ့ အကောင်အထည်ဖော်ရန် နှင့် လူသုံးအများဆုံး framework တစ်ခု ဖြစ်သည်။ အခု နောက်ပိုင်း company တွေမှာ Scrum ကို project management အတွက် အသုံးပြုကြပါတယ်။ ဒါပေမယ့် သိထားဖို့ လိုတာက Scrum က framework ပါ။ ရိုးရှင်းပေမယ့် ကျွမ်းကျင် နားလည်စွာ အသုံးပြုနိုင်ဖို့ ခက်ခဲပါတယ်။ Team တစ်ခုလုံး ပူးပေါင်း ဆောင်ရွက်မှ Scrum က အောင်မြင်ပါလိမ့်မယ်။ Scrum ကို 3-5-3 ဟု ခေါ်ကြပါတယ်။ Role ၃ ခု , Events ၅ ခု နှင့် Artifacts ၃ ခု တို့ ပါဝင်ပါတယ်။



Scrum ၏ အဓိက သဘောတရားမှာ **Empiricism (အတွေ့အကြုံပေါ်အခြေခံသော သီအိုရီ)** ဖြစ်ပြီး၊ ဆုံးဖြတ်ချက်များကို အတွေ့အကြုံနှင့် လက်တွေ့ အချက်အလက်များပေါ်တွင် မူတည်၍ ချမှတ်ခြင်း ဖြစ်သည်။ Scrum ၏ အဓိက အချက် ၃ ခု မှာ

Transparency

ပွင့်လင်းမြင်သာမှု ရှိမှု သည် အရေးပါသည်။ လုပ်ငန်းစဉ်နှင့် ပတ်သက်သော အရေးကြီးသည့် အချက်အလက် များကို အဖွဲ့ဝင် အားလုံး နှင့် သက်ဆိုင်သူ (Stakeholders) အားလုံး မြင်နိုင်ရမည်။

Inspection

သတ်မှတ်ထားသည့် ရည်မှန်းချက်များ (Goals) နှင့် သွေဖည်မှု မရှိစေရန် Scrum Artifacts များ နှင့် လုပ်ငန်းတိုးတက် မှု များကို မကြခဏ စစ်ဆေးရမည်။

Adaptation

စစ်ဆေးမှု မှ ရလာသည့် အချက်အလက်များ အရ လုပ်ငန်းစဉ် နှင့် လက်ခံနိုင်သော အတိုင်းအတာထက် ကျော်လွန် နေပါက အမြန်ဆုံး ပြန်လည် ပြင်ဆင် ညှိနှိုင်း ရမည်။

Scrum Roles

Scrum Team တစ်ခု မှာ အဓိက role ၃ ခု ရှိပါသည်။

Product Owner (PO)

Product ၏ တန်ဖိုးကို အမြင့်ဆုံး ဖြစ်စေရန် တာဝန်ရှိသူ ဖြစ်သည်။ Product Backlog ကို စီမံခန့်ခွဲရသည်။ Stakeholder များ customer များ developer များ အကြား ကူးလူးဆက်သွယ်ပေးရသည့် ပေါင်းကူး တံတားဖြစ်သည်။ တနည်းပြောရင် project တစ်ခုလုံး ရဲ့ idea လုပ်ဆောင်ရမယ့် product တစ်ခုလုံး ဘယ်လို အလုပ်လုပ်နေလဲ ဆိုတာ ကို Product owner က ကောင်းမွန်စွာ သိနေဖို့ လိုပါတယ်။

Scrum Master (SM)

Scrum Framework ကို မှန်ကန်စွာ လိုက်နာကျင့်သုံးနိုင်ရန် ကူညီပေးသူ ဖြစ်သည်။ Team ၏ အတားအဆီးများ ကို ဖယ်ရှားပေးပြီး Scrum process ကို ချောမွေ့စွာ လည်ပတ်နိုင်ရန် ဆောင်ရွက်ပေးရသည်။ team ၏ servant-leader ဖြစ်သည်။

The Development Team

Product Increment ကို ဖန်တီးပေးရသော ကျွမ်းကျင်သူများ အဖွဲ့ဖြစ်သည်။ Team သည် cross-functional (backend, frontend, Full-Stack, QA, designer အားလုံးပါဝင်) ဖြစ်ပြီး self-organizing ဖြစ်ရမည်။

> Scrum Framework မှာ Scrum Master က အရေးပါပါတယ်။ အများအားဖြင့် Scrum ကို အသုံးပြုသည့် အခါမှာ Developer များအနေနဲ့ Project Manager နဲ့ မှားတတ်သလို Scrum Master role မှာ မလိုအပ်ဘူး လို့ ထင်တတ်ပါတယ်။ Scrum Master ဟာ Team ကို Scrum ကို မှန်ကန်စွာ အသုံးပြုအောင် လမ်းပြရသလို အမြဲ ပြန်တည့်မတ် ပေးရပြီး Scrum Team တစ်ခု အောင်မြင်ဖို့ Scrum Master က အရေးပါ ပါတယ်။

Scrum Team က flat level ဖြစ်ပါတယ်။ product owner က ရာထူး ပိုကြီးတယ်။ Scrum Master က ရာထူး ပိုမြင့်တယ် မရှိပါဘူး။ အကုန် အတူတူပဲလို့ သတ်မှတ်ပါတယ်။

Scrum Events

Scrum Event များအားလုံးသည် အချိန် သတ်မှတ်ချက် (time boxed) ရှိပါသည်။ Scrum Events တွေ ဟာ ပုံမှန် လုပ်နေကျ အစည်းအဝေး များ ဖြစ်ပြီး Inspection နှင့် Adaption ပြုလုပ်ရန် အခွင့်အလမ်းများကို ဖန်တီးပေးပါတယ်။

The Sprint (Sprint)



Sprint ဆိုတာကတော့ အချိန်ကန့်သတ်ထားသည့် (time-boxed) ကာလ တစ်ခု ပါ။ ပုံမှန်အားဖြင့် အနည်းဆုံး ၁ ပတ် မှအများဆုံး ၄ ပတ် အတွင်း သတ်မှတ်ပါတယ်။ ထိုကာလ အတွင်း **“Done”** ဖြစ်သည့် အသုံးပြုနိုင်သည့် Increment တစ်ခု ကို တည်ဆောက်ရပါတယ်။ ပုံမှန် အားဖြင့် Sprint တစ်ခု ကို ၂ ပတ် ကြပါတယ်။ Defination Of Done ကို မဖြစ်မနေ သတ်မှတ် ဖို့ လိုပါတယ်။ “Done” ဖြစ်တယ် ဆိုတာ ဘာလဲ။ ဥပမာ Test တွေ အကုန်လုပ်ထားရမယ်။ Unit Testing ပါရမယ်။ တကယ်အလုပ်လုပ်သည့် feature ဖြစ်ဖို့ လိုပါတယ်။

Sprint တစ်ခု ပြီးဆုံးသည်နှင့် နောက် Sprint တစ်ခု ကို ချက်ချင်း ပြန်စဖို့ လိုအပ်ပါတယ်။

ကျန်ရှိသည့် Event ၄ ခု စလုံး ဟာ Sprint အတွင်းသာ ကျင်းပ ပါတယ်။

**

**

**

**

Sprint Planning

Sprint တစ်ခု အစ တွင် ပြုလုပ်ရပါသည်။ Scrum Team တစ်ခုလုံး စုဝေးပြီး “ဒီ Sprint မှာ ဘာတွေ လုပ်ကြမလဲ” နှင့် “အဲဒါတွေကို ဘယ်လိုလုပ်ရမလဲ” (What & How) ကို ဆွေးနွေး တိုင်ပင်ကြပါတယ်။ Product Owner က Product Backlog မှ ဦးစားပေး များကို ရှင်းပြပြီး Developer တွေက ထိုအလုပ်များထဲမှ မိမိ တို့ ပြီးစီးနိုင်မည်လို့ ယုံကြည်သည့် အလုပ်များကို ရွေးချယ်ကာ Sprint Backlog ကို တည်ဆောက်ပါတယ်။

Sprint Planning ကို ၁ လ စာ Sprint အတွက် အများဆုံး ၈ နာရီ အချိန် သတ်မှတ်ပါတယ်။

Daily Scrum

Daily Stand Up လို့လည်း ခေါ်ကြပါတယ်။ နေ့စဉ် သတ်မှတ်ထားသည့် အချိန် နှင့် နေရာမှာ ပြုလုပ်ပြီး ၁၅ မိနစ် ကြာ အစည်းအဝေး လုပ်ရပါတယ်။ Developer အဖွဲ့ အတွက်သာ ဖြစ်ပါတယ်။ Scrum Master က အဆင်ပြေအောင် ကူညီပေးနိုင်သော်လည်း Developer များ ၏ အစည်းအဝေး ဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်မှာ Sprint Goal အတွက် ဖြစ်ပြီး လက်ရှိ တိုးတက်မှု အခြေအနေ နှင့် ဆက်ပြီး လုပ်ဆောင်ရန် အခြေအနေ များကို ဆွေးနွေးဖို့ပါ။ Daily Scrum ကို အချိန် နေရာ ကို မရွှေ့ပဲ နေ့စဉ် ပုံမှန် လုပ်ဖို့ အရေးကြီးပါတယ်။

Sprint Review

Sprint ပြီးဆုံး ချိန်မှာ ပြုလုပ်ပါသည်။ Scrum Team အနေနဲ့ တည်ဆောက် ပြီးစီး ခဲ့သည့် Increment ကို သက်ဆိုင်သူ Stakeholders ကို demo ပြရပါတယ်။ ဒါကြောင့် Increment ဆိုတာ တကယ် အလုပ်လုပ်သည့် အစိတ်အပိုင်း ဖြစ်နေဖို့ လိုအပ်တာပါ။ Stakeholder တွေက product ကို စစ်ဆေးပြီး Feedback များ ပေးပါတယ်။ ရလာသည့် Feedback တွေကို product backlog မှာ ပြန်ထည့်ပြီး ပြန်လည် ညှိနှိုင်းပါသည်။

Sprint Retrospective

Sprint တစ်ခု ၏ နောက်ဆုံး ပြုလုပ်သည့် Event ဖြစ်ပါသည်။ Sprint Review ပြီး နောက် နှင့် နောက် ထပ် Sprint အသစ် မစခင် မှာ လုပ်သည့် Event ပါ။ Scrum Team တစ်ခုလုံး (Product Owner, Scrum Master, Developers) ပါဝင် ပြီး ပြီးခဲ့သည့် Sprint ကို ပြန်လည် သုံးသပ်ပါတယ်။ ဘာတွေ အဆင်ပြေခဲ့လဲ။ ဘာတွေ အဆင်မပြေဘူးလဲ။ ဘာပြဿနာတွေ ရှိခဲ့လဲ။ နောက် Sprint မှာ ဘာတွေ ပို ကောင်းအောင် လုပ်မလဲ ဆိုတာ ကို ဆွေးနွေးပြီး နောက် Sprint မှာ ပိုကောင်းအောင် လုပ်ဖို့ အစီအစဉ် များကို ချမှတ် လုပ်ဆောင်ပါတယ်။

Scrum Artifacts

Product Backlog

Product အတွက် လိုအပ်သော feature များ function များ ပြင်ဆင်ရန် လိုအပ်ချက်များ bugs များ အားလုံး ကို ဦးစားပေး အလိုက် စီထားသော စာရင်း ဖြစ်သည်။ Product Owner က စာရင်း ကို တာဝန်ယူပြီး အမြဲတမ်း ပြောင်းလဲ နိုင်သော dynamic artifact တစ်ခု ဖြစ်သည်။

Sprint Backlog

Sprint တစ်ခု အတွင်း ပြီးမြောက်အောင် လုပ်ဆောင်ရန် အတွက် Developer များက Product Backlog မှာ ရွေးထားသော item များ စာရင်း ဖြစ်သည်။ တနည်းဆိုရလျှင် လက်ရှိ Sprint တွင် လုပ်ဆောင်မည့် tasks များ ဖြစ်ပါသည်။ ဒီ Sprint Backlog ကို Developer များက manage လုပ်ပြီး Track လုပ်ရန် အသုံးပြုပါသည်။

Increment

Sprint တစ်ခု အတွင်း ပြီးစီးသည်ဟု သတ်မှတ်ထားသည့် Product Backlog items အားလုံး၏ စုစုပေါင်း ရလဒ် ဖြစ်ပါတယ်။ ဒီနေရမှာ Task တစ်ခု က increment တစ်ခု မဟုတ်ပါဘူး။ Task ၃ ခု ပြီးမှ တကယ်အလုပ်လုပ်သည့် Increment တစ်ခု ရတာလည်း ဖြစ်နိုင်ပါတယ်။ Increment က တကယ် အလုပ်လုပ်သည့် feature ဖြစ်ဖို့ လိုပါတယ်။

ဥပမာ ဘီး ဖန်တီးတာက Task 1 , ကား အတွင်း ပိုင်း ဖန်တီးတာက Task 2 , ကားကိုယ်ထည် ဖန်တီး တာ က Task 3 ဖြစ်ပြီး အကုန်ပေါင်းလိုက်မှ ကား တစ်စီး , increment တစ်ခု ရလာတာကို ဆိုလို တာပါ။



Time-box

Scrum Event	Maximum Time-Box	မှတ်ချက်
The Sprint	အများဆုံး ၁ လ ၊ ပုံမှန် ၂ ပတ်	Event များအားလုံး ပါဝင်သည်။
Sprint Planning	အများဆုံး ၈ နာရီ (၁ လ စာ Sprint အတွက်)	Sprint အတွင်း ဘာလုပ်မည် ဘယ်လိုလုပ်မည် ကို အစီအစဥ် ဆွဲသည်
Daily Scrum	အများဆုံး ၁၅ မိနစ်	နေ့စဥ် တိုးတက်မှု ကို စစ်ဆေးပြီး လုပ်ဆောင်ရန် များကို ညှိနှိုင်းရန်
Sprint Review	အများဆုံး ၄ နာရီ (၁ လစာ Sprint အတွက်)	ပြီးခဲ့သည့် Increment ကို ပြပြီး Feedback ရယူ
Sprint Retrospective	အများဆုံး ၃ နာရီ (၁ လ Sprint အတွက်)	ပြီးခဲ့သည့် Sprint လုပ်ငန်းစဥ် ကို ပြန်လည် ဆင်ခြင်သုံးသပ်ရန်

Life Cycle


Product Backlog
Select items for Sprint
Sprint Planning
Sprint Cycle
Sprint Backlog
Daily Scrum / Stand-up
Development Work
Increment - Working Software
Improvements and Lessons Learned
Sprint Review
Sprint Retrospective

၃.၃ Kanban (Development)

Kanban (看板) ဆိုတာ ဂျပန် စကားလုံး ဖြစ်ပြီး ဆိုင်းဘုတ် လို့ အဓိပ္ပာယ် ရပါတယ်။ Software Development မှာ သုံးသည့် Kanban ကတော့ အလုပ်တွေ ကို စီမံခန့်ခွဲပြီး လုပ်ငန်းစဥ် တွေ ကို တိုးတက်အောင် လုပ်ဖို့ အသုံးပြုသည့် Lean နည်းလမ်း တစ်ခု ဖြစ်ပါတယ်။

ဒီနည်းလမ်းကို မူလ Toyota compapny ရဲ့ Toyota Production System (TPS) မှာ ထုတ်ကုန် လုပ်ငန်းစဥ် တွေကို အလေအလွင့် မရှိစေပဲ အကောင်းဆုံး ဖြစ်အောင် စီမံဖို့ တီထွင်ခဲ့တာပါ။ နောက်ပိုင်း ဒီ အယူအဆ ကို Software Development အပါအဝင် လုပ်ငန်း အတော်အတော်များ များ မှာ ပြန်လည် အသုံးချလာကြပါတယ်။

Kanban Board

Kanban ရဲ့ အဓိက အပိုင်းကတော့ Kanban Board ဖြစ်ပါတယ်။

Columns များမှာ Todo, Doing , Review , Done တို့ကို ပါဝင် ပြီး လက်ရှိ လုပ်ဆောင် ဖြတ်သန်း နေသည့် အဆင့် ကို ဖော်ပြထားပါတယ်။

Cards များ ကတော့ Task တစ်ခု စီ ကို ကိုယ်စား ပြုပါတယ်။

Kanban ရဲ့ Workflow ကတော့ Card တွေကို ဘယ် ဘက် ကနေ ညာဘက် Column ဆီ အလုပ် တစ်ခု ပြီးသွားတိုင်း ရွှေ့သွားရပါတယ်။

Kanban Core Principle

Kanban method မှာ အဓိက မူဝါဒ ၆ ချက်ရှိ ပါတယ်။

Visualize Work

အလုပ်အားလုံး ကို Kanban Board ပေါ်မှာ Card တွေ ဖြင့် ပြထားသည့်။ အတွက် ကြောင့် ဘယ်သူ ဘာလုပ်နေလဲ ဘယ်အဆင့် ရောက်နေပြီလဲ ဆိုတာကို ရှင်းရှင်း လင်းလင်း မြင်နိုင်ပါတယ်။

Limit Work in Progress (WIP)

ဒါဟာ Kanban ရဲ့ အရေးကြီး ဆုံး အချက်ဖြစ်ပါတယ်။ Doing / In Progress အဆင့်မှာ တချိန်တည်းမှာ ရှိနိုင်သည့် အလုပ် card အရေအတွက် ကို ကန့်သတ်ထားတာပါ။ In Progress အဆင့်မှာ WIP Limit ကို ၃ လို့ သတ်မှတ်ထားရင် developer တွေ က အလုပ် ၃ ခု အများဆုံး တစ်ပြိုင်တည်း လုပ်ဆောင်နိုင်ပေမယ့် နောက်ထပ် အလုပ်အသစ် တစ်ခု ထပ် စ ခွင့်မရှိသည့် သဘောပါ။ တနည်းပြောရင် အဖွဲ့ဝင် တွေ မှာ အလုပ်တွေ မပိ သွားစေဖို့ အတွက်ပါ။

Manage Flow

အလုပ်တွေ ဘုတ်ပေါ်မှာ ဘယ်လို ချောချောမွေ့မွေ့ စီးဆင်းနေသလဲ ဆိုတာကို စောင့်ကြည့်တိုင်းတာ ရပါတယ်။ Bottlenecks တွေကို ရှာဖွေပြီး ဖြေရှင်း ရပါတယ်။

Make Policies Explicit

အလုပ်တစ်ခု ပြီးစီး တယ် ဆိုတာ ဘယ် အချိန် မှာ သတ်မှတ်မလဲ။ တနည်းပြောရင် Definition of Done ကို သတ်မှတ်ခြင်းပါ။ WIP Limit ကို ဘယ်လောက် သတ်မှတ်မလဲ။ အရေးပေါ်အလုပ် ဝင်လာရင် ဘယ်လို ကိုင်တွယ် မလဲ စသည့် စည်းမျဉ်း စည်းကမ်း တွေကို လူတိုင်း နားလည်အောင် ရှင်းရှင်း လင်းလင်း သတ်မှတ် ထားရပါမယ်။

Implement Feedback Loops

လုပ်ငန်းစဉ် နဲ့ပတ်သက်ပြီး အဖွဲ့လိုက် ပြန်လည်သုံးသပ်သည့် အစည်းအဝေးတွေ (Stand Up meeting, Review meeting) ကို ပုံမှန် လုပ်ဆောင်ရပါမယ်။

Improve Collaboratively

Kanban မှာ ပွင့်လင်းမြင်သာမှု ရှိပြီး လက်ရှိ လုပ်ငန်းစဉ်ကနေ စတင်ပြီး တဖြည်းဖြည်း စမ်းသပ် တိုးတက်အောင် လုပ်ဆောင်သွားရသည့် နည်းလမ်း ဖြစ်ပါတယ်။

၃.၄ Kanban နှင့် Scrum ကွာခြားချက်

Kaban ဟာ Continue Flow သွားပါတယ်။ Scrum ကတော့ iterative ပါ။ Scrum ရဲ့ လုပ်ငန်းစဉ် တွေ ဟာ ရှုပ်ထွေးပါတယ်။ Time boxing , Sprints စသည့် အပိုင်းအခြား တွေ ပါဝင်တယ်။ Kanban မှာတော့ WIP (Work In Progress) အရေအတွက် ကိုပဲ ကန့်သတ်ထားပါတယ်။ Scrum မှာ Roles တွေ ရှိပြီး Kanban မှာ Role တွေ မရှိပါဘူး။ Kanban က WIP limit မကျော်ရင် ကြိုက်သည့် tasks ကို ချက်ခြင်း ကောက်လုပ်လို့ ရပေမယ့် Scrum ကတော့ ကြိုတင်ပြင်ထားသည့် Sprint Backlog က tasks တွေကို ပဲ priority အရ လုပ်ဆောင်ရပါတယ်။

၃.၅ အသုံးချ Software များ

Scrum အတွက် အသုံးများသည့် Software တွေကတော့

- Jira.com
- Clickup.com
- huly.io
- plane.so

စတာတွေ ရှိပါတယ်။ တကယ့် Scrum Framework အတိုင်း လိုက်နာထားတာ မဟုတ်ပဲ kanban လိုမျိုး Column style work flow နဲ့တွဲ သုံးကြတာများပါတယ်။ တကယ်တန်း အသုံးများတာ ကတော့ Jira ပါ။ Software Engineering တစ်ယောက် အနေနဲ့ Jira ကို ကောင်းမွန်စွာ သုံးသပ်နိုင်ဖို့ လည်း လိုအပ်တယ် လို့ မြင်ပါတယ်။

Kanban အတွက်ကတော့

- Trello

- Asana
- Monday
- Github Project

စတာတွေ ရှိပါတယ်။ Trello ကတော့ အရိုးအရှင်း ဆုံး နဲ့ လွယ်လင့် တကူ အသုံးပြုနိုင်ပါတယ်။ Kanban ကို sticky note နဲ့လည်း physcially white board မှာ ဆွဲပြီး အလုပ်လုပ်ကြတာတွေလည်း ရှိပါတယ်။

Jira ဟာ စသုံးကာစ မှာ ရှုပ်ထွေးပေမယ့် Scrum ကို နားလည် သည့် အခါမှာ အသုံးပြုရတာ ပိုမို လွယ်ကူ တာ ကို တွေ့ရမှာပါ။ နောက်တစ်ချက်က SCRUM မှာ Epic , Milestone စတာတွေ မ ပါဝင်ပေမယ့် လက်တွေ့မှာ အသုံးပြုကြတာ များပါတယ်။ တနည်းပြောရင် increment (တကယ် အလုပ်လုပ်သည့် feature) တစ်ခု အနေနဲ့ အသုံးပြုကြတာ ရှိသလို version အနေနဲ့လည်း အသုံးပြုကြတာ ရှိပါတယ်။

အခန်း ၄ :: Requirements Engineering

Software Engineering မှာ အရေးကြီးဆုံး အပိုင်းတစ်ခုက “ဘာကို တည်ဆောက်မှာလဲ” ဆိုသည့် တိတိကျကျ လိုအပ်ချက် ကို သိရှိရန် ဖြစ်ပါသည်။ Requirement Engineering ဆိုသည်မှာ user နှင့် stakeholders များ၏ လိုအပ်ချက်များကို စနစ်တကျ စုဆောင်းခြင်း၊သုံးသပ်ခြင်း ၊ မှတ်တမ်းတင်ခြင်း နှင့် စီမံခန့်ခွဲ ခြင်း တို့ ကို ပြုလုပ်သည့် လုပ်ငန်း စဥ် တစ်ခု ဖြစ်ပါသည်။ Requirement မှန်ကန်မှသာ Software ၏ result သည်လည်း မှန်ကန်သည့် result ရမှာ ဖြစ်ပါတယ်။

၄.၁ Functional and Non-Functional Requirements

Requirement မှာ အဓိက အားဖြင့် နှစ်မျိုး ရှိပါသည်။

Functional Requirement

What the system should do ? ဒီ စနစ်က ဘာလုပ်မှာလဲ။ ဘာလုပ်သင့်သလဲ ဆိုတာက အဓိက requirement ပါပဲ။ ဘယ် feature တွေ ပါမယ်။ ဘယ်လို လုပ်ဆောင်မှု ရှိမလဲ။

ဥပမာ

- User က account တစ်ခု ကို register လုပ်နိုင်ရမည်။
- Report က PDF ဖြင့် လစဉ် ရောင်းအား ထုတ်ပေးနိုင်ရမည်။
- Register လုပ်ထားသည့် သူများ သာ ဝယ်ယူခွင့်ရှိသည်။

တနည်းပြောရင် user က လုပ်ဆောင်နိုင်မယ့် function တွေပါ့။

Non-Functional Requirement

ဘယ်လို ကောင်းမွန်သည့် စနစ် တစ်ခု ကို တည်ဆောက်မှာလဲ ဆိုတာကို သတ်မှတ်ခြင်းပါ။ တနည်းပြောရင် quality goal လို့ ဆိုနိုင်တယ်။

ဥပမာ

- Performance: system က ဘယ်စက္ကန့် အတွင်း home page က အပြည့်အစုံတက်လာရမလဲ
- Security: SQL Injection မရှိအောင် ဘယ်လို လုပ်ထားမလဲ။ User Password ကို ဘယ် hash နဲ့ သုံးပြီး သိမ်းမလဲ။
- Usability: Register ကို user တစ်ယောက်က ၂ မိနစ် အတွင်း လုပ်လို့ရနိုင်မလား။
- Reliability: Server Up Time 99.8% အလုပ်လုပ်နိုင်ရမယ်။ Server တစ်ခု down သွားခဲ့ရင် နောက် server တစ်ခု က ဘယ် နှစ်မိနစ် အတွင်း ပြန်တက်လာမလဲ။
- Portability: Linux က Ubuntu အပြင် Arch မှာ run ရင် အဆင်ပြေမလား။ Windows Server ပြောင်းရင်ကော အဆင်ပြေမလား။ ဒါမှမဟုတ် Application က windows ကော mac ကော UI support ပေးဂမလား။

တနည်းပြန်ပြောရရင် Functional က Yes/No နဲ့ တိုင်းတာနိုင်တယ်။ Non-Functional က တော့ စွမ်းဆောင်ရည် ကို တိုင်းတာတယ်။ ဥပမာ PDF တော့ ထုတ်လို့ရတယ်။ ဒါပေမယ့် user ၅ ယောက် အများဆုံး အပြိုင် ထုတ်နိုင်တယ်။ ၅ ယောက်ထက် ကျော်သွားရင် ၁၀ စက္ကန့် စောင့်ရမယ်။

ထပ်ပြီး နားလည်အောင် ရှင်းပြရရင် ကားတစ်စီး ဝယ်သည့် အခါမှာ fuctional , non-functional ကို ခွဲပြီး ဝယ်ကြတာပဲ။

Functional အနေနဲ့

- Car Play ပါရမည်။
- Auto Parking ပါရမည်။
- Auto break ပါရမည်။

Non Functional အနေနဲ့

- 0-to-100 km/h ကို ၁၀ စက္ကန့်အတွင်း ရောက်ရမယ်။
- ထိုင်ခုံတွေက သက်တောင့်သက်သာ ရှိရမယ်။
- Engine က မိုင် ၁ သိန်း အထိ အနည်းဆုံး အာမခံချက် ရှိရမယ်။

၄.၂ The Requirement Process

Requirements Engineering လုပ်ငန်းစဥ်မှာ အဓိက အဆင့် ၄ ဆင့် ပါဝင်သည်။

Elicitation

Stakeholder များ (client, end-users, managers) ထံမှ requirement များကို စုဆောင်းသည့် အဆင့်ဖြစ်သည်။ requirement များကို စုဆောင်းသည့် နည်းလမ်းများစွာ ရှိပါသည်။ ဥပမာ အင်တာဗျူးခြင်း၊ workshop များ လုပ်ခြင်း၊ surveys ကောက်ခြင်း ၊ လက်ရှိ တကယ်လုပ်နေသည့် လုပ်ငန်းခွင်ထဲမှာ စောင့်ကြည့်လေ့လာခြင်းဖြင့် တကယ့် လိုအပ်ကို သိရှိနိုင်သည်။

Analysis

စုဆောင်းရရှိလာသည့် အချက်အလက်များကို သုံးသပ်သည့် အဆင့်ဖြစ်သည်။ requirement များတွင် မရှင်းလင်းသည် များကို ရှင်းလင်းအောင် ပြုလုပ်ခြင်း ၊ မည်သည့် အချက်များကို ဦးစားပေးလုပ်ရမည် တို့ကို စီစဥ် ခြင်း တို့ကို လုပ်ဆောင်ပါသည်။

Specification

သုံးသပ်ပြီးရလာသည့် requirement များကို ရှင်းလင်းတိကျပြီး အများနားလည်နိုင်သည့် ပုံစံဖြင့် document လုပ်ရန် လိုအပ်ပါသည်။ အခန်း ၂ မှာ ဖော်ပြထားသည့် **Software Requirement Specification (SRS)** document ကို ဤအဆင့်တွင် အသေးစိတ် ရေးသားရန်လိုအပ်ပါသည်။

Validation

ရေးဆွဲထားသည့် SRS document သည် stakeholder များ၏ တကယ့် requirement နှင့် ကိုက်ညီမှု ရှိမရှိ ပြည့်စုံမှု ရှိမရှိ စစ်ဆေးအတည်ပြုရပါမည်။ SRS ကို review လုပ်ခြင်း prototype သို့မဟုတ် mockup များ ဖန်တီးခြင်းဖြင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးနိုင်သည်။ အများအားဖြင့် Figma , Whimsical တို့ တွင် prototype လွယ်လင့် တကူ ဖန်တီး နိုင်သည်။

၄.၃ The Minimum Viable Product (MVP)

Project တစ်ခုကို စတင်သည့် အခါ feature အကုန်လုံးကို တစ်ခါတည်း တည်ဆောက်ခြင်းဟာ အချိန်အများကြီး ပေးရပြီး risk လည်း အရမ်းများပါတယ်။ ဒါကြောင့် နောက်ပိုင်း Software Development မှာ **Minmium Viable Product** ကို တည်ဆောက်ကြပါတယ်။ MVP ဆိုသည်မှာ လုပ်ဆောင်ချက် အနည်းဆုံး ဖြင့် တကယ် အလုပ်ဖြစ်သည့် ထုတ်ကုန် ကို ဆိုလိုပါတယ်။ Feature အနည်းငယ်သာ ပါဝင်သည့် product မဟုတ်ပါ။ သုံးစွဲသူ အတွက် အဓိက တန်ဖိုး ကို ပေးနိုင်ဖို့ လိုအပ်ပါသည်။

ဥပမာ user ရဲ့ requirement က လက်ရှိ လမ်းလျှောက်တာ ထက် ပိုမြန်ပြီး ခရီး ဝေးဝေး သွားနိုင်ဖို့။ ဒါကြောင့် product က ကားတစ်စီး တည်ဆောက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကား တစ်စီး ကို တည်ဆောက်မည့် ကာလ မှာ user ကို ဒါက ကားဘီး ။ ငါတို့ ကားဘီး အပိုင်းပြီးပြီ ဆိုပြီး ပေးလို့ မရပါဘူး။ တကယ် အသုံးပြုလို့ မရပါဘူး။ ဘီး ၂ ခု ပါသည့် skateboard ကို အရင် မိတ်ဆက်ပါတယ်။ ပထမဆုံး ဖြစ်သည့် အတွက်ကြောင့် ဘာ feature မှ မပါဝင်ပေမယ့် သုံးလို့ ရပါတယ်။ နောက်တဆင့် scooter ။ ပြီးတော့ စက်ဘီး ။ motorbike ။ နောက်ဆုံး ကား။ စသည် ဖြင့် အဆင့်ဆင့် user ကို မိတ်ဆက်သွားသည့် ပုံစံပါ။

MVP က ကိုယ်ပိုင် product မှာ ပြဿနာ မရှိပေမယ့် customer က ခိုင်းသည့် customize software တွေ မှာ ပြဿနာ ရှိပါတယ်။ customer က ကားလိုချင်တယ်။ ငါ့ကို ကားပဲ ပေး ဆိုပြီး တောင်းဆိုတတ်ကြပါတယ်။ ဘာကြောင့် MVP ကို လုပ်ရတယ် ဆိုတာကို customer ကို နားလည်အောင် ရှင်းပြဖို့ လိုတယ်။ Customer တွေ အနေနဲ့ မြင်တာကတော့ MVP အဆင့်ဆင့် သွားခြင်းဟာ impression ကို ကျစေတယ်။ marketing ဖိုး ခဏခဏ ကုန်တယ် လို့ မြင်ကြတယ်။ ဒါပေမယ့် ဒါဟာ risk နည်းတယ် ဆိုတာကို ရှင်းပြဖို့ လိုတယ်။ MVP မပါပဲ သွားသည့် product ဟာ အောင်မြင်ဖို့ အခွင့်အလမ်း အရမ်းကို နည်းပါတယ်။

ရိုးရှင်းအောင် ရှင်းပြရရင်

- idea ကို စမ်းသပ်ရန် ဖြစ်ပါတယ်။ တကယ် အလုပ် ဖြစ်မဖြစ်။ တကယ် အသုံးပြုသူတွေ အနေနဲ့ feed back ကို အချိန် နဲ့ ငွေ လုပ်အားအနည်းဆုံး အသုံးပြုပြီး စမ်းသပ်ဖို့ ပါ။ တကယ့် product goal မဟုတ်ပါဘူး။

- User Feedback အမြန်ရရန်။ စမ်းကြည့်မယ့် သူတွေ လက်ထဲ product ကို ထည့်ပေးပြီး တကယ်လက်တွေ့ အသုံးပြုသူတွေ ရဲ့ တုံ့ပြန်ချက် feedback တွေ ရယူဖို့ပါ။ ဒီအချက်က အရေးပါတယ်။ တစ်ခါတစ်လေ customer က သူ့ user တွေ တကယ် အသုံးပြုသူတွေ လိုအပ်တာက တခြား သူ ထင်တာက တခြား ဖြစ်နေတာတွေ ရှိတတ်ပါတယ်။ ဥပမာ mobile app လုပ်ပေးမယ့် တကယ် အသုံးပြုသူ အများစုဟာ ရုံးမှာ computer နဲ့ အသုံးပြုသူတွေ ဖြစ်နေကြတာတွေ ဖြစ်သလိုမျိုးပေါ့။
- To Avoid Waste , လူမကြိုက်သည့် အသုံးမဝင်သည့် feature တွေ product တွေ ပြုလုပ်မိပြီး အချိန် နဲ့ လုပ်အား အလဟာသ မဖြစ်စေဖို့ အတွက်ပါ။

ထပ်ပြီးဆိုရရင် MVP ဟာ half buit တဝက်တပျက် မဟုတ်ပါ။ အလုပ်မလုပ်သည့် product မဟုတ်ပါ။ ဒါကြောင့် အခန်း ၂ scrum မှာ ပြောခဲ့သလိုမျိုး increment တစ်ခု ထွက်လာဖို့ လိုတယ် ဆိုတာ MVP ကဦးစွာ ဖန်တီး သည့် အခါမှာ လိုအပ်ချက်ပါ။

ဥပမာ ဆိုပါဆို။ သင် က invoice system လုပ်တယ်။

ပထမဆုံး MVP မှာ invoice create တာပဲ ရှိမယ်။ invoice create လုပ်လို့ရမယ်။ PDF အနေနဲ့ ထုတ်လို့ရမယ်။

ဒုတိယ MVP မှာတော့ Customer ပါလာပြီ။ customer management လုပ်လို့ရမယ်။ invoice ကို customer email တိုက်ရိုက် ပို့လိုရမယ်။

တတိယ အဆင့်မှာတော့ item management ပါလာပြီ။ invoice create လုပ်သည့် အခါမှာ item ကို ရွေးလို့ ရလာမယ်။

invoice စနစ် တစ်ခုလုံး အစအဆုံး ဖန်တီး မယ့် အစား တကယ် အသုံးဝင်သည့် အစိတ်အပိုင်း တွေ တစ်ဆင့်ခြင်းဆီ ဖန်တီးပြီး ထုတ်သွားပေးပြီး အသုံးပြုသူ လက်ထဲ အမြန်ထည့်ပေးပြီး feedback အမြန်ပြန်ရစေပါတယ်။ ပြင်စရာရှိတာကိုလည်း အများကြီး မဖြစ်ခင်မှာ ကြိုတင်ပြီး ပြင်နိုင်ပါတယ်။

၄.၄ Agile Requirements: User Stories and Backlog Management

Agile Development မှာ requirement များကို SRS document အရှည်ကြီး ရေးဆွဲမည့် အစား ပိုမို ရိုးရှင်းပြီး ပြုပြင်ပြောင်းလွယ်သည့် **User Stories** များကို အသုံးပြုပါတယ်။

User Stories

User Story ဆိုသည်မှာ Software feature တစ်ခု ကို သုံးစွဲသူ၏ ရှုထောင့်မှ ရိုးရှင်းစွာ ဖော်ပြထား သော ဖော်ပြချက် ဖြစ်ပါသည်။ ပုံမှန် အားဖြင့် အောက်ဖော်ပြပါ ပုံစံ မျိုးကို အသုံးပြုပါသည်။

> **As a** guest user, **I want** to register for an account **so that** I can purchase items.

User Story တစ်ခု မှာ **"3 Cs"** လို့ခေါ်သည့် အဓိက အစိတ်အပိုင်း ၃ ခု ပါဝင်ပါသည်။

1. Card: Story ကို ရေးမှတ်ထားသော card (အခုခေတ်မှာတော့ Jira, Trello တွင် မှတ်ပါသည်)
2. Conversation: Story နှင့် ပတ်သက်၍ Product Owner, Development Team နှင့် Stakeholder များ အကြား ဆွေးနွေးခြင်းဖြင့် requirement ကို အားလုံး နားလည်သွားစေသည်။
3. Confirmation : Story တစ်ခု ပြီးမြောက်ပြီဟု သတ်မှတ်ရန် အတွက် လိုအပ်သော အချက်အလက်များ (Defination Of Done)

Acceptance Criteria (AC)

AC ဆိုတာကတော့ user story တစ်ခု ကို "Done" ဟု သတ်မှတ်ဂုန် အတွက် စစ်ဆေးရမည့် အချက်စာရင်း ဖြစ်ပါသည်။ Developer များအတွက် test case များ လည်း ဖြစ်သည်။ "Done" ဖြစ်ရမည့် အချက်များကို Developer များ အနေနဲ့ User story ပြီးမပြီး ကို စစ်ဆေးနိုင်သည်။

User Register User Story

Acceptance Criteria:

- Scenario: အောင်မြင်စွာ မှတ်ပုံတင်ခြင်း
  - Given : User သည် register page တွင် ရှိနေသည်
  - When: username, email, password တို့ကို ဖြည့်ပြီး "Register" ကို နှိပ်သည်
  - Then: Account တစ်ခု ဖန်တီးပြီး home page ကို ပြန်ရောက်မည်။
- Scenario: ရှိပြီးသား Email ဖြင့် မှတ်ပုံတင်ခြင်း
  - Given: User သည် register page တွင် ရှိနေသည်
  - When: ရှိပြီးသား email တစ်ခုကို အသုံးပြု၍ register လုပ်သည်
  - Then: "This email is already registered" ဆိုပြီး error message ပြရမည်

Backlog Management

Agile တွင် requirement အားလုံးကို Product Backlog ထဲမှာ စုစည်းထားပါတယ်။ Product Backlog က project အတွက် လိုအပ်သည့် user stories, features, bug fixes အားလုံး၏ ဦးစားပေး အလိုက် စီထားသည့် စာရင်းဖြစ်ပါသည်။ Product Owner က backlog ကို တာဝန်ယူရသည်။ အရေးကြီးဆုံး card များကို အပေါ်ဆုံးမှာ ထားဖို့ လိုအပ်သည်။

User Story များကိုလည်း အဆိုပါ back log ထဲတွင် ရေးသား ကြသည်။ ထို့ကြောင့် Developer များသည် card ကို ကြည့်ပြီး User Story ကို ဖတ်ရှုဖြင့် ဘယ် feature develop လုပ်ရမည်။ test case တွေ က ဘာဖြစ်မည်။ Defination of Done က ဘာဖြစ်မည် တို့ကို ချက်ချင်း နားလည် သဘောပေါက်နိုင်ပါသည်။

**

**

Backlog Refinement (Grooming)

Backlog Refinement ဆိုသည်မှာ Product Backlog ကို ပုံမှန် ပြန်လည် သုံးသပ်ခြင်း ၊ user story များကို အသေးစိတ် ဆွေးနွေးခြင်း ၊ estimate (story porint) များ ပြုလုပ်ခြင်း နှင့် လုပ်ဆောင်ရမည်များကို priority အလိုက်စီစဥ်ခြင်းတို့ကို အစဥ်မပြတ် လုပ်ဆောင်ရသည့် meeting ဖြစ်သည်။

၄.၅ Requirement Traceability and Change Management

Requirements Traceability

Traceability ဆိုသည်မှာ requirement တစ်ခု ၏ lifecycle တစ်လျှောက်လုံး ခြေရာခံနိုင်စွမ်း ဟု ဆိုနိုင်သည်။ Requirement တစ်ခုသည် မည်သည့် business goal ကနေ ဆင်းသက်လာသည် မည်သည့် design component, source code နှင့် test case တို့ နှင့် ဆက်စပ်နေသည် ကို ခြေရာခံခြင်း ဖြစ်သည်။ impact analysis ကို နားလည် ရန် နှင့် requirement အားလုံး cover ဖြစ်ရန် အလွန်အရေးပါသည်။

Traceability Matrix

Traceability Matrix သည် requirement များကို test case များ ဖြင့် ချိတ်ဆက်ပြသရန် အသုံးပြုသည့် tool တစ်ခုပါ။

Requirement ID	Requirement Description	TC-001	TC-002	TC-003	TC-004
BR-1	User must be able to log in.				
FR-1.1	System shall accept valid username/password.	X			
FR-1.2	System shall reject invalid username/password.		X		
FR-1.3	System shall lock account after 3 invalid attempts.			X	
BR-2	User must be able to log out.				
FR-2.1	System shall provide a logout button.				X
FR-2.2	System shall end the user session upon logout.				X

Change Management

Requirement များသည် project လုပ်ဆောင်နေစဉ် အတွင်းမှာ အမြဲတမ်း ပြောင်းလဲမှု ရှိနေပါသည်။ ထို့ကြောင့် အပြောင်းအလဲများကို စနစ်တကျ စီမံခန့်ခွဲရန် **Change Control Process** တစ်ခု လိုအပ်ပါသည်။

- Change Request
- Impact Analysis
- Approval
- Implementation

စသည်တို့ ဟာ document အနေနဲ့ မှတ်တမ်း တင်ထားဖို့ လိုအပ်သည်။ ဒါကြောင့် change request ရှိလာခဲ့ရင် client ကို change request form အနေနဲ့ တင်ခိုင်းခြင်းဟာ နောင်တချိန်မှာ ဘာကြောင့် ပြင်ခဲ့ရတယ် ဘယ်သူ့ request ကြောင့် ပြင်ခဲ့ရသည် ဆိုသည့် အထောက်အထား တစ်ခု အနေနဲ့ တည်ရှိမှာပါ။ SRS document တွင် ပါဝင်သည့် အချက်များ နှင့် မတူညီရခြင်းမှာ မည်သည့် change request ကြောင့် ဖြစ်ကြောင်း အထောက်အထား ကို ပြန်ပြနိုင်ဖို့ မှတ်တမ်း တင်ထားဖို့ လိုအပ်ပါသည်။

၄.၆ Use Cases and Scenarios

User stories များအပြင် requirement ကို ဖော်ပြရန် အတွက် Use Case များကိုလည်း အသုံးပြုနိုင်သည်။

Use Cases

Use case ဆိုသည်မှာ သုံးစွဲသူ (Actor) တစ်ဦးက တိကျသော ရည်မှန်းချက် တစ်ခု ပြီးမြောက်ရန် အတွက် စနစ်တကျ အပြန်အလှန် လုပ်ဆောင်သည့် အဆင့်ဆင့် ကို ဖော်ပြထားခြင်း ဖြစ်သည်။

- Use Case Name : Use Case ၏ နာမည်
- Actor: လုပ်ဆောင်မည့် သူ
- Main Flow (Success Scenario) : အောင်မြင်သည့် အခြေအနေ
- Alternative Flow : အခြား ဖြစ်နိုင်သည့် အခြေအနေ
- Preconditions: Use case မစခင် အခြေအနေ
- Postcondition: Use Case ပြီးသွားသည့် အခြေအနေ

Scenarios

Scenario ဆိုသည်မှာ use case တစ်ခုအတွင်းမှ ဖြစ်နိုင်သော လမ်းကြောင်းတစ်ခု (a single path) ဖြစ်သည်။ Use case တစ်ခုသည် scenario များစွာ၏ စုစည်းမှု ဖြစ်သည်။

ဥပမာ: "User Login" use case တွင် အောက်ပါ scenario များ ပါဝင်နိုင်သည်။

- Scenario 1: အောင်မြင်စွာ login ဝင်ခြင်း။
- Scenario 2: Password မှားယွင်းစွာ ထည့်သွင်းခြင်း။
- Scenario 3: Account ကို lock လုပ်ထားခြင်း။

Use Case တစ်ခု ကြည့်ရအောင်

- Use Case Name: အသုံးပြုသူ Login ဝင်ခြင်း (User Login)
- Actor: သုံးစွဲသူ (User)
- Preconditions: သုံးစွဲသူသည် စနစ်၏ Login စာမျက်နှာ (Login Page) သို့ ရောက်ရှိနေရမည်။

Main Flow (Success Scenario) - အဓိက လုပ်ဆောင်မှု (အောင်မြင်သည့် အခြေအနေ)

1. သုံးစွဲသူ (User) က ၎င်းတို့၏ အီးမေးလ် (သို့မဟုတ်) Username ကို ထည့်သွင်းသည်။
2. သုံးစွဲသူက ၎င်းတို့၏ စကားဝှက် (Password) ကို ထည့်သွင်းသည်။
3. သုံးစွဲသူက "Login" ခလုတ်ကို နှိပ်သည်။
4. စနစ် (System) က ထည့်သွင်းထားသော အချက်အလက်များ (Credentials) ကို စစ်ဆေးအတည်ပြုသည်။
5. စနစ်က သုံးစွဲသူကို အောင်မြင်စွာ အတည်ပြု (Authenticate) ပြီး logged-in session တစ်ခု စတင်ပေးသည်။
6. စနစ်က သုံးစွဲသူကို ပင်မစာမျက်နှာ (Dashboard သို့မဟုတ် Home Page) သို့ ပို့ဆောင်ပေးသည်။

Alternative Flows (အခြား ဖြစ်နိုင်သော အခြေအနေများ)

A1: အသုံးပြုသူ အချက်အလက် မှားယွင်းခြင်း (Invalid Credentials)

- (Main Flow အဆင့် 4 တွင်) 4.1. စနစ်က အချက်အလက်များကို စစ်ဆေးရာ မမှန်ကန်ကြောင်း တွေ့ရှိသည်။ 4.2. စနစ်က "သင်၏ အီးမေးလ် သို့မဟုတ် စကားဝှက် မှားယွင်းနေပါသည်" (Your email or password is incorrect) ဟူသော သတိပေးချက် (Error Message) ကို ပြသသည်။ 4.3. သုံးစွဲသူသည် Login စာမျက်နှာတွင် ဆက်ရှိနေမည်။ (Use case ပြီးဆုံးသည်)

A2: အချက်အလက် ဖြည့်သွင်းရန် ကျန်ရှိခြင်း (Empty Fields)

- (Main Flow အဆင့် 3 တွင်) 3.1. စနစ်က လိုအပ်သော အကွက်များ (အီးမေးလ် သို့မဟုတ် စကားဝှက်) မပြည့်စုံသည်ကို စစ်ဆေးတွေ့ရှိသည်။ 3.2. စနစ်က "လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ပါ" (Please fill in the required fields) ဟူသော သတိပေးချက်ကို ပြသသည်။ 3.3. သုံးစွဲသူသည် Login စာမျက်နှာတွင် ဆက်ရှိနေမည်။ (Use case ပြီးဆုံးသည်)

A3: စကားဝှက် မေ့လျော့ခြင်း (Forgot Password)

- (Main Flow အဆင့် 1 မတိုင်ခင်) 1.1. သုံးစွဲသူက "စကားဝှက်မေ့သွားပါသလား" (Forgot Password?) လင့်ခ်ကို နှိပ်သည်။ 1.2. စနစ်က သုံးစွဲသူကို စကားဝှက် ပြန်လည်သတ်မှတ်ခြင်း (Password Reset) စာမျက်နှာသို့ ပို့ဆောင်ပေးသည်။ 1.3. (ဤ use case သည် ဤနေရာတွင် ပြီးဆုံးပြီး "Password Reset" use case သို့ ကူးပြောင်းသွားသည်။)

Postconditions (Use Case ပြီးသွားသည့် အခြေအနေများ)

- **အောင်မြင်ပါက (Main Flow):** သုံးစွဲသူသည် စနစ်အတွင်းသို့ အောင်မြင်စွာ ဝင်ရောက်ပြီး ပင်မစာမျက်နှာ (Dashboard) သို့ ရောက်ရှိနေသည်။
- **မအောင်မြင်ပါက (A1, A2):** သုံးစွဲသူသည် Login စာမျက်နှာတွင် ဆက်ရှိနေပြီး သက်ဆိုင်ရာ သတိပေးချက် (Error Message) ကို မြင်တွေ့ရသည်။
- **အခြားလမ်းကြောင်း (A3):** သုံးစွဲသူသည် စကားဝှက် ပြန်လည်သတ်မှတ်ခြင်း (Password Reset) စာမျက်နှာသို့ ရောက်ရှိနေသည်။

တစ်ခါတစ်လေ Use Case များကိုရှင်းလင်း စေရန် Flow Chart Diagram ဖြင့်လည်း ဖော်ပြကြသည်။





Flowchart diagram ဟာ developer တွေ ကို လုပ်ဆောင်ရမည့် အဆင့်ကို ရှင်းလင်း စွာ မြင်စေပါတယ်။ UML မှာ အသုံးပြုသည့် Use case diagram ကတော့ စနစ် တစ်ခုလုံးမှာ ပါဝင်သည့် Use Case များ အားလုံးကို diagram တစ်ခုမှာ ဖော်ပြခြင်းဖြစ်ပါသည်။

အခန်း ၅ :: Software Design and Architecture

ဒီ အခန်းမှာ စနစ် တစ်ခု ဘယ်လို တည်ဆောက်ရမလဲ။ Planning တွေ လုပ်ရမလဲ။ လိုက်နာသင့် သည့် စည်းမျည်း စည်းကမ်း အကြောင်းတွေ ပါဝင်မှာပါ။ ဒီ အခန်း မဖတ်ခင်မှာ အရင်က ရေးထားသည့် Developer Intern စာအုပ် နှင့် Design Pattern စာအုပ် ကို အရင် ဖတ်ထား ရင် ပို အဆင်ပြေပါမယ်။ အဲဒီ စာအုပ် ထဲမှာ အသေးစိတ် ရေးထားပြီး ဒီ စာအုပ်မှာတော့ အခန်း တစ်ခု စာ အနှစ်ချုပ် ပုံစံ ပဲ ပါဝင်ပါလိမ့်မယ်။

အခု Requirement တွေ ရပြီးနောက် ဘာဆက်လုပ်မလဲ။ ဘယ်လို တည်ဆောက်မလဲ ဆိုတာကို ဆုံးဖြတ်သည့် အပိုင်းကတော့ Software Design နဲ့ Architecture ပဲ ဖြစ်ပါတယ်။ ဒီအခန်းက Software Engineering ပိုင်း မှာ အရေးပါသည့် အစိတ်အပိုင်း တစ်ခုပါ။ ကောင်းမွန်သည့် design နှင့် architecture ရှိမှသာ Software တစ်ခုက quality ၊ maintainability , scalability တွေ ရှိလာမှာ ဖြစ်ပါတယ်။

Architecture ဆိုတာ စနစ်တစ်ခုလုံးရဲ့ အဆင့်မြင့် တည်ဆောက်ပုံ ၊ High level structure ဖြစ်ပါတယ်။ အိမ်ဆောက်မယ်ဆိုရင် အိမ်ရဲ့ ပုံစံ ၊ အခန်း ဖွဲ့စည်းပုံ ၊ တိုင်တွေ ဘယ်နားမှာ ထူမယ် ပြတင်းပေါက် ကို ဘယ်နားထားမယ်။ တံခါးဝင်ပေါက် ဘယ်လို ရှိမယ် စည့် အစိတ်အပိုင်းတွေ နဲ့ သူတို့ အချင်းချင်း ဘယ်လို ချိတ်ဆက်ထားလဲ ဆိုတာကို ဖော်ပြထားတာပါ။

Design ကတော့ Component တစ်ခုချင်းစီရဲ့ အတွင်းပိုင်း အသေးစိတ် တည်ဆောက်ပုံ အသေးစိတ်ကို ဖော်ပြခြင်း ဖြစ်ပါတယ်။ အခန်းထဲမှာ ပရိဘောဂ ဘယ်လိုထားမယ်။ မီးကြိုး ဘယ်လို သွယ်မယ် ဆိုသည့် အသေးစိတ် အစိတ်အပိုင်းမျိုးပေါ့။

5.1 Fundamental Design Concept

ကောင်းမွန်သည့် Software Design တိုင်းမှာ အောက်ပါ အချက်တွေ ပါဝင်လေ့ ရှိပါတယ်။

Abstraction

ရှုပ်ထွေးသည့် အလုပ်တွေကို ဖုံးကွယ်ထားပြီး ရိုးရှင်းသည့် interface တစ်ခုကိုသာ အသုံးပြုသူကို ပြသပေးထားတာပါ။ အခန်း ၁ မှာ OOP နဲ့ ပတ်သက်ပြီး ရှင်းပြခဲ့သလိုပါပဲ။ ကားမောင်းသည့် သူက စတီယာရင် ကိုင်ပြီး မောင်းရုံပါပဲ။ အင်ဂျင်ထဲမှာ ပလပ် ဘယ်လို မီးပွင့်သွားတယ် သိစရာ မလိုပါဘူး။ ဘယ်လို အလုပ်လုပ် သိဖို့ မလိုပဲ ဘာလုပ်သလဲ ကိုသာ သိဖို့ လိုအပ်ပါတယ်။

Cohesion

Module တစ်ခု အတွင်း မှာ ရှိသည့် အစိတ်အပိုင်း functions, data က တူညီသည့် ရည်ရွယ်ချက် တစ်ခု အတွက် ဘယ်လောက်ထိ ဆက်စပ်မှု ရှိလဲ ဆိုတာကို တိုးတာ ခြင်းပါ။ **High Cohesion** ဖြစ်ဖို့ လိုပါတယ်။ ဆိုလိုတာက Module တစ်ခုက တာဝန်တစ်ခု တည်းကို သာ ကောင်းကောင်း လုပ်ဆောင်သင့်ပါတယ်။

ဥပမာ - `EmailService` module ဆိုရင် Email ပို့တာ နဲ့ ပတ်သက်သည့် အလုပ်တွေကိုပဲ လုပ်သင့်ပါတယ်။ User Login ဝင်တာ ပိုက်ဆံ ရှင်းတာ သွားမလုပ်သင့်ပါဘူး။

ဒီအဆင့်မှာ High Cohesion နဲ့ Single Responsibility ကို တူတယ်လို့ ထင်ကြတာ ရှိတယ်။ တကယ်တန်း က မတူပါဘူး။

ဥပမာ High Cohesion လို့ ထင်ရပေမယ့် SRP မရှိသည့် class တစ်ခုကို ကြည့်ရအောင်။

```
class UserProfile {
        updateUsername(id: number, newName: string) {
                // Update name logic
        }
        updateAvatar(id: number, image: Blob) {
                // Image resizing & upload logic
        }
        changePassword(id: number, newPass: string) {
                // Encryption logic
        }
}
```

ဒီနေရာမှာ မတူညီသည့် ရှုထောင့် နှစ်ခု နဲ့ သုံးသပ်ကြည့်ပါမယ်။

Cohesion အရ High Cohesion ဖြစ်နေပါတယ်။ Method ၃ ခု လုံး က User နဲ့ ဆိုင်တယ်။ Username ပြောင်းတာ User ပုံပြောင်းတာ User Password ပြောင်းတာ။ အကုန် User အကြောင်း ချည်းပါပဲ။ တူရာ စုထား တာပါ။ ဒါကြောင့် High Cohesion လို့ ပြောလို့ရတယ်။

SRP အရတော့ ချိုးဖောက်နေပါတယ်။ SRP အရ ဒီ Class ကို ဘယ်သူ လာပြင်မှာလဲ။ Security အရ change password ကို လုပ်မယ်။ design အရ updateAvatar ကို လုပ်မယ်။ database အရ updateUsername လုပ်မယ်။

User ဆိုသည့် ခေါင်းစဥ် အောက်မှာ စုထားလို့ Cohesion ရှိတယ် လို့ ထင်ရပေမယ့် တကယ်တန်း ပြင်ဆင်ရမည့် response to change က မတူဘူး။ SRP ဖြစ်မနေဘူး။ တနည်းပြောရင် High Chohesion ရှိတယ်။ SRP မဖြစ်ဘူး။ SRP ဖြစ်တာ နဲ့ အများအားဖြင့် အလိုလို High Cohesion ဖြစ်သွားပါတယ်။ ဒါပေမယ့် High Cohesion ဖြစ်တိုင်း SRP ဖြစ်မနေပါဘူး။

SRP ဖြစ်အောင် `UserProfile` ကို ပြင်ရရင်

- UserAuth
- UserMedia
- UserData

ဆိုပြီး class တွေ ခွဲထုတ်မှ သာ ရပါမယ်။

တနည်းဆိုရရင်

- High Cohesion က ခေါင်းစဥ် ကို ကြည့်တယ်။ ဥပမာ ဒါတွေ အကုန်လုံး User နဲ့ ဆိုင်လား။ ဆိုင်ရင် တနေရာတည်းထားမယ်
- SRP က အပြောင်းအလဲ ကို ကြည့်တယ်။ ဥပမာ ဒီ code ကို ပြင်ရမယ့် အကြောင်းအရင်း က ဘယ်နှစ်ခု ရှိလဲ။ တစ်ခု ထက် ပိုရင် ခွဲထုတ်မယ်။

ထပ်ပြီး နားလည်အောင် ပြောရရင် `StringUtlis` class တစ်ခုမှာ

- `reverseString()`

- `capitalize()`
- `htmlEncode()`
- `encryptPassowrd()`

တို့ပါတယ်။ ဒါက High Cohesion ဖြစ်တယ်။ ဒါပေမယ့် SPR ဖြစ်မနေဘူး။ Encryption က security နဲ့ ဆိုင်တယ်။ HTML encoding က Encoding နဲ့ ဆိုင်တယ်။ Logic တွေက string ဆိုသည့် ခေါင်းစဉ်အောက်မှာ စုနေပေမယ့် ပြောင်းလဲရမယ့် အကြောင်းအရင်း က တူမနေပါဘူး။

Coupling

Module နှစ်ခု သို့မဟုတ် နှစ်ခု ထက် ပိုသည့် Module တွေ အချင်းချင်း ဘယ်လောက် ထိ မှီခိုနေလဲ ဆိုတာပါ။ **Low Coupling** ဖြစ်ဖို့ ကို ရည်မှန်းရပါမယ်။ Module တွေက တတ်နိုင်သမျှ လွတ်လပ်စွာ ရည်တည်နိုင်သင့်တယ်။ ဥပမာ - `Payment` Module ကို ပြင်လိုက်တာနဲ့ `Product` module ကို လိုက်ပြင်နေရရင် ဒါ Coupling များနေတာပါ။ မကောင်းပါဘူး။



a) Good (loose coupling, high cohesion)



b) Bad (high coupling, low cohesion)

ဒီပုံမှာ ဆိုရင် dot လေးတွေက function ဆိုပါဆိုတော့ ။ loose coupling မှာ ဆိုရင် အများကြီး မှီခိုမှု မရှိဘူး။ တနည်းပြောရင် တနေရာ ပဲ ရှိတယ်ပေါ့။ high coupling ဆိုရင် ဒီ function ထဲကို ဒီဘက်က data တွေ pass လုပ်ပေးနေရသည့် သဘော။ ဥပမာ MPU Payment ကနေ KBZ Payment ပြောင်းချင်လို့ Product ဘက်က accept payment နေရာမှာ ပြန်ပြင်ရတာမျိုး။ ဥပမာ

```
function payment(MPUPayment payment) {
}
```

ဒါဆိုရင် MPUPayment ကို မှီခိုနေတာတွေ့ရမှာပါ။ အကယ်၍ MPU မသုံးတော့ဘူး။ KBZ ပြောင်းမယ်ဆိုရင် ဒီ function ပြန်ပြင်ရပါပြီ။ ဒါမမဟုတ် နောက်ထပ် function တစ်ခု ထပ်လုပ်ရပါပြီ။

Modularity

စနစ်ကြီး တစ်ခုလုံး ကို သေးငယ်ပြီး လွတ်လပ်သည့် စားထိုးလို့ လွယ်သည့် Module လေးတွေ အဖြစ် ခွဲခြမ်း စိတ်ဖြာ တည်ဆောက်တာပါ။ Lego တုံးလေးတွေ လိုပါပဲ။ ပျက်သွားရင် အဲဒီ အတုံးလေးပဲ ဖြုတ်လဲလိုက်လို့ရသလိုမျိုး Maintainability နဲ့ Reusability ကို ကောင်းမွန်စေပါတယ်။

၅.၂ Software Architecture Fundamentals

၅.၂.၁ Architectural Styles vs. Patterns vs. Tactics

1. Architectural Style

ဒါက အမြင့်ဆုံး Level ဖြစ်ပါတယ်။ စနစ်တစ်ခုလုံးကို ဘယ်လို ပုံစံမျိုးနဲ့ တည်ဆောက်မလဲဆိုတဲ့ အခြေခံ အယူအဆ (Philosophy) သို့မဟုတ် အမျိုးအစား (Category) ဖြစ်ပါတယ်။

- **ဆောက်လုပ်ရေး ဥပမာ:** အိမ်ဆောက်မယ် ဆိုပါစို့။ "ကိုလိုနီခေတ် ပုံစံ အိမ်ဆောက်မလား"၊ "ခေတ်မီ မှန်လုံ တိုက်အိမ် ဆောက်မလား"၊ "မြန်မာမှု ပုံစံ သစ်သားအိမ် ဆောက်မလား" ဆိုတာမျိုးပါ။ ဒါက အိမ်တစ်ခုလုံးရဲ့ Style ပါ။
- **Software ဥပမာ:**
  - **Monolithic Style:** အားလုံးကို တစ်စုတစ်စည်းတည်း တည်ဆောက်တာ။
  - **Microservices Style:** ဝန်ဆောင်မှု အသေးလေးတွေ အဖြစ် ခွဲထုတ် တည်ဆောက်တာ။
  - **Client-Server Style:** အသုံးပြုသူအပိုင်း (Client) နဲ့ ဝန်ဆောင်မှုပေးတဲ့အပိုင်း (Server) ခွဲခြားထားတာ။
  - **Event-Driven Style:** အလုပ်တွေကို Event တွေအပေါ် အခြေခံပြီး မောင်းနှင်တာ။

2. Architectural Pattern

Style တစ်ခုရဲ့ အောက်မှာမှ တွေ့ကြုံနေကျ ပြဿနာတွေကို ဖြေရှင်းဖို့ စနစ်တကျ ချမှတ်ထားတဲ့ ဖွဲ့စည်းပုံ (Structural Solution) တွေ ဖြစ်ပါတယ်။ Component တွေ ဘယ်လို ဖွဲ့စည်းထားလဲ၊ ဘယ်လို ချိတ်ဆက်လဲ ဆိုတာကို သတ်မှတ်ပေးတာပါ။

- **ဆောက်လုပ်ရေး ဥပမာ:** ခေတ်မီ တိုက်အိမ် (Style) ဆောက်မယ်လို့ ဆုံးဖြတ်ပြီးပြီ။ အိမ်ထဲမှာ အခန်းတွေ ဘယ်လိုဖွဲ့မလဲ။ "ဧည့်ခန်း နဲ့ မီးဖိုချောင် တွဲထားတဲ့ (Open Kitchen) ပုံစံ ဖွဲ့မလား"၊ "အိပ်ခန်းတိုင်းမှာ ရေချိုးခန်း တွဲလျက် ပါတဲ့ (Master Bedroom) ပုံစံ ဖွဲ့မလား"။ ဒါတွေက အခန်းဖွဲ့စည်းပုံဆိုင်ရာ Pattern တွေပါ။
- **Software ဥပမာ:**
    - **Layered Pattern (n-tier):** Presentation, Business Logic, Database ဆိုပြီး အလွှာလိုက် ခွဲခြား တည်ဆောက်တာ။
    - **MVC (Model-View-Controller):** User Interface နဲ့ Logic ကို သီးသန့် ခွဲထုတ်ထားတာ။
    - **Pub-Sub (Publisher-Subscriber):** သတင်းအချက်အလက် ပို့သူနဲ့ လက်ခံသူ ကြားမှာ တိုက်ရိုက် မချိတ်ဆက်ဘဲ ကြားခံစနစ်နဲ့ ချိတ်ဆက်တာ။

3. Architectural Tactic (အရည်အသွေးဆိုင်ရာ နည်းဗျူဟာ)

ဒါကတော့ ဖွဲ့စည်းပုံ အကြီးကြီး ပြောင်းတာမျိုး မဟုတ်ဘဲ Quality Attribute (Performance, Security, Availability) တစ်ခုခု ကောင်းလာအောင် လုပ်ဆောင်လိုက်တဲ့ သီးသန့် နည်းဗျူဟာ (Design Decision) လေးတွေ ဖြစ်ပါတယ်။

- **ဆောက်လုပ်ရေး ဥပမာ:** အိမ်ပုံစံ (Style) နဲ့ အခန်းဖွဲ့စည်းပုံ (Pattern) ရပြီ။ အခု "လုံခြုံရေး ကောင်းချင်တယ် (Security)"။ ဒါဆိုရင် ခြံစည်းရိုးမှာ သံဆူးကြိုး ကာမယ်၊ CCTV တပ်မယ်။ "မီးပျက်ရင် မီးရချင်တယ် (Availability)"။ ဒါဆို မီးစက် (Generator) တပ်ထားမယ်။ ဒီလို တပ်ဆင်လိုက်တဲ့ အရာတွေက Tactic ပါပဲ။
- **Software ဥပမာ:**
    - **Heartbeat:** Server အလုပ်လုပ်နေလား သိရအောင် အချက်ပြ စစ်ဆေးခြင်း (Availability အတွက် Tactic)။
    - **Caching:** Data ကို မြန်မြန် ရအောင် ယာယီ သိမ်းထားခြင်း (Performance အတွက် Tactic)။
    - **Encryption:** Data တွေကို လျှို့ဝှက်ကုဒ် ပြောင်းခြင်း (Security အတွက် Tactic)။
    - **Redundancy:** Server တစ်လုံး ပျက်ရင် နောက်တစ်လုံး အလုပ်လုပ်ဖို့ အပိုထားခြင်း (Reliability အတွက် Tactic)။

၅.၂.၂ Quality Attributes and Architectural Tradeoffs

Quality Attributes ဆိုတာ အခန်း ၄ မှာ ဆွေးနွေးခဲ့တဲ့ **Non-Functional Requirements (NFRs)** တွေကို Architecture ရှုထောင့်ကနေ နည်းပညာဆန်ဆန် ခေါ်ဝေါ်တဲ့ စကားရပ်ဖြစ်ပါတယ်။ စနစ်တစ်ခုက "ဘာလုပ်ပေးနိုင်သလဲ" ဆိုတာထက် "ဘယ်လို လုပ်ပေးသလဲ (Quality)" ဆိုတာကို တိုင်းတာတာပါ။

Architect တစ်ယောက်ရဲ့ အဓိက အလုပ်က ဒီ Quality Attribute တွေကို မျှတအောင် ချိန်ညှိပေးရတာပါ။ ဘာလို့လဲဆိုတော့ Software Engineering မှာ **"No Free Lunch"** ဆိုတဲ့ စကားလိုပါပဲ။ အရည်အသွေးတစ်ခု ကောင်းအောင် လုပ်လိုက်ရင် နောက်တစ်ခု ကျသွားတတ်လို့ပါ။ ဒီသဘောတရားကို **Tradeoff** လို့ခေါ်ပါတယ်။

The Art of Tradeoffs

အကောင်းဆုံး Architecture ဆိုတာ နေရာတိုင်းမှာ ပြည့်စုံနေတာမျိုး မဟုတ်ပါဘူး။ Project ရဲ့ Business Goal ပေါ်မူတည်ပြီး ဘယ်အရာကို အနစ်နာခံမလဲ၊ ဘယ်အရာကို ဦးစားပေးမလဲဆိုတာ ဆုံးဖြတ်ထားတဲ့ Architecture သာလျှင် အကောင်းဆုံး ဖြစ်ပါတယ်။

ထင်ရှားတဲ့ Architectural Tradeoff ဥပမာတွေကို ကြည့်လိုက်ရအောင်။

၁။ Performance vs. Security (စွမ်းဆောင်ရည် နှင့် လုံခြုံရေး)

Data တွေကို လုံခြုံအောင် Encryption တွေ အများကြီး ခံမယ်၊ Firewall တွေ အထပ်ထပ် စစ်မယ်၊ 2-Factor Authentication (2FA) တွေ ခံမယ်ဆိုရင် **Security** အရမ်းကောင်းသွားပါမယ်။ ဒါပေမဲ့ တဖက်မှာ Processing လုပ်ရတာ များသွားတဲ့အတွက် **Performance** အနည်းငယ် ကျသွားနိုင်သလို၊ User အနေနဲ့လည်း အဆင့်ဆင့် ဖြတ်ကျော်ရတဲ့အတွက် **Usability** လည်း ကျသွားနိုင်ပါတယ်။

- **Tradeoff Decision:** ဘဏ်ဆော့ဖ်ဝဲလ် (Bank App) ဖြစ်ရင် Security ကို ဦးစားပေးပြီး Performance အနည်းငယ် နှေးတာကို လက်ခံရပါမယ်။ ဒါပေမဲ့ Game တစ်ခုဆိုရင်တော့ Performance က အဓိက ဖြစ်ပြီး Security ကို ဒုတိယ နေရာ ထားရပါလိမ့်မယ်။

၂။ Scalability vs. Cost (တိုးချဲ့နိုင်စွမ်း နှင့် ကုန်ကျစရိတ်)

စနစ်ကို လူသိန်းချီ သုံးနိုင်အောင် Server တွေ အများကြီး ခွဲထားမယ် (Microservices သုံးမယ်)၊ Auto-scaling လုပ်ထားမယ်ဆိုရင် **Scalability** အရမ်းကောင်းပါတယ်။ ဒါပေမဲ့ Server ဖိုး **Cost** (ကုန်ကျစရိတ်) တွေ တက်လာသလို၊ စနစ်က ရှုပ်ထွေးလာတဲ့အတွက် Maintain လုပ်ရခက်ခဲ (**Complexity**) လာပါတယ်။

- **Tradeoff Decision:** Startup စစချင်းမှာ ငွေမရှိသေးတဲ့အတွက် Monolithic နဲ့ စပြီး Scalability ကို ခဏမေ့ထားတာက မှန်ကန်တဲ့ Tradeoff ဖြစ်နိုင်ပါတယ်။

၃။ Time-to-Market vs. Maintainability (မြန်မြန်ပြီးခြင်း နှင့် ပြုပြင်ထိန်းသိမ်းမှု)

Market ထဲကို အမြန်ရောက်အောင် Code တွေကို အမြန်ရေးမယ်၊ Design Pattern တွေ သိပ်မလိုက်နာဘူး၊ Test တွေ သိပ်မရေးဘူးဆိုရင် **Time-to-Market** မြန်ပါမယ်။ ဒါပေမဲ့ ရေရှည်မှာ Code တွေ ရှုပ်ပွပြီး ပြန်ပြင်ရ ခက်သွားတဲ့ **Technical Debt** တွေ တင်လာပါလိမ့်မယ်။

အောက်ပါ Diagram မှာ Tradeoff သဘောတရားကို ရှင်းပြထားပါတယ်။ တစ်ဖက်ကို ဆွဲတင်လိုက်ရင် ကျန်တစ်ဖက်က လျော့သွားတတ်တဲ့ သဘောပါ။



၅.၂.၃ Architecture Documentation and Views (4+1 Model)

Software Architecture တစ်ခုကို တည်ဆောက်တဲ့အခါ "မှန်ကန်တဲ့ Documentation ရှိဖို့" ဆိုတာ အင်မတန် အရေးကြီးပါတယ်။ ဒါပေမဲ့ ပြဿနာက ရှုပ်ထွေးလှတဲ့ စနစ်ကြီးတစ်ခုလုံးကို Diagram တစ်ခုတည်းနဲ့ ပြည့်စုံအောင် ဆွဲပြဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး။ အိမ်ဆောက်တဲ့အခါမှာတောင် အိမ်ရဲ့ အလှအပကို ပြတဲ့ ပုံစံ၊ ရေပိုက်သွယ်တန်းပုံ၊ မီးကြိုးသွယ်တန်းပုံ ဆိုပြီး ပုံစံမျိုးစုံ (Blueprints) လိုအပ်သလိုပါပဲ။

ဒီပြဿနာကို ဖြေရှင်းဖို့ Philippe Kruchten က **4+1 View Model** ကို မိတ်ဆက်ခဲ့ပါတယ်။ သူက စနစ်တစ်ခုကို ရှုထောင့် (View) ၅ ခုခွဲပြီး ကြည့်ဖို့ အကြံပြုထားပါတယ်။ ဒါမှသာ သက်ဆိုင်ရာ Stakeholder တွေက မိမိတို့ လိုအပ်တဲ့ အချက်အလက်ကို ရှင်းရှင်းလင်းလင်း မြင်ရမှာ ဖြစ်ပါတယ်။



၁. Logical View (The Functional View)

ပစ်မှတ်: End-users, Business Analysts, Designers

ရည်ရွယ်ချက်: System က "ဘာလုပ်ပေးမလဲ" ဆိုတဲ့ Functional Requirement တွေကို အဓိက ဖော်ပြပါတယ်။ User တွေ လိုချင်တဲ့ လုပ်ဆောင်ချက်တွေကို System ရဲ့ အစိတ်အပိုင်းတွေ (Classes, Objects) က ဘယ်လို ပံ့ပိုးပေးသလဲ ဆိုတာ ပြသပါတယ်။

အသုံးများသော Diagram များ: Class Diagram, Object Diagram, State Diagram

ဥပမာ: E-commerce system တစ်ခုမှာ Customer, Product, Order စတဲ့ Class တွေ ဘယ်လို ဆက်စပ်နေလဲ၊ Data တွေ ဘယ်လို တည်ဆောက်ထားလဲ ဆိုတာ ပြသတာမျိုးပါ။

၂. Process View (The Concurrency View)

ပစ်မှတ်: System Integrators, Developers

ရည်ရွယ်ချက်: System ရဲ့ Runtime Behavior (အလုပ်လုပ်နေချိန် အခြေအနေ) ကို ဖော်ပြပါတယ်။ Performance, Scalability, Concurrency စတဲ့ Non-Functional Requirement တွေကို ဖြေရှင်းဖို့ Thread တွေ၊ Process တွေ ဘယ်လို အလုပ်လုပ်လဲ၊ Data တွေ ဘယ်လို စီးဆင်းလဲ ဆိုတာ ပြသပါတယ်။

အသုံးများသော Diagram များ: Sequence Diagram, Activity Diagram

ဥပမာ: Order တစ်ခု တက်လာချိန်မှာ Payment Process က Background Thread နဲ့ ဘယ်လို အလုပ်လုပ်လဲ၊ Database ထဲကို Write နေတုန်း အခြား User က Read ရင် ဘယ်လို ဖြစ်မလဲ ဆိုတာမျိုးပါ။

၃. Development View (The Implementation View)

ပစ်မှတ်: Programmers, Software Managers

ရည်ရွယ်ချက်: Software ကို ရေးသားရာမှာ Code တွေကို ဘယ်လို ဖွဲ့စည်းထားလဲ ဆိုတာ ဖော်ပြပါတယ်။ Source Code တွေ၊ Library တွေ၊ Package တွေကို ဘယ်လို စုစည်းထားလဲ (Project Structure) ဆိုတာ ပြသပါတယ်။ Teamwork နဲ့ Software Management အတွက် အရေးကြီးပါတယ်။

အသုံးများသော Diagram များ: Component Diagram, Package Diagram

ဥပမာ: BillingModule, InventoryModule, UIModule စသည်ဖြင့် Package တွေ ခွဲခြားထားပုံနဲ့ သူတို့ကြားက မှီခိုမှု (Dependency) ကို ပြသတာပါ။ "Inventory Module ပြင်လိုက်ရင် Billing Module ပါ လိုက်ပြင်ရမလား" ဆိုတာ ဒီ View မှာ ကြည့်ရပါတယ်။

၄. Physical View (The Deployment View)

ပစ်မှတ်: System Engineers, Network Administrators (DevOps)

ရည်ရွယ်ချက်: ရေးသားထားတဲ့ Software Component တွေကို Hardware (Server, Network, Cloud) ပေါ်မှာ ဘယ်လို တပ်ဆင် (Deploy) မလဲ ဆိုတာ ဖော်ပြပါတယ်။

အသုံးများသော Diagram များ: Deployment Diagram

ဥပမာ: Web Server ကို AWS EC2 ပေါ်တင်မယ်၊ Database ကို RDS မှာ ထားမယ်၊ သူတို့နှစ်ခု Private Network နဲ့ ချိတ်မယ်၊ Load Balancer ကို ရှေ့က ခံမယ် ဆိုတာမျိုး ပြသတာပါ။

၅. +1 Scenarios (The Use Case View)

ပစ်မှတ်: All Stakeholders

ရည်ရွယ်ချက်: ဒါက အထက်ပါ View ၄ ခုလုံးကို ချိတ်ဆက်ပေးတဲ့ အရာ ဖြစ်ပါတယ်။ အရေးကြီးတဲ့ Use Case တွေ (Scenarios) ကို အသုံးပြုပြီး Architecture က တကယ် အလုပ်ဖြစ်ကြောင်း သက်သေပြတာပါ။ View ၄ ခုလုံးဟာ ဒီ Scenario တွေကို ပြီးမြောက်အောင် ပံ့ပိုးပေးနိုင်ရပါမယ်။

အသုံးများသော Diagram များ: Use Case Diagram

ဥပမာ: "User တစ်ယောက် ပစ္စည်းဝယ်ယူခြင်း" ဆိုတဲ့ Scenario တစ်ခုကို ယူပြီး၊ Logical View မှာ ဘယ် Class တွေပါမလဲ၊ Process View မှာ ဘယ်လို Flow သွားမလဲ၊ Physical View မှာ ဘယ် Server တွေပါမလဲ ဆိုတာကို ရှင်းပြတာ ဖြစ်ပါတယ်။

၅.၂.၄ The C4 Model

4+1 Model က ပြည့်စုံကောင်းမွန်ပေမယ့် တစ်ခါတစ်ရံမှာ Diagram တွေ များပြားပြီး ရှုပ်ထွေးနိုင်ပါတယ်။ ဒါကြောင့် Agile Development ခေတ်စားလာတဲ့ နောက်ပိုင်းမှာ **Simon Brown** မိတ်ဆက်ခဲ့တဲ့ **C4 Model** က ပိုပြီး လူကြိုက်များလာပါတယ်။

C4 Model ရဲ့ အားသာချက်က Google Maps လိုမျိုး **Zoom-in/Zoom-out** လုပ်ကြည့်နိုင်တဲ့ သဘောတရား (Abstraction Levels) ပါဝင်တာပါ။ ဥပမာ ကမ္ဘာ့မြေပုံ (Context) ကနေ နိုင်ငံ (Container)၊ မြို့ (Component)၊ လမ်းမများ (Code) ဆိုပြီး အဆင့်ဆင့် ကြည့်သလိုမျိုး Software ကို ကြည့်ရှုနိုင်ပါတယ်။

C4 Model မှာ အဓိက Level ၄ ခု ရှိပါတယ်။ ဥပမာအနေနဲ့ **Internet Banking System** တစ်ခုကို တည်ဆောက်ပုံနဲ့ လေ့လာကြည့်ရအောင်။

Level 1: System Context Diagram (The Big Picture)

ဒါက အပေါ်စီးကနေ ကြည့်တာပါ။ ကျွန်တော်တို့ တည်ဆောက်မယ့် စနစ် (Software System) က ဘယ်သူတွေ (Users) နဲ့ ဆက်သွယ်နေလဲ၊ တခြား ဘယ် ပြင်ပစနစ် (External Systems) တွေနဲ့ ချိတ်ဆက်နေလဲ ဆိုတာ ဖော်ပြပါတယ်။

ဒီ Diagram ကို Technical မဟုတ်တဲ့ Project Manager တွေ၊ Business Owner တွေပါ နားလည်နိုင်ပါတယ်။

Banking System Example:

အောက်ကပုံမှာ User က Banking System ကို သုံးတယ်။ System ကနေ Email ပို့တာရယ်၊ ငွေစာရင်း သိမ်းထားတဲ့ Mainframe System ကြီးနဲ့ ချိတ်ဆက်တာရယ်ကို မြင်ရမှာပါ။



Level 2: Container Diagram (The High-Level Tech View)

Level 1 ကို Zoom-in လုပ်လိုက်ရင် တွေ့ရမယ့် အပိုင်းပါ။ ဒီနေရာမှာ "Container" ဆိုတာ Docker Container တစ်ခုတည်းကို ဆိုလိုတာ မဟုတ်ပါဘူး။ **သီးခြား Run နိုင်တဲ့ Unit** တွေ (Deployable Units) ကို ဆိုလိုတာပါ။

- **Web Application:** Browser မှာ run မယ့် အပိုင်း
- **Mobile App:** ဖုန်းထဲမှာ run မယ့် အပိုင်း
- **API Application:** Server ပေါ်မှာ Logic တွေ run မယ့် အပိုင်း
- **Database:** Data သိမ်းမယ့် အပိုင်း

Developer တွေနဲ့ Architect တွေအတွက် အရေးကြီးဆုံး Level ဖြစ်ပါတယ်။

Banking System Example:

User က Web App သို့မဟုတ် Mobile App ကနေတဆင့် API ကို လှမ်းခေါ်မယ်။ API ကမှ Database နဲ့ Mainframe ကို ဆက်သွယ်ပြီး အလုပ်လုပ်မယ်ဆိုတာ တွေ့ရမှာပါ။



Level 3: Component Diagram (The Internal Structure)

Container တစ်ခု (ဥပမာ - API Application) ကို ထပ်ပြီး Zoom-in လုပ်တာပါ။ Container အတွင်း မှာရှိတဲ့ အဓိက Component တွေ (Module တွေ၊ Controller တွေ၊ Service တွေ) ဘယ်လို ဖွဲ့စည်း ထားလဲ ဆိုတာ ပြသပါတယ်။

ဒါကတော့ ကုဒ်ရေးမယ့် Developer တွေအတွက် သီးသန့် ရည်ရွယ်ပါတယ်။ "Sign In Controller က Security Component ကို သုံးတယ်၊ ပြီးမှ Database ကို ဆက်သွယ်တယ်" ဆိုတာမျိုး အသေးစိတ် မြင်ရပါမယ်။

Banking System Example (API Application အတွင်းပိုင်း):



Level 4: Code

ဒါကတော့ Component တစ်ခုရဲ့ အတွင်းပိုင်း Implementation (Class Diagram, Interface Definition) ဖြစ်ပါတယ်။ များသောအားဖြင့် ဒီအဆင့်က အရမ်းအသေးစိတ်ကျလွန်းတဲ့အတွက် အလိုအလျောက် Generate လုပ်တဲ့ Tool (IDEs) တွေကို သုံးလေ့ရှိပါတယ်။ Architecture Diagram ဆွဲရာမှာတော့ Level 3 အထိဆွဲရင် လုံလောက်ပြီလို့ ယူဆကြပါတယ်။

၅.၂.၅ Architecture Decision Records (ADRs)

Diagram တွေက စနစ်ရဲ့ "ပုံစံ" ကို ပြသနိုင်ပေမယ့် "ဘာကြောင့် ဒီပုံစံကို ရွေးချယ်ခဲ့တာလဲ" ဆိုတဲ့ အကြောင်းပြချက်ကိုတော့ မပြောပြနိုင်ပါဘူး။ ဥပမာ - Level 2 Diagram မှာ Database ကို PostgreSQL သုံးမယ်လို့ ပြထားပေမယ့်၊ ဘာကြောင့် MySQL မသုံးဘဲ PostgreSQL သုံးရတာလဲ ဆိုတဲ့ အကြောင်းပြချက် မရှိပါဘူး။

ဒါကြောင့် ခေတ်မီ Software Team တွေမှာ **Architecture Decision Records (ADRs)** ကို အသုံးပြုကြပါတယ်။ ဒါက အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို မှတ်တမ်းတင်ထားတဲ့ Document (Markdown file) လေးတွေပါ။

ADR တစ်ခုမှာ ပုံမှန်အားဖြင့် အောက်ပါ အချက်တွေ ပါဝင်ပါတယ်။

1. **Title:** ဆုံးဖြတ်ချက် ခေါင်းစဉ် (ဥပမာ - "Use PostgreSQL instead of MySQL")
2. **Status:** အခြေအနေ (Proposed, Accepted, Deprecated)
3. **Context:** ဘာပြဿနာ ဖြစ်နေလဲ။ ဘာရွေးချယ်စရာတွေ ရှိလဲ။ (ဥပမာ - We need JSON support and complex queries)
4. **Decision:** ဘာကို ရွေးချယ်လိုက်လဲ။ (We will use PostgreSQL)
5. **Consequences:** ဒီဆုံးဖြတ်ချက်ကြောင့် ဘာကောင်းကျိုးတွေ ရမလဲ၊ ဘာဆိုးကျိုး (Tradeoffs) တွေ ရှိလာမလဲ။

ADR တွေကို သိမ်းဆည်းထားခြင်းအားဖြင့် နောက်ရောက်လာတဲ့ Developer တွေအနေနဲ့ "ဘာလို့ ဒီလို ရေးထားတာလဲ" ဆိုတာကို ရှင်းရှင်းလင်းလင်း နားလည်နိုင်မှာ ဖြစ်ပါတယ်။

၅.၂.၆ Important Architectural Laws

Software Architecture လောကမှာ "Software ရဲ့ ရူပဗေဒ နိယာမများ" လို့ တင်စားခေါ်ဝေါ်ကြတဲ့ စည်းမျဉ်းတွေ ရှိပါတယ်။ ဒီနိယာမတွေကို နားလည်ထားခြင်းက ဒီဇိုင်းအမှား (Design Flaws) တွေကို ကြိုတင် ရှောင်ရှားနိုင်ဖို့ ကူညီပေးပါလိမ့်မယ်။

၁. Conway's Law (Organization vs. Architecture)

> "Any organization that designs a system will produce a design whose structure is a copy of the organization's communication structure." — Melvin Conway

ဆိုလိုရင်း:

System တစ်ခုကို Design လုပ်တဲ့ အဖွဲ့အစည်းတွေဟာ သူတို့ရဲ့ ဖွဲ့စည်းပုံ (Organization Structure) နဲ့ ပုံစံတူတဲ့ Design တွေကိုသာ ထုတ်လုပ်လေ့ရှိတယ် ဆိုတဲ့ နိယာမ ပါ။

ဥပမာ:

သင့်ကုမ္ပဏီမှာ Frontend Team နဲ့ Backend Team ဆိုပြီး သီးသန့်ခွဲထားရင်၊ သင့်ရဲ့ Software Architecture ကလည်း Frontend နဲ့ Backend တိတိကျကျ ကွဲနေတဲ့ ပုံစံ ဖြစ်လာပါလိမ့်မယ်။ အကယ်၍ Team ၄ ခု ခွဲပြီး Compiler တစ်ခုကို ရေးခိုင်းရင်၊ 4-pass Compiler ထွက်လာဖို့ သေချာသလောက် ရှိပါတယ်။

Architect တစ်ယောက်အနေနဲ့ ဘာလုပ်ရမလဲ:

လိုချင်တဲ့ Architecture ပုံစံ (ဥပမာ - Microservices) ရှိရင်၊ အဖွဲ့အစည်း ဖွဲ့စည်းပုံကို အရင် ပြောင်းလဲဖို့ လိုကောင်း လိုပါလိမ့်မယ်။ ဒါကို Inverse Conway Maneuver လို့ ခေါ်ပါတယ်။



၂. CAP Theorem (Distributed Systems Dilemma)

Distributed Data Store (Server အများကြီးဖြန့်ထားတဲ့ Database) တစ်ခုမှာ အောက်ပါ ၃ ချက်ထဲက **၂ ချက်** ကိုသာ တစ်ပြိုင်နက် ရရှိနိုင်ပါတယ်။ ၃ ခုလုံး တပြိုင်နက် ရဖို့ မဖြစ်နိုင်ပါဘူး။

1. **Consistency (C):** Server အားလုံးမှာ Data တူညီနေရမယ် (နောက်ဆုံး ပြင်လိုက်တဲ့ Data ကိုပဲ မြင်ရမယ်)။
2. **Availability (A):** Server တစ်လုံး ပျက်နေရင်တောင် အမြဲတမ်း တုံ့ပြန်မှု (Response) ရနေရမယ်။
3. **Partition Tolerance (P):** Network ပြတ်တောက်မှု (Network Failure) ဖြစ်နေရင်တောင် စနစ်က ဆက်လက် အလုပ်လုပ်နိုင်ရမယ်။

Distributed System ဆိုတာ Network ပေါ်မှာ တည်ဆောက်ထားတာဖြစ်လို့ Network ပြတ်တောက်မှု (Partition) က ရှောင်လွှဲမရပါဘူး။ ဒါကြောင့် **(P) က မဖြစ်မနေ ယူရမှာ ဖြစ်ပြီး**၊ ကျန်တဲ့ (C) နဲ့ (A) ထဲက တစ်ခုကိုပဲ ရွေးချယ်ခွင့် ရှိပါတော့တယ်။

- **CP (Consistency + Partition Tolerance):** Banking System မျိုးပါ။ Data မငြိမ်မချင်း (Network ကျနေရင်) အလုပ်လုပ်မခံပါဘူး။ (Data မှန်ဖို့ အဓိက)
- **AP (Availability + Partition Tolerance):** Social Media မျိုးပါ။ လိုင်းကျနေလည်း Post တင်လို့ ရနေမယ်၊ သူများတင်တာ မြင်နေရမယ်။ Data နည်းနည်း နောက်ကျတာ ကိစ္စမရှိပါဘူး။ (သုံးလို့ရဖို့ အဓိက)



(မှတ်ချက် - မျဉ်းကြောင်း တစ်ခုကိုပဲ ရွေးလို့ရတဲ့ သဘောပါ)

၃. Gall's Law (Complexity Evolution)

> "A complex system that works is invariably found to have evolved from a simple system that worked." — John Gall

ဆိုလိုရင်း:

ရှုပ်ထွေးပြီး အလုပ်ဖြစ်တဲ့ စနစ်ကြီးတွေဟာ ရိုးရှင်းပြီး အလုပ်ဖြစ်တဲ့ စနစ်လေးတွေကနေ တဖြည်းဖြည်း ပြောင်းလဲတိုးတက်လာတာ ဖြစ်ပါတယ်။ အစကတည်းက ရှုပ်ထွေးတဲ့ စနစ်ကြီး တစ်ခုကို တည်ဆောက်ဖို့ ကြိုးစားရင် အလုပ်မဖြစ်ဘဲ ကျဆုံးဖို့ များပါတယ်။

Architect တစ်ယောက်အနေနဲ့ ဘာလုပ်ရမလဲ:

Microservices တွေ၊ ရှုပ်ထွေးတဲ့ Architecture တွေနဲ့ စတင်မယ့်အစား၊ MVP (Minimum Viable Product) သို့မဟုတ် ရိုးရှင်းတဲ့ Monolithic နဲ့ စတင်ပါ။ အလုပ်ဖြစ်မှ တဖြည်းဖြည်း ချဲ့ထွင် (Scale) ပါ။

၄. Murphy's Law (Design for Failure)

> "Anything that can go wrong will go wrong."

ဆိုလိုရင်း:

မှားယွင်းနိုင်တဲ့ အရာမှန်သမျှဟာ တစ်ချိန်ချိန်မှာ မုချ မှားယွင်းပါလိမ့်မယ်။ Server တွေ မီးပျက်နိုင်တယ်၊ Hard Disk ပျက်နိုင်တယ်၊ Network ပြတ်နိုင်တယ်။

Architect တစ်ယောက်အနေနဲ့ ဘာလုပ်ရမလဲ:

Software Architecture ကို "အရာအားလုံး အဆင်ပြေနေမယ် (Happy Path)" လို့ ယူဆပြီး မဆွဲပါနဲ့။ "အရာအားလုံး ပျက်စီးနိုင်တယ်" လို့ ယူဆပြီး Fault Tolerance (အပျက်အစီး ခံနိုင်ရည်ရှိမှု)၊ Redundancy (အပိုဆောင်း စနစ်များ) နဲ့ Circuit Breaker တွေကို ထည့်သွင်း စဉ်းစားရပါမယ်။

၅.၃ Classic Architectural Patterns

Architecture တစ်ခုကို အစကနေ အသစ်တီထွင်စရာ မလိုပါဘူး။ နှစ်ပေါင်းများစွာကတည်းက သက်သေပြပြီးသား **Classic Patterns** တွေကို နားလည်ထားရင် ကိုယ့် System နဲ့ ကိုက်ညီမယ့် ပုံစံကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

၅.၃.၁ Layered Architecture (N-Tier)

Software ကို အလွှာ (Layers) တွေအဖြစ် ဖွဲ့စည်းတည်ဆောက်တာ ဖြစ်ပါတယ်။ ဒါက အသုံးအများဆုံးနဲ့ "General Purpose" အဖြစ်ဆုံး Pattern ပါ။ အလွှာတစ်ခုဟာ သူ့အောက်က အလွှာကိုပဲ ဆက်သွယ်ခွင့်ရှိပါတယ်။



- **Presentation Layer:** User နဲ့ အပြန်အလှန် ဆက်သွယ်တဲ့ အပိုင်း (UI သို့မဟုတ် API Endpoints)။
- **Business Logic Layer:** Application ရဲ့ အဓိက စည်းမျဉ်းစည်းကမ်းတွေကို ကိုင်တွယ်ပါတယ်။
- **Persistence Layer:** Database နဲ့ ဆက်သွယ်ပြီး Data တွေကို ရယူ/သိမ်းဆည်း ပေးပါတယ်။
- **Database:** Data တွေကို သိမ်းဆည်းပါတယ်။

Tradeoffs:

- **Pros:** နားလည်ရ လွယ်ကူတယ်။ Test လုပ်ရလွယ်တယ်။ (Separation of Concerns ရှိလို့)။
- **Cons:** "Sinkhole Anti-pattern" ဖြစ်နိုင်တယ်။ (တချို့ Request တွေက Logic ဘာမှ မရှိဘဲ အလွှာတွေသာ ဖြတ်သွားပြီး Performance ကျစေတာမျိုး)။

၅.၃.၂ Model-View-Controller (MVC) family

Interactive Application တွေ (Web & Mobile) အတွက် Standard ဖြစ်နေတဲ့ Pattern ပါ။ UI နဲ့ Logic ကို ရောမနေအောင် ခွဲထုတ်ထားတာပါ။



- **Model:** Application ရဲ့ Data နဲ့ Business Logic (State) ကို ကိုင်တွယ်ပါတယ်။
- **View:** Data ကို User ဆီ ပြသပေးတဲ့ အပိုင်း (UI) ပါ။
- **Controller:** User Input ကို လက်ခံပြီး Model နဲ့ View ကို ညွှန်ကြားပေးသူပါ။

Variants:

- **MVP (Model-View-Presenter):** Android Development အစောပိုင်းကာလတွေမှာ သုံးခဲ့ပါတယ်။ Controller အစား Presenter က View ကို တိုက်ရိုက် Update လုပ်ပါတယ်။
- **MVVM (Model-View-ViewModel):** Modern Frontend Frameworks (React, Vue, Angular) နဲ့ Mobile (SwiftUI, Jetpack Compose) မှာ သုံးပါတယ်။ Data Binding ကို အဓိကထားပါတယ်။

၅.၃.၃ Microkernel Architecture (Plug-in Architecture)

ဒါက System ကို Core နဲ့ Plug-in ဆိုပြီး ခွဲခြားတည်ဆောက်တာပါ။ အပို Feature တွေကို System ပြင်စရာမလိုဘဲ ထပ်ထည့်ချင်တဲ့အခါ သုံးပါတယ်။

ဥပမာ: VS Code, Eclipse, Chrome Browser (Extensions), Wordpress.



Tradeoffs:

- **Pros:** Extensibility (တိုးချဲ့နိုင်စွမ်း) အရမ်းကောင်းတယ်။ Core က သေးငယ်ပြီး မြန်ဆန်တယ်။
- **Cons:** Plugin တွေအချင်းချင်း စကားပြောဖို့ ခက်ခဲတယ်။ Version Control လုပ်ရ ခက်နိုင်တယ်။

၅.၃.၄ Pipe-and-Filter Architecture

Data တွေကို အဆင့်ဆင့် ပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့အခါ သုံးပါတယ်။ Component တစ်ခုရဲ့ Output ဟာ နောက် Component တစ်ခုရဲ့ Input ဖြစ်သွားပါတယ်။

ဥပမာ: Compiler (Lexer -> Parser -> Semantic Analyzer -> Code Generator)၊ Unix Commands (`ls | grep | sort`)၊ Video Processing Tools။

Tradeoffs:

- **Pros:** Reusability ကောင်းတယ်။ (Filter တွေကို ဖြုတ်တပ်၊ နေရာလဲ လို့ရတယ်)။
- **Cons:** Interactive System (User နဲ့ အပြန်အလှန်လုပ်ရတဲ့ စနစ်) တွေအတွက် မသင့်တော်ဘူး။

၅.၃.၅ Master-Slave Architecture

အလုပ်တွေကို ထိန်းချုပ်မယ့်သူ (Master) နဲ့ လုပ်ဆောင်မယ့်သူ (Slave/Worker) ဆိုပြီး ခွဲခြားထားတာပါ။ Database Replication တွေနဲ့ Background Job System တွေမှာ တွေ့ရများပါတယ်။

- **Master:** အမိန့်ပေးတယ်၊ Write Operation တွေကို လက်ခံတယ်။
- **Slaves:** အမိန့်နာခံတယ်၊ Read Operation တွေကို လုပ်ပေးတယ်။

Tradeoffs:

- **Pros:** Read Performance ကောင်းတယ်။ (User အများကြီး ဖတ်တာကို Slave တွေက မျှဝေလုပ်ပေးနိုင်တယ်)။
- **Cons:** Master ပျက်သွားရင် (Single Point of Failure) စနစ်တစ်ခုလုံး ရပ်သွားနိုင်တယ်။ Data Consistency ညှိရတာ ခက်နိုင်တယ်။

ဒီ Pattern တွေက Classic ဖြစ်တဲ့အတွက် ယနေ့ထက်ထိ နေရာအတော်များများမှာ အခြေခံအဖြစ် ရှိနေဆဲပါ။ နောက်ပိုင်း ပေါ်လာတဲ့ Modern Architecture (Microservices, Serverless) တွေကလည်း ဒီ Pattern တွေကို အခြေခံပြီး တိုးချဲ့ထားတာ ဖြစ်ပါတယ်။

၅.၄ Modern Architectural Styles

Cloud Computing နဲ့ Distributed System တွေ ခေတ်စားလာတာနဲ့အမျှ Architecture ပုံစံတွေကလည်း ပိုပြီး Flexible ဖြစ်လာပါတယ်။ Monolithic ကနေ ခွဲထွက်ပြီး Scale လုပ်လို့ကောင်းမယ့် ပုံစံတွေကို ဦးစားပေးလာကြပါတယ်။

၅.၄.၁ Microservices Architecture

Application ကြီးတစ်ခုလုံးကို Monolith တည်ဆောက်မယ့်အစား၊ သေးငယ်ပြီး လွတ်လပ်တဲ့ Service လေးတွေအဖြစ် ခွဲခြမ်းတည်ဆောက်တာ ဖြစ်ပါတယ်။ Service တစ်ခုချင်းစီဟာ **Specific Business Capability** (ဥပမာ - Order, Payment, User) တစ်ခုကိုပဲ တာဝန်ယူပြီး၊ သူတို့ရဲ့ ကိုယ်ပိုင် Database သီးသန့် ရှိတတ်ကြပါတယ်။



Tradeoffs:

- **Pros:**
  - **Scalability:** Order Service ကို လူသုံးများရင် အဲ့ဒီ Service တစ်ခုတည်းကိုပဲ Server ထပ်တိုးလို့ရတယ်။
  - **Technology Freedom:** Service တစ်ခုကို Java နဲ့ရေးပြီး နောက်တစ်ခုကို Node.js နဲ့ ရေးလို့ရတယ်။
  - **Resilience:** Service တစ်ခု ကျသွားရင် ကျန်တာတွေ ဆက်အလုပ်လုပ်နိုင်တယ်။

- **Cons:**
    - **Complexity:** Distributed System ဖြစ်သွားတဲ့အတွက် Manage လုပ်ရတာ အရမ်းခက်ခဲသွားတယ်။
    - **Data Consistency:** Database တွေ ကွဲသွားတဲ့အတွက် Data ညီညွတ်ဖို့ (Transaction) ထိန်းရတာ ခက်ခဲပါတယ်။ (Saga Pattern လိုမျိုး သုံးရတတ်ပါတယ်)။

၅.၄.၂ Event-Driven Architecture (EDA)

Component တွေက တိုက်ရိုက် ချိတ်ဆက် (Direct Call) မလုပ်ဘဲ၊ **Event** တွေကို Publish နဲ့ Subscribe ဖြင့် သွယ်ဝိုက် ဆက်သွယ်ကြပါတယ်။ "Order တက်လာပြီ" လို့ အော်ပြောလိုက်ရင် (Event)၊ သက်ဆိုင်ရာ Payment Service က ကြားပြီး ငွေဖြတ်မယ်၊ Inventory Service က ကြားပြီး ပစ္စည်းစာရင်း ဖြတ်မယ်။



Tradeoffs:

- **Pros:**
    - **Decoupling:** Producer က Consumer အကြောင်း သိစရာမလိုပါဘူး။
    - **Asynchronous:** User ကို စောင့်ခိုင်းစရာမလိုဘဲ နောက်ကွယ်မှာ အလုပ်လုပ်နိုင်တယ်။
- **Cons:**
    - **Debugging:** Error တက်ရင် ဘယ်နားမှာ မှားနေလဲ လိုက်ရှာဖို့ (Trace) ခက်ခဲပါတယ်။

၅.၄.၃ Serverless Architecture (Function-as-a-Service)

Server တွေကို ကိုယ်တိုင် စီမံခန့်ခွဲရန်မလိုဘဲ Cloud Provider တွေရဲ့ Service (ဥပမာ - AWS Lambda, Google Cloud Functions) ကို သုံးပြီး Code ကိုပဲ Upload တင်လိုက်တာပါ။ Request ဝင်လာမှသာ Function က နိုးထပြီး အလုပ်လုပ်ပါတယ်။

Tradeoffs:

- **Pros:**
    - **Cost:** အသုံးပြုမှသာ ပိုက်ဆံပေးရပါတယ် (Pay-as-you-go)။ Request မရှိရင် ပိုက်ဆံမကုန်ပါဘူး။
    - **No Ops:** Server Patching, Scaling ကိစ္စတွေ ခေါင်းစားစရာ မလိုပါဘူး။
- **Cons:**
    - **Cold Start:** အကြာကြီးနေမှ Request ဝင်လာရင် Function နိုးဖို့ အချိန်နည်းနည်း စောင့်ရတတ်ပါတယ်။
    - **Vendor Lock-in:** Cloud Provider တစ်ခုအပေါ် အရမ်းမှီခိုသွားတတ်ပါတယ်။

၅.၄.၄ Service-Oriented Architecture (SOA)

Microservices ရဲ့ ရှေ့ပြေးပုံစံလို့ ပြောလို့ရပေမယ့် ကွာခြားချက်ရှိပါတယ်။ SOA က လုပ်ငန်းကြီးတစ်ခုလုံး (Enterprise) မှာရှိတဲ့ မတူညီတဲ့ System ကြီးတွေ (Billing System, HR System) ကို **Enterprise Service Bus (ESB)** ကနေတဆင့် ချိတ်ဆက်ပြီး ပြန်လည်အသုံးပြုဖို့ (Reusability) ကို ဦးစားပေးပါတယ်။

- **Microservices:** "Dumb pipes, Smart endpoints" (Bus က ဘာမှမလုပ်ဘူး၊ Logic က Service မှာရှိတယ်)
- **SOA:** "Smart pipes, Dumb endpoints" (Logic အတော်များများက ESB မှာ ရှိတတ်တယ်)

ဒီပုံမှာ ကြည့်လိုက်ရင် Billing System က Java နဲ့ ရေးထားမယ်၊ HR System က ရှေးဟောင်း Mainframe ကြီး ဖြစ်မယ်။ ဒါပေမဲ့ ESB က ကြားခံပြီး "စကားပြန် (Translator)" အဖြစ် ဆောင်ရွက်ပေးတဲ့အတွက် သူတို့အချင်းချင်း ချိတ်ဆက်လို့ ရသွားပါတယ်။



SOA ၏ အဓိက လက္ခဏာများ (Key Characteristics)

၁။ **Enterprise Service Bus (ESB):** ဒါက "Smart Pipe" ပါ။ ESBဟာ Data တွေကို ပို့ဆောင်ပေးရုံသာမက Data ပုံစံပြောင်းပေးခြင်း (Transformation)၊ လမ်းကြောင်းရွေးပေးခြင်း (Routing) နဲ့ Business Logic အချို့ကိုပါ ကိုင်တွယ်ပါတယ်။ (ဥပမာ - XML ကနေ JSON ပြောင်းပေးတာမျိုး ပါ)။

၂။ **Protocol Independence:** Backend မှာရှိတဲ့ System တွေက ကြိုက်တဲ့ ဘာသာစကား (Java, .NET, COBOL)၊ ကြိုက်တဲ့ Protocol (SOAP, REST, FTP) ကို သုံးလို့ရပါတယ်။ ESB က အားလုံးကို နားလည်အောင် ညှိပေးပါတယ်။

၃။ **Reusability:** HR System ထဲက "ဝန်ထမ်းလစာ တွက်ချက်ခြင်း" ဆိုတဲ့ Function ကို Billing System ကလည်း ယူသုံးလို့ရသလို၊ Mobile App ကလည်း ယူသုံးလို့ရအောင် Service အဖြစ် ထုတ်ပေးထားတာပါ။

SOA vs. Microservices ကွာခြားချက်

လူတော်တော်များများက SOA နဲ့ Microservices ကို ဆင်တူတယ်လို့ ထင်ကြပါတယ်။ အဓိက ကွာခြားချက်ကတော့ "Logic ဘယ်မှာထားလဲ" ဆိုတာပါပဲ။

Tradeoffs:

- **Pros:** Enterprise Level မှာ System တွေအများကြီးကို ချိတ်ဆက်ဖို့ ကောင်းပါတယ်။
- **Cons:** ESB က အရမ်းကြီးမားလေးလံပြီး (Bottleneck) ဖြစ်လာတတ်ပါတယ်။

၅.၄.၅ API-First Design & Cloud-Native

ဒါက Architecture Style ထက် Development Philosophy (ဒဿန) ပိုဆန်ပါတယ်။

- **API-First:** Code မရေးခင် API Spec (OpenAPI/Swagger) ကို အရင် ဒီဇိုင်းဆွဲပါတယ်။ ဒါမှ Frontend နဲ့ Backend အပြိုင် ရေးလို့ရမှာပါ။ REST အပြင် အခုနောက်ပိုင်း **GraphQL** နဲ့ **gRPC** တို့ကိုလည်း တွင်ကျယ်စွာ သုံးလာကြပါတယ်။
- **Cloud-Native:** Cloud ပေါ်မှာ run ဖို့ သီးသန့်ရည်ရွယ်ပြီး ဒီဇိုင်းဆွဲတာပါ။ **The Twelve-Factor App** နည်းလမ်းတွေကို လိုက်နာပြီး Container (Docker/Kubernetes) တွေနဲ့ တည်ဆောက်ကြပါတယ်။

၅.၅ Object-Oriented Design Principles

Software Architecture က အိမ်တစ်လုံး၏ ပုံစံဖြစ်လျှင်၊ OO Design Principles များသည် အိမ်ဆောက်ရာတွင် အသုံးပြုသည့် အုတ်တစ်ချပ်ချင်းစီကို မည်သို့ စီမံမည်နည်း ဆိုသည့် စည်းမျဉ်းများ ဖြစ်ပါသည်။ Code များ ရှုပ်ထွေးမနေစေရန်နှင့် ပြင်ဆင်ရ လွယ်ကူစေရန် ဤစည်းမျဉ်းများကို လိုက်နာသင့်ပါသည်။

၅.၅.၁ SOLID Principles

Robert C. Martin (Uncle Bob) စုစည်းပေးခဲ့သော ဤစည်းမျဉ်း ၅ ခုသည် OOP ၏ အခြေခံ အကျဆုံး စည်းမျဉ်းများ ဖြစ်ပါသည်။

1. S - Single Responsibility Principle (SRP)

> "A class should have one, and only one, reason to change."

Class တစ်ခုတွင် တာဝန်တစ်ခုတည်းသာ ရှိသင့်ပါသည်။ တာဝန်များနေလျှင် Class သည် ကြီးမားရှုပ်ထွေးပြီး ပြင်ဆင်ရ ခက်ခဲတတ်ပါသည်။

ဥပမာ: User အချက်အလက်ကို သိမ်းဆည်းခြင်းနှင့် Email ပို့ခြင်းကို Class တစ်ခုတည်းတွင် မလုပ်သင့်ပါ။

Java:

```java
// Bad: One class doing two things
class UserService {
    public void registerUser(String username) {
```

```
        // Save user logic...
        // Send email logic...
    }
}

// Good: Split responsibilities
class UserRepository {
    public void save(String username) { /* Save logic */ }
}

class EmailService {
    public void sendWelcomeEmail(String username) { /* Email logic */ }
}
```

TypeScript:

```
// Bad
class UserService {
    registerUser(username: string): void {
        // Save user logic...
        // Send email logic...
    }
}

// Good
class UserRepository {
    save(username: string): void { /* Save logic */ }
}

class EmailService {
    sendWelcomeEmail(username: string): void { /* Email logic */ }
}
```

2. O - Open/Closed Principle (OCP)

> "Software entities should be open for extension, but closed for modification."

Feature အသစ်ထည့်လိုလျှင် ရှိပြီးသား Code အဟောင်းကို သွားမပြင်ဘဲ၊ Code အသစ် ထပ်ဖြည့်သည့် နည်းဖြင့် လုပ်ဆောင်နိုင်ရပါမည်။

ဥပမာ: Payment စနစ်တွင် Payment Method အသစ်တိုးတိုင်း `PaymentProcessor` class ကို လိုက်ပြင်နေရလျှင် OCP ကို ချိုးဖောက်ရာ ရောက်ပါသည်။

Java:

```
// Good: Use Interface (Polymorphism)
interface PaymentMethod {
    void pay(double amount);
}

class MPUPayment implements PaymentMethod {
    public void pay(double amount) { System.out.println("Paid via MPU"); }
```

```
}

class WavePayment implements PaymentMethod {
    public void pay(double amount) { System.out.println("Paid via Wave"); }
}

class PaymentProcessor {
    // New payment methods can be added without changing this code
    public void process(PaymentMethod method, double amount) {
        method.pay(amount);
    }
}
```

TypeScript:

```
// Good
interface PaymentMethod {
    pay(amount: number): void;
}

class MPUPayment implements PaymentMethod {
    pay(amount: number): void { console.log("Paid via MPU"); }
}

class WavePayment implements PaymentMethod {
    pay(amount: number): void { console.log("Paid via Wave"); }
}

class PaymentProcessor {
    process(method: PaymentMethod, amount: number): void {
        method.pay(amount);
    }
}
```

3. L - Liskov Substitution Principle (LSP)

> "Objects of a superclass shall be replaceable with objects of its subclasses without breaking the application."

Parent Class နေရာတွင် Child Class ကို အစားထိုး အသုံးပြုသည့်အခါ Program တွင် Error မတက်သင့်ပါ။

ဟိုးအရင်က **COCOMO (Constructive Cost Model)** ကို သုံးလေ့ရှိသည်။ ၎င်းသည် Project ၏ အရွယ်အစား (Lines of Code) ပေါ်မူတည်ပြီး လူဘယ်နှစ်ယောက်လိုမယ်၊ ဘယ် နှစ်လ လောက် ကြာမယ် ဆိုတာကို သင်္ချာ Formula နှင့် တွက်ချက်ခြင်း ဖြစ်သည်။ ယနေ့ခေတ် Agile / Product-driven Development များတွင် COCOMO ကဲ့သို့ LOC-based Estimation များသည် အလွန်အကန့် အသတ်ရှိသော်လည်း၊ Large-scale / Government Project များတွင် Reference Model အဖြစ် အသုံးချနေဆဲ ဖြစ်ပါသည်။

၁၀.၂.၂ Agile Estimation (Story Points & Planning Poker)

Agile တွင် "အချိန် (နာရီ)" ဖြင့် ခန့်မှန်းမည့်အစား **"Story Points"** ဖြင့် ခန့်မှန်းကြပါသည်။

Story Point ဆိုတာ ဘာလဲ?

Task တစ်ခု၏ ခက်ခဲမှု (Complexity)၊ လုပ်ရမည့် ပမာဏ (Effort) နှင့် မသေချာမှု (Uncertainty) တို့ကို ပေါင်းစပ်ပြီး ပေးထားသော ရမှတ် ဖြစ်သည်။

အမှတ်ပေးရာတွင် **Fibonacci Series (1, 2, 3, 5, 8, 13, 21...)** ကို သုံးလေ့ရှိသည်။ ဘာကြောင့် 1, 2, 3, 4 မဟုတ်ရသလဲဆိုတော့ Task ကြီးလေလေ၊ မှန်းရခက်လေလေ ဖြစ်တာကြောင့် ကွာဟမှု ကြီးကြီး (5 ပြီးရင် 8, 8 ပြီးရင် 13) ထားခြင်း ဖြစ်သည်။

Planning Poker ကစားနည်း

Developer တစ်ယောက်တည်းက ဆုံးဖြတ်လျှင် မှားနိုင်သဖြင့် Team လိုက် ဆုံးဖြတ်သော နည်းလမ်းဖြစ်သည်။

1. User Story တစ်ခုကို ဖတ်ပြသည်။ (ဥပမာ - "Login with Facebook")
1. Team Member တိုင်းက မိမိထင်သော Story Point ကတ်ပြားကို မှောက်ထားသည်။
1. အားလုံး တပြိုင်နက်တည်း ကတ်ပြားကို လှန်ပြသည်။
1. **သဘောထားကွဲလွဲမှု:** တစ်ယောက်က 3 ပေးပြီး၊ တစ်ယောက်က 13 ပေးထားလျှင် အဘယ်ကြောင့် ကွာဟရသလဲ ဆွေးနွေးကြသည်။ (Senior က လွယ်တယ်ထင်ပေမယ့် Junior က မလုပ်တတ်လို့ ခက်တယ် ထင်တာ ဖြစ်နိုင်သည်)။
1. ညှိနှိုင်းပြီး အမှတ်တစ်ခု သတ်မှတ်သည်။

ဤနည်းလမ်းသည် Team အတွင်း နားလည်မှု လွဲမှားခြင်းများကို ညှိနှိုင်းပေးရာ ရောက်ပါသည်။

၁၀.၃ Planning and Tracking

Velocity (အရှိန်အဟုန်)

Velocity ဆိုသည်မှာ Sprint တစ်ခု (ဥပမာ - ၂ ပတ်) အတွင်း Team က Story Point စုစုပေါင်း ဘယ်လောက် ပြီးအောင် လုပ်နိုင်သလဲ ဆိုသည့် နှုန်းထား ဖြစ်သည်။

ဥပမာ -

- Sprint 1: 20 Points
- Sprint 2: 24 Points
- Sprint 3: 18 Points
- **Average Velocity = ~21 Points**

Manager အနေဖြင့် နောက် Sprint မှာ အလုပ်ဘယ်လောက် လက်ခံလို့ရမလဲ (Capacity Planning) တွက်ရာတွင် ဤ Velocity ကို အသုံးပြုရသည်။

> **Velocity သည် KPI မဟုတ်ပါ။**

Team တစ်ခုနှင့် တစ်ခု Velocity နှိုင်းယှဉ်၍ မရပါ။ ဒီအချက်က Team တစ်ခုလုံး အနေနဲ့ သေချာနားလည်ထားဖို့ လိုပါတယ်။

> **Anti-pattern:** Velocity ကို မြှင့်ရန် Story Point ကို လိုက်လျှော့ညှိနှိုင်းခြင်း၊ သို့မဟုတ် Team အချင်းချင်း Velocity နှိုင်းယှဉ်ခြင်းသည် Agile Anti-pattern ဖြစ်ပါသည်။

Burndown Charts

Sprint တစ်ခုအတွင်း အလုပ်တွေ တကယ် ပြီးနေရဲ့လား စောင့်ကြည့်ရန် **Burndown Chart** ကို သုံးသည်။

- **X-axis:** ရက်စွဲ (Time)
- **Y-axis:** ကျန်ရှိနေသော အလုပ် (Remaining Story Points)



- **Ideal Line (မျဉ်းဖြောင့်):** ပုံမှန် ပြီးစီးသွားသင့်သည့် နှုန်း။
- **Actual Line (အကွေး):** တကယ် ပြီးစီးနေသည့် နှုန်း။
- မျဉ်းက အပေါ်ထောင်တက်သွားလျှင် (Spike) အလုပ်တွေ ထပ်တိုးလာခြင်း (Scope Creep) သို့မဟုတ် အရင်က မသိခဲ့တဲ့ အလုပ်တွေ ပေါ်လာခြင်း ဖြစ်သည်။
- မျဉ်းက ပြားနေလျှင် (Flat line) အလုပ်တွေ မပြီးဘဲ တစ်နေရာတည်းတွင် ကြာနေခြင်း (Stuck) ဖြစ်သည်။

၁၀.၄ Team Structure & Engineering Culture

Software Engineering တွင် Team များကို ဖွဲ့စည်းပုံ (Structure) နှင့် လုပ်ပိုင်ခွင့် (Ownership) ပေါ် မူတည်၍ အဓိက (၃) မျိုး ခွဲခြား သတ်မှတ်နိုင်ပါသည်။

၁၀.၄.၁ Team Topologies Evolution

၁။ Component Teams (Silo Teams)

System Architecture ၏ အစိတ်အပိုင်းတစ်ခု (Component/Layer) ကိုသာ သီးသန့်တာဝန်ယူသော ဖွဲ့စည်းပုံဖြစ်သည်။
(ဥပမာ - Frontend Team, Backend Team, QA Team)

- **လုပ်ဆောင်ပုံ:** အများအားဖြင့် Backend Team မှ API ရေးသားပြီးစီးမှသာ Frontend Team က လက်ခံရယူပြီး Integration ဆက်လက်လုပ်ဆောင်ရလေ့ရှိသည်။
- **အားနည်းချက်:** Team တစ်ခုနှင့်တစ်ခုကြား လွှဲပြောင်းပေးအပ်ရမှု (Handovers) များပြားပြီး၊ လုပ်ငန်းကြန့်ကြာခြင်းနှင့် **စောင့်ဆိုင်းချိန် (Wait Time)** များခြင်းတို့ ဖြစ်ပေါ်လွယ်သည်။

၂။ Cross-Functional Feature Teams

Feature တစ်ခု (ဥပမာ - Checkout Flow) ကို ပြီးစီးအောင် လုပ်ဆောင်နိုင်ရန် လိုအပ်သော ကျွမ်းကျင်သူများ (Specialists) အားလုံးကို တစ်ဖွဲ့တည်းတွင် စုစည်းထားခြင်းဖြစ်သည်။

- **ဖွဲ့စည်းပုံ:** Frontend Dev, Backend Dev, QA, Designer အစရှိသူတို့ ပါဝင်သည်။
- **အားသာချက်:** Feature တစ်ခုကို အစအဆုံး တာဝန်ယူနိုင်မှု (End-to-End Ownership) စတင်ရရှိလာသည်။
- **ကန့်သတ်ချက်:** အဖွဲ့တစ်ခုတည်းတွင် အတူရှိသော်လည်း **Role-based ownership** ကြောင့် Internal Dependency များ ဆက်လက် ရှိနေနိုင်သေးသည်။ (ဥပမာ - Backend Dev အလုပ်မပြီးမချင်း Frontend Dev က စောင့်ဆိုင်းနေရခြင်း)

၃။ Stream-Aligned Teams (Modern & Autonomous)

ဒါက Modern Engineering Organization များ၏ စံထားလောက်သော ဖွဲ့စည်းပုံ (Team Topologies Standard) ဖြစ်သည်။ **Business Flow သို့မဟုတ် User Journey တစ်ခုလုံးကို (Idea မှ Production အထိ)** လွတ်လပ်စွာ တာဝန်ယူ လုပ်ဆောင်နိုင်သော အဖွဲ့ဖြစ်သည်။

ဤပုံစံတွင် **Full Stack Culture** သည် မရှိမဖြစ် လိုအပ်ချက် (Enabler) ဖြစ်လာသည်။

Stream-Aligned Team ၏ အဓိက လက္ခဏာရပ်များ:

1. **Own the Flow:** Feature တစ်ခု ရေးသားရုံသာမက၊ အသုံးပြုသူလက်ထဲ ရောက်သည်အထိ (Build, Test, Deploy, Operate) လုပ်ငန်းစဉ် တစ်လျှောက်လုံးကို ပိုင်ဆိုင်သည်။
2. **Reduce Dependencies:** "Backend API မပြီးသေးလို့ Frontend ရေးမရသေးဘူး" ဆိုသည့် မလိုအပ်သော လူမှုပိုင်းဆိုင်ရာ မှီခိုရမှု (Human Handovers) များကို အတတ်နိုင်ဆုံး လျှော့ချသည်။ Developer တစ်ယောက်သည် (Security & Compliance ဘောင်အတွင်းမှ) လိုအပ်လျှင် Database မှ UI အထိ **Vertical Slice** ဝင်ရောက် လုပ်ကိုင်နိုင်သည်။
3. **T-Shaped Skills:** Developer တိုင်းသည် နေရာစုံကို နားလည်ထားပြီး (Broad knowledge)၊ မိမိအားသန်ရာ တစ်နေရာတွင် ကျွမ်းကျင်သူ (Deep expertise) ဖြစ်လာစေရန် အားပေးသည်။

၁၀.၄.၂ The Role of "Full Stack" in Stream-Aligned Teams

Stream-Aligned Team တစ်ခု ထိရောက်စွာ လည်ပတ်နိုင်ရန် **Full Stack Mindset** ကို အောက်ပါအတိုင်း နားလည်ထားရပါမည်။

"Mastery" မဟုတ်ပါ၊ "Capability" ဖြစ်သည်

Full Stack Developer ဆိုသည်မှာ အရာရာကို ကျွမ်းကျင်သော "One Man Army" မဟုတ်ပါ။ မိမိ၏ Core Skill (ဥပမာ- Backend) အပြင် အခြားအပိုင်းများ (Frontend, DevOps) ကိုပါ အလုပ်ဖြစ်အောင် ဝင်ရောက်လုပ်ကိုင်နိုင်စွမ်း (Capability) ရှိသူကို ဆိုလိုသည်။

DevOps & Infrastructure ၏ အခန်းကဏ္ဍ

Team ၏ Autonomy (လွတ်လပ်စွာ စီမံခန့်ခွဲခွင့်) အတွက် DevOps Skill သည် အရေးပါသည်။

- **Developer တိုင်းအတွက်:** "Strong DevOps" ဖြစ်ရန် မလိုပါ။ သို့သော် Docker, CI/CD Pipeline ကဲ့သို့သော Tool များကို နားလည်ပြီး မိမိ Code ကို Production အရောက် Deploy လုပ်နိုင်စွမ်း ရှိရပါမည်။
- **Platform Specialist ၏ တာဝန်:** Team အတွင်းရှိ Infrastructure/DevOps ကျွမ်းကျင်သူသည် "Gatekeeper" (တံခါးစောင့်) မဟုတ်ပါ။ အခြားသူများ လွယ်ကူစွာ အလုပ်လုပ်နိုင်ရန် လမ်းကြောင်း ဖောက်ပေးသူ (**Enabler**) ဖြစ်ရမည်။ ရှုပ်ထွေးသော ပြဿနာများကို ဖြေရှင်းပေးခြင်းနှင့် Best Practice များကို လမ်းပြပေးခြင်းဖြင့် Team တစ်ခုလုံး၏ အရည်အသွေးကို မြှင့်တင်ပေးရမည်။



Summary:

Engineering Culture သည် **"Stream-Aligned"** ကို ဦးတည်သည်။ ဆိုလိုသည်မှာ သင်သည် **Business Value တစ်ခုကို အစအဆုံး ဖန်တီးပေးနိုင်သော အဖွဲ့** ၏ အစိတ်အပိုင်း ဖြစ်သည်။ ထိုသို့ဖြစ်လာစေရန် **Full Stack Mindset** (Learn & Adapt) နှင့် **DevOps Capabilities** (You Build It, You Run It - *with platform support*) တို့ကို မွေးမြူထားရန် လိုအပ်ပါသည်။

၁၀.၄.၃ Tuckman's Stages of Group Development

Team Structure ကောင်းမွန်ရုံဖြင့် High-performance team တစ်ခု ချက်ချင်း ဖြစ်မလာနိုင်ပါ။ **Bruce Tuckman** ၏ သီအိုရီအရ Team တစ်ခုသည် အောက်ပါ အဆင့် (၄) ဆင့်ကို မဖြစ်မနေ ဖြတ်ကျော်ရလေ့ရှိသည်။

1. Forming (စုဖွဲ့ခြင်း)

Team အသစ်စဖွဲ့ချိန် သို့မဟုတ် လူသစ်များ စတင်တွေ့ဆုံချိန်ဖြစ်သည်။

- **လက္ခဏာ:** အားလုံးသည် ယဉ်ကျေးပျူငှာကြသော်လည်း၊ တစ်ဦးနှင့်တစ်ဦး စောင့်ကြည့်လေ့လာနေကြသည်။ ပွင့်လင်းမြင်သာမှု နည်းပါးပြီး ပြဿနာ ကြီးကြီးမားမား မရှိသေးပါ။

2. Storming (မုန်တိုင်းထန်ခြင်း - ပဋိပက္ခကာလ)
လက်တွေ့အလုပ် စလုပ်သောအခါ အမြင်မတူမှုများ၊ အငြင်းပွားမှုများ စတင်ဖြစ်ပေါ်သည်။

- **လက္ခဏာ:** "ငါ့ Code က ပိုကောင်းတယ်"၊ "မင်း Design က မဟုတ်ဘူး" စသည်ဖြင့် Ego များ ထိပ်တိုက်တွေ့ကြသည်။ Coding Standard နှင့် Workflow အပေါ် သဘောထားကွဲလွဲကြသည်။
- **သတိပြုရန်:** Team တော်တော်များများ ဤအဆင့်တွင် စိတ်ဝမ်းကွဲပြီး ပျက်စီးတတ်သည်။ (Silo မှ Stream-Aligned သို့ ပြောင်းလဲချိန်တွင် ဤအဆင့်ကို ဖြတ်ကျော်ရလေ့ရှိသည်)။

3. Norming (စည်းမျဉ်းချမှတ်ခြင်း)
ပဋိပက္ခများကို ကျော်လွှားပြီး အလုပ်လုပ်မည့် ပုံစံများကို သဘောတူညီမှု ရယူနိုင်သည့် အဆင့်ဖြစ်သည်။

- **လက္ခဏာ:** Team အတွင်း ယုံကြည်မှု (Trust) တည်ဆောက်လာနိုင်သည်။ Engineering Guideline များ၊ Working Agreement များကို အားလုံးက လက်ခံလိုက်နာကြသည်။

4. Performing (စွမ်းဆောင်ရည်ပြခြင်း)
Team သည် အသားကျသွားပြီး အလုပ်ကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာနိုင်သည့် အဆင့်ဖြစ်သည်။

- **လက္ခဏာ:** ပြဿနာရှိလျှင် ခေါင်းဆောင်ကို စောင့်စရာမလိုဘဲ Team အချင်းချင်း တိုင်ပင်ဖြေရှင်းနိုင်သည်။ Business Value ကို လျင်မြန်စွာ ထုတ်လုပ်ပေးနိုင်သည်။

> **Note:** Team Structure ပြောင်းလိုက်တိုင်း သို့မဟုတ် လူအသစ် ဝင်လာတိုင်း Team သည် **Forming** သို့မဟုတ် **Storming** အဆင့်သို့ ပြန်လည်ရောက်ရှိသွားတတ်သည်ကို သတိပြုရပါမည်။

၁၀.၅ Stakeholder Management & RACI Matrix

Stakeholder ဆိုသည်မှာ Project နှင့် ပတ်သက်ဆက်နွယ်သူ အားလုံး (Customer, Boss, Team Member, End User) ဖြစ်သည်။ သူတို့ကို စီမံခန့်ခွဲရာတွင် "ဘယ်သူက ဘာလုပ်ရမလဲ" ရှင်းလင်းဖို့ **RACI Matrix** ကို သုံးလေ့ရှိသည်။

- **R - Responsible:** တကယ် အလုပ်လုပ်ရမည့်သူ (ဥပမာ - Developer)။
- **A - Accountable:** ခေါင်းခံရမည့်သူ (ဥပမာ - Project Manager / Tech Lead)။ တာဝန်ယူသူ တစ်ယောက်တည်းသာ ရှိသင့်သည်။

- **C - Consulted:** အကြံဉာဏ် တောင်းခံရမည့်သူ (ဥပမာ - Subject Matter Expert, Senior Architect)။
- **I - Informed:** အသိပေးရုံ ပေးရမည့်သူ (ဥပမာ - Stakeholder, Other Teams)။

Task	Project Manager	Developer	Architect	Client
Define Requirements	**A**	C	C	**R**
Design Architecture	A	C	**R**	I
Write Code	A	**R**	C	I
User Testing	A	I	I	**R**

၁၀.၆ Project Management in the AI Era (AI ခေတ် စီမံခန့်ခွဲမှု)

၂၀၂၅ ခုနှစ် အလွန် Software Project Management သည် ယခင်နှင့် လုံးဝ မတူညီတော့ပါ။ **AI Coding Assistants (Copilot, Cursor)** များ၊ **Vibe Coding** ပုံစံများ ပေါ်ပေါက်လာခြင်းက စီမံခန့်ခွဲမှုပုံစံကိုပါ ပြောင်းလဲစေခဲ့ပါသည်။

၁။ Estimation ၏ သဘောတရား ပြောင်းလဲလာခြင်း

ယခင်က "Login Form ရေးရန် ၃ ရက်ကြာမည်" ဟု ခန့်မှန်းခဲ့လျှင်၊ AI ကြောင့် "၃ နာရီ" သာ ကြာတော့မည့် အနေအထား ဖြစ်လာသည်။ သို့သော် သတိပြုရန် အချက်များမှာ -

- **Coding Time:** သိသိသာသာ လျော့ကျသွားမည်။
- **Review & Testing Time:** သိသိသာသာ တိုးလာမည်။ (AI ရေးပေးသော Code ၏ Logic အမှားများ၊ Security Issue များကို လူက သေချာ ပြန်စစ်ရသောကြောင့် ဖြစ်သည်)။
- **Net Result:** Project ပြီးမြောက်ချိန် မြန်လာမည် ဖြစ်သော်လည်း၊ Manager အနေဖြင့် "Code ရေးချိန်" အစား "Quality Assurance အချိန်" ကို ပိုမို ခန့်မှန်းပေးရပါမည်။

၂။ The "Vibe Coding" Challenge

Developer များသည် Syntax တစ်လုံးချင်းစီ ရိုက်နေတော့မည် မဟုတ်ဘဲ၊ မိမိလိုချင်သော **"Vibe" (Intention)** ကို Prompt ရိုက်၍ တည်ဆောက်လာကြသည်။

- **Manager ၏ အခန်းကဏ္ဍ:** ယခင်က "Code ဘယ်နှကြောင်း ပြီးပြီလဲ" မေးမည့်အစား၊ "AI ထုတ်ပေးလိုက်တဲ့ Result က Business Requirement နဲ့ တကယ်ကိုက်ရဲ့လား" ဆိုတာကို စစ်ဆေးနိုင်စွမ်း ရှိရပါမည်။

- **Requirement Clarity:** AI သည် ရှင်းလင်းသော Instruction ပေးမှ အလုပ်လုပ်သည်။ ထို့ကြောင့် Manager နှင့် PO (Product Owner) တို့သည် Requirement များကို ယခင်ထက် ပိုမို တိကျစွာ (Precise Requirements) ရေးသားပေးရန် လိုအပ်လာပါသည်။

၃။ AI-Assisted Management

Project Manager ကိုယ်တိုင်လည်း AI ကို အသုံးပြုလာရပါမည်။

- **Drafting User Stories:** "ဒီ Feature အတွက် လိုအပ်မယ့် User Stories တွေနဲ့ Acceptance Criteria တွေ ထုတ်ပေးပါ" ဟု AI ကို ခိုင်းခြင်း။

- **Risk Analysis:** Project Plan ကို AI ပေးဖတ်ပြီး "ဘယ်နေရာတွေမှာ Risk ဖြစ်နိုင်လဲ" ဟု မေးမြန်းခြင်း။

၄။ Hidden Risks in AI Era

AI ကို အသုံးပြုခြင်းသည် ကောင်းကျိုးများစွာ ရှိသော်လည်း အောက်ပါ Hidden Risk များကို သတိပြုရပါမည်။

- **Over-reliance on AI-generated code:** Developer များသည် ကိုယ်တိုင် စဉ်းစားခြင်းထက် AI ကို အားကိုးလွန်းအားကြီးခြင်း။
- **Loss of fundamental debugging skills:** Error တက်လျှင် ကိုယ်တိုင် မရှာဖွေတတ်တော့ဘဲ AI ကိုသာ မေးနေခြင်း။
- **Security blind spots:** Hallucinated libraries များ သို့မဟုတ် Insecure pattern များကို မ စစ်ဆေးဘဲ သုံးမိခြင်း။

၁၀.၇ Risk Management (အန္တရာယ် စီမံခန့်ခွဲမှု)

Project တစ်ခုတွင် "ဖြစ်လာမှ ရှင်းမယ်" (Firefighting) လုပ်တာထက်၊ "မဖြစ်ခင် ကြိုကာမယ်" (Risk Management) က ပိုကောင်းပါသည်။

Risk အမျိုးအစားများ:

1. **Technical Risk:** သုံးမည့် နည်းပညာက ခက်လွန်းနေတာ၊ Server မနိုင်တာ။
1. **Schedule Risk:** အချိန်မှီ မပြီးနိုင်တာ။
1. **Resource Risk:** အဓိက Developer အလုပ်ထွက်သွားတာ၊ နေမကောင်းဖြစ်တာ။

Risk Response Strategies:

- **Avoid:** Risk ဖြစ်စေမည့် အလုပ်ကို မလုပ်ဘဲ ရှောင်လိုက်ခြင်း။

- **Mitigate:** Risk ဖြစ်လာလျှင် သက်ရောက်မှု နည်းအောင် ကြိုလုပ်ထားခြင်း။ (ဥပမာ - Backup Server ထားခြင်း)။
- **Transfer:** သူများဆီ လွှဲချခြင်း။ (ဥပမာ - Server ပိုင်းကို ကိုယ်တိုင် မလုပ်ဘဲ Cloud Provider သို့မဟုတ် Outsource ပေးလိုက်ခြင်း)။
- **Accept:** ဘာမှ မတတ်နိုင်တော့လို့ လက်ခံလိုက်ခြင်း။

၁၀.၈ Change & Configuration Management

Change Management

Requirement တစ်ခု ပြောင်းလဲတိုင်း "ရတယ်.. လုပ်ပေးမယ်" ဟု ချက်ချင်း လက်ခံ၍ မရပါ။ Scope Creep ဖြစ်ပြီး Project ပျက်စီးသွားနိုင်သည်။ ပြောင်းလဲမှု တစ်ခု လာတိုင်း -

1. Impact Analysis လုပ်ရမည်။ (ဒါပြင်ရင် ဘယ်လောက်ကြာမလဲ၊ ဘယ်နေရာတွေ ထိမလဲ)။
1. Cost/Time ပြန်တွက်ရမည်။
1. **Change Control Board (CCB)** သို့မဟုတ် Stakeholder ၏ အတည်ပြုချက် (Approval) ယူပြီးမှ လုပ်ရမည်။

Configuration Management

Code တွေ၊ Document တွေ ဗရုတ်ဗရက် (ဗရပွ) မဖြစ်နေစေရန် ထိန်းသိမ်းခြင်း ဖြစ်သည်။

- **Version Control (Git):** Code အပြောင်းအလဲများကို မှတ်တမ်းတင်ခြင်း။
- **Environment Management:** Dev, Staging, Production Environment များကို Setting မမှားအောင် ထိန်းသိမ်းခြင်း (Infrastructure as Code)။

၁၀.၉ Psychological Safety

Google ၏ **Project Aristotle** လေ့လာမှုအရ စွမ်းဆောင်ရည် အမြင့်မားဆုံး Team များတွင် တွေ့ရသည့် အဓိက အချက်မှာ "နည်းပညာတော်ခြင်း" မဟုတ်ဘဲ **Psychological Safety (စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု)** ရှိခြင်း ဖြစ်သည်။

ဆိုလိုသည်မှာ -

- Team Member တွေက "ငါမသိဘူး" သို့မဟုတ် "ငါမှားသွားတယ်" လို့ ပြောရမှာကို မကြောက်ကြဘူး။

- အမှားတစ်ခု လုပ်မိရင် အပြစ်တင် (Blame) ခံရမည့်အစား၊ သင်ခန်းစာယူပြီး ပြုပြင်မည့် ယဉ်ကျေးမှု ရှိသည်။ (**Blameless Post-mortem**)။

Manager တစ်ယောက်အနေဖြင့် Team Member များကို အကြောက်တရားဖြင့် မဟုတ်ဘဲ၊ ယုံကြည်မှုဖြင့် ဦးဆောင်ခြင်းသည် Project အောင်မြင်မှု၏ သော့ချက် ဖြစ်ပါသည်။

Summary

Software Project Management သည် ကျယ်ပြန့်သော ဘာသာရပ်တစ်ခု ဖြစ်သော်လည်း၊ အထက်ပါ အခြေခံများကို နားလည်ထားခြင်းဖြင့် သင်သည် Code ရေးရုံသာမက Team တစ်ခု လုံးကိုပါ ဦးဆောင်နိုင်သော Software Engineer တစ်ယောက် ဖြစ်လာမည် ဖြစ်သည်။

> *** Software Engineering is about People first, then Process, then Tools**
>
> *** High-performing teams are designed, not accidentally formed**
>
> *** In the AI era, management focus shifts from "writing code" to "validating value"**

အခန်း ၁၁ :: Software Quality Assurance (SQA)

Software Quality Assurance (SQA) ဆိုသည်မှာ ကားမောင်းမထွက်ခင် "လမ်းကြောင်း မှန်ရဲ့လား"၊ "ဘရိတ်ကောင်းရဲ့လား"၊ "ယာဉ်မောင်းမှာ လိုင်စင်ရှိရဲ့လား" ဟု ကြိုတင် စစ်ဆေးပြီး လမ်းညွှန်ပေးသော လုပ်ငန်းစဉ်နှင့် တူပါသည်။ SQA ၏ အဓိက ရည်မှန်းချက်မှာ Defect များကို **ရှာဖွေရန် (Find)** သက်သက် မဟုတ်ဘဲ၊ Defect များ **မဖြစ်ပေါ်လာအောင် ကာကွယ်ရန် (Prevent)** ဖြစ်သည်။

၁၁.၁ QA vs. QC (QA နှင့် QC မတူပါ)

Developer အများစုသည် SQA (Software Quality Assurance) နှင့် QC (Quality Control) ကို ရောထွေး မှားယွင်းတတ်ကြသည်။ ဤနှစ်ခုသည် ရည်ရွယ်ချက်ရော လုပ်ဆောင်ပုံပါ ကွာခြားပါသည်။

1. Quality Assurance (QA) - "Process Focus"

- **သဘောတရား -** ကြိုတင်ကာကွယ်သော (Proactive) ချဉ်းကပ်မှု ဖြစ်သည်။
- **မေးခွန်း -** "ငါတို့ အလုပ်လုပ်နေတဲ့ နည်းလမ်း (Process) မှန်ရဲ့လား"
- **ဥပမာ -** Coding Standard သတ်မှတ်ခြင်း၊ Code Review Checklist ပြင်ဆင်ခြင်း၊ Training ပေးခြင်း၊ CI/CD Pipeline တည်ဆောက်ခြင်း။

2. Quality Control (QC) - "Product Focus"

- **သဘောတရား -** ပြဿနာဖြစ်မှ ဖြေရှင်းသော (Reactive) ချဉ်းကပ်မှု ဖြစ်သည်။
- **မေးခွန်း -** "ထွက်လာတဲ့ Product က မှန်ရဲ့လား"
- **ဥပမာ -** Testing လုပ်ခြင်း၊ Bug ရှာဖွေခြင်း၊ Inspection လုပ်ခြင်း။



> **Key Takeaway:** Company အများစုတွင် "QA Engineer" ဟု ခေါ်လေ့ရှိသော်လည်း လက်တွေ့လုပ်နေရသည်မှာ **Manual Testing + Bug Reporting (QC)** သာ ဖြစ်နေတတ်သည်။ **တကယ့် QA** ဆိုသည်မှာ Process design၊ Quality gates၊ Automation strategy နှင့် Metrics definition များကိုပါ ဆုံးဖြတ်နိုင်သူ ဖြစ်ရပါမည်။

၁၁.၂ Quality Management Systems (QMS) & Automation

Software Development Team တစ်ခုတွင် အရည်အသွေး ကောင်းမွန်စေရန် လူတစ်ယောက်တည်း (Hero) ကောင်းနေရုံဖြင့် မရပါ။ စနစ် (System) ကောင်းရန် လိုအပ်ပါသည်။ ဤစနစ်ကို **Quality Management System (QMS)** ဟု ခေါ်သည်။

Practical QA: Automation Strategy

Project တစ်ခု မစခင် SQA Plan တစ်ခု ရေးဆွဲရာတွင် အောက်ပါအချက်များ ပါဝင်ရပါမည် -

1. ဘယ် Coding Standard ကို သုံးမလဲ (ဥပမာ - Google Java Style Guide)။
1. Code Review ကို ဘယ်လို လုပ်မလဲ (Github PR သုံးမလား၊ Pair Programming သုံးမလား)။
1. Bug တွေ့ရင် ဘယ်လို မှတ်တမ်းတင်မလဲ (Jira Workflow)။

Company အများစုသည် SQA Plan ကို စာရွက်ပေါ်တွင်သာ မထားဘဲ Automation ပုံစံဖြင့် အကောင်အထည် ဖော်လာကြသည်။ လူတစ်ယောက်ချင်းစီကို "စည်းကမ်းလိုက်နာပါ" ဟု လိုက်ပြောနေမည့်အစား Tool များကို အသုံးပြု၍ ထိန်းချုပ်ခြင်း ဖြစ်သည်။

Local Environment Automation (Git Hooks)

Git Commit မလုပ်ခင် (သို့) Push မလုပ်ခင် အလိုအလျောက် စစ်ဆေးသည့် စနစ်များ ထားရှိသင့်သည်။

- `.git/hooks/pre-commit` : Commit မလုပ်ခင် Coding Standard (Lint) စစ်ဆေးခြင်း၊ Secret Key များ ပါမပါ စစ်ဆေးခြင်း။
- `.git/hooks/pre-push` : Code များကို Server ပေါ် မတင်ခင် Unit Test များ Run ခြင်း။
- **Tool:** Shell script များ ကိုယ်တိုင်ရေးမည့်အစား NodeJS project များအတွက် Husky ကဲ့သို့သော library များကို အသုံးပြုနိုင်သည်။

CI/CD Automation (Github Actions)

Developer စက် (Local) တွင် စစ်ဆေးပြီးသော်လည်း၊ Server ပေါ်ရောက်သည့်အခါ ထပ်မံစစ်ဆေးရန် လိုအပ်သည်။

- Branch ပေါ်မူတည်ပြီး Auto Deployment လုပ်ခြင်း။
- Pull Request တင်သည်နှင့် Unit Test, Lint တို့ကို အလိုအလျောက် Run ခြင်း။

> **Note:** QA အဆင့်သည် လူကို အားကိုးခြင်းထက် စနစ် (System) ကို တည်ဆောက်ထားရန် လိုအပ်သည်။ **Automation သည် အကောင်းဆုံး Quality Gate ဖြစ်သည်။**

၁၁.၃ Core QA Metrics (ဘာတွေကို တိုင်းတာသင့်သလဲ)

"Quality" ဆိုတာ ခံစားချက် (Feeling) မဟုတ်ပါ။ တိုင်းတာနိုင်ရမည့် အချက်အလက် (Metrics) ဖြစ်ပါသည်။ မတိုင်းတာနိုင်ရင် မထိန်းချုပ်နိုင်ပါ။

QA Metrics များကို အောက်ပါ အုပ်စု ၃ ခုအဖြစ် ခွဲနိုင်ပါသည်။

(A) Process Metrics (QA / Engineering Flow)

ဒီ Metrics များသည် **Team အလုပ်လုပ်ပုံ ကောင်းမကောင်း** ကို ပြသပါသည်။

- **Code Review Turnaround Time:** Pull Request တစ်ခုကို Review ပြီးဖို့ ဘယ်လောက်ကြာသလဲ။ (ကြာလွန်းရင် Delivery နှေးကွေးမှု ရှိနေသည်)။
- **PR Rejection Rate:** Review မှာ Reject ဖြစ်တဲ့ PR အချိုးအစား။ (မြင့်လွန်းရင် Coding Standard သို့မဟုတ် Requirement မရှင်းလင်းမှု ရှိနေနိုင်သည်)။
- **Automation Gate Pass Rate:** CI Pipeline မှာ Test, Lint, Build တို့ကို တစ်ခါတည်း Pass ဖြစ်တဲ့ အချိုးအစား။ (Quality Gate များ အလုပ်လုပ်မလုပ်ကို ပြသသည်)။

(B) Product Quality Metrics (QC / Outcome)

ဒီ Metrics များသည် **ထွက်လာတဲ့ Software အရည်အသွေး** ကို ပြသပါသည်။

- **Defect Density:** Code အရွယ်အစား (KLOC) တစ်ခုစီအတွက် Bug ဘယ်နှခု ထွက်သလဲ။
- **Escaped Defects:** QA Environment မှာ မတွေ့ဘဲ Production မှာမှ တွေ့ရတဲ့ Bug အရေအတွက်။ (QA Effectiveness ကို တိုက်ရိုက်ပြသသည်)။
- **Regression Failure Rate:** Feature အသစ်ထည့်ပြီးနောက် အဟောင်း Feature ပျက်သွားတဲ့ အကြိမ်ရေ။ (Automation Coverage မလုံလောက်မှုကို ပြသသည်)။

(C) DevOps & Stability Metrics (System Health)

ဒီ Metrics များသည် **Speed နှင့် Stability မျှတမှု** ကို ပြသပါသည်။ ဤ Metrics များကို DORA Metrics ဟု ခေါ်ပြီး Level 4 (Quantitatively Managed) Team များအတွက် မဖြစ်မနေ လိုအပ်ပါသည်။

1. **Deployment Frequency** (ဘယ်လောက် မကြာခဏ Deploy လုပ်နိုင်သလဲ)
1. **Lead Time for Changes** (Idea မှ Production ရောက်ရန် ကြာချိန်)
1. **Change Failure Rate** (Deploy လုပ်တိုင်း Error တက်နှုန်း)
1. **Mean Time to Restore (MTTR)** (Error ဖြစ်လျှင် ပြန်ပြင်ရန် ကြာချိန်)

> Key Insight:
>
> Bug အရေအတွက် နည်းလာခြင်းထက် Bug မဖြစ်နိုင်တဲ့ Process ကို တည်ဆောက်နိုင်ခြင်း က ပိုအရေးကြီးသည်။ Metrics များသည် လူကို စောင့်ကြည့်ရန် မဟုတ်ဘဲ System ကို တိုးတက်အောင် ပြင်ရန် အသုံးပြုရပါသည်။

၁၁.၄ Modern Startup Engineering Maturity Model

Software Team တစ်ခု၏ ရင့်ကျက်မှုကို အောက်ပါအတိုင်း တိုင်းတာနိုင်ပါသည်။

Level 1: Initial (Hero Driven)

- **Status:** No CI/CD, Hero Dev.
- **အခြေအနေ:** Process မရှိ။ Developer တွေ တော်လို့သာ Project ပြီးသွားတာမျိုး။ Developer တစ်ယောက်၊ နှစ်ယောက်၏ စွမ်းဆောင်ရည်အပေါ် လုံးလုံးလျားလျား မှီခိုနေရသည်။
- **Testing:** Developer က ကိုယ့်စက်မှာ ကိုယ်စမ်းပြီး "အဆင်ပြေတယ်" ဆိုရင် ပြီးပြီ။

Level 2: Managed (Basic Tooling)

- **Status:** Jira + Basic CI.
- **အခြေအနေ:** Project တစ်ခုချင်းစီမှာ Plan ရှိလာပြီ။ Task တွေကို Jira/Trello ဖြင့် မှတ်တမ်းတင်သည်။ Code push လိုက်ရင် Build pass/fail လောက်စစ်ပေးသော Basic Automation ရှိလာသည်။
- **Testing:** Manual Tester (QC) ရှိလာနိုင်သော်လည်း၊ Development ပြီးမှသာ စစ်ဆေးလေ့ရှိသည်။

Level 3: Defined (Standardization)

- **Status:** Standard branching, code review, test strategy.
- **အခြေအနေ:** Team တစ်ခုလုံး လိုက်နာရမည့် Standard များ ရှိလာသည်။ **Code Review** သည် မဖြစ်မနေ လုပ်ရမည့် အဆင့် (Mandatory) ဖြစ်လာသည်။ Gitflow သို့မဟုတ် Trunk-based ကဲ့သို့ Branching Strategy ကို တိတိကျကျ သုံးသည်။
- **Baseline:** ဤအဆင့်သည် Professional Software Team တစ်ခု၏ "အနိမ့်ဆုံး စံနှုန်း" ဖြစ်သင့်ပါသည်။

Level 4: Quantitatively Managed (Metrics Driven)

- **Status:** Metrics (Deployment Frequency, Lead Time, Change Failure Rate).
- **အခြေအနေ:** အထက် (၁၁.၃) တွင် ဖော်ပြခဲ့သော Metrics များကို အသုံးပြုပြီး Data ဖြင့် စီမံခန့်ခွဲသည်။ Speed နှင့် Stability ကို မျှတအောင် ထိန်းညှိသည်။

Level 5: Optimizing (Continuous Improvement)

- **Status:** Continuous improvement + Root Cause Analysis (RCA) culture.
- **အခြေအနေ:** ပြဿနာ ဖြစ်ပွားမှုကို သင်ယူစရာ (Learning Opportunity) အဖြစ် ရှုမြင်သည်။ Blameless Post-mortems ယဉ်ကျေးမှု ထွန်းကားပြီး၊ Self-healing system များကို တည်ဆောက်သည်။



၁၁.၅ Practical QC: Testing Terminology

QC သည် Product ကို စစ်ဆေးခြင်း (Product Validation) ဖြစ်သည်။ "Testing လုပ်သည်" ဟု ယေဘုယျ ပြောလေ့ရှိသော်လည်း ရည်ရွယ်ချက်ပေါ်မူတည်၍ Testing အမျိုးအစား (Types) ကွဲပြားပါသည်။

၁. Functional Testing Types (လုပ်ဆောင်ချက်များကို စစ်ဆေးခြင်း)

(A) Smoke Testing (Build Verification Testing)

- **Concept:** "မီးခလုတ် ဖွင့်လိုက်ရင် မီးခိုးထွက်လာသလား"။ Software တစ်ခုလုံး၏ အရေးအကြီးဆုံး အစိတ်အပိုင်း (Critical Functionalities) တွေ အလုပ်လုပ်ရဲ့လား ဆိုတာကို အပေါ်ယံ စစ်ဆေးခြင်း ဖြစ်သည်။
- **Scenario:** Deployment လုပ်ပြီးပြီးချင်း Web Application ပွင့်မပွင့်၊ Login ဝင်လို့ရမရ၊ Database connect မိမမိ စစ်ဆေးခြင်း။
- **Why:** Login တောင် ဝင်မရတဲ့ Build တစ်ခုကို ဆက်ပြီး အသေးစိတ် Test လုပ်နေရင် အချိန်ကုန်တာပဲ အဖတ်တင်ပါလိမ့်မယ်။

(B) Sanity Testing

- **Concept:** Bug တစ်ခုကို ပြင်လိုက်ပြီးနောက် (သို့) Feature အသစ်တစ်ခု ထည့်ပြီးနောက်၊ ထို *ပြင်လိုက်သော အပိုင်း* တကယ် ကောင်းသွားပြီလား ဆိုတာကို ဇောက်ချ စစ်ဆေးခြင်း ဖြစ်သည်။
- **Difference:** Smoke Testing က တစ်ခုလုံးကို အပေါ်ယံ (Shallow and Wide) စစ်တာဖြစ်ပြီး၊ Sanity က ပြင်လိုက်တဲ့နေရာကို အသေးစိတ် (Narrow and Deep) စစ်တာ ဖြစ်သည်။

(C) Regression Testing

- **Concept:** ကုဒ်အသစ်တွေ ထပ်ထည့်လိုက်တာကြောင့်၊ အရင်ရှိပြီးသား Feature အဟောင်းတွေ ပျက်မသွားကြောင်း သေချာအောင် စစ်ဆေးခြင်း ဖြစ်သည်။

- **Scenario:** Payment function အသစ်ထည့်လိုက်တာကြောင့်၊ အရင်ရှိပြီးသား "Add to Cart" function အလုပ်မလုပ်တော့တာမျိုး မဖြစ်အောင် တားဆီးရန်။
- **Note:** Regression Testing သည် လူနှင့်စစ်လျှင် အချိန်အလွန်ကုန်သဖြင့် **Automated Testing** ကို အဓိက အားကိုးရသော နေရာဖြစ်သည်။

(D) User Acceptance Testing (UAT)

- **Concept:** Developer နှင့် Tester များ စစ်ဆေးပြီးသည့် Product ကို အမှန်တကယ် အသုံးပြုမည့် Client (သို့) End User ကိုယ်တိုင် လက်ခံနိုင်မှု ရှိမရှိ စမ်းသပ်ခြင်း ဖြစ်သည်။

(E) Observability Testing

- Error ဖြစ်ရင် Alert တက်မတက်၊ Logs တွေ မှန်မမှန် စစ်ဆေးခြင်း ဖြစ်သည်။

၂. Non-Functional Testing (စွမ်းဆောင်ရည်ကို စစ်ဆေးခြင်း)

Feature အလုပ်လုပ်ရုံဖြင့် မလုံလောက်ပါ။ System ၏ Behavior ကို စစ်ဆေးရန် လိုအပ်သည်။

- **Load Testing:** User အများကြီး (Expected Traffic) ဝင်လာရင် Server ခံနိုင်မလား။
- **Stress Testing:** System ရဲ့ Break point ကို သိချင်လို့ ကန့်သတ်ချက်ထက် ကျော်လွန်ပြီး ဒုက္ခပေး စမ်းသပ်ခြင်း။
- **Security Testing:** Vulnerabilities များ (SQL Injection, XSS) ရှိမရှိ စစ်ဆေးခြင်း။

၃. Testing Methods (စစ်ဆေးပုံ နည်းစနစ်များ)

- **Black-box Testing:** အတွင်းပိုင်း Code ကို မကြည့်ဘဲ၊ User အမြင်ဖြင့် Input ထည့်၊ Output ထွက်တာ မှန်မမှန် စစ်ဆေးခြင်း။
- **White-box Testing:** အတွင်းပိုင်း Logic, Branching, Code Structure များကို သိပြီး စစ်ဆေးခြင်း။ (Unit Testing ရေးသော Developer များ လုပ်သည်)။

၁၁.၆ Software Reviews and Audits

Code ရေးပြီးမှ စစ်ဆေးခြင်းထက်၊ မရေးခင် သို့မဟုတ် ရေးနေစဉ် စစ်ဆေးခြင်းက ကုန်ကျစရိတ် ပိုသက်သာသည်။

1. **Software Reviews (Peer Reviews)**

- **Walkthrough:** ရေးထားတဲ့သူက ဦးဆောင်ပြီး ကျန်တဲ့သူတွေကို လိုက်ပြတာမျိုး။ (Knowledge Sharing သဘော ပိုဆန်သည်)။
- **Inspection:** အသေးစိတ် စစ်ဆေးတာမျိုး။ (Code Review in Pull Request)။

1. **Software Audits**

- ဒါကတော့ ကိုယ့် Team က လူ မဟုတ်ဘဲ၊ ပြင်ပ အဖွဲ့အစည်း (External Auditor) သို့မဟုတ် သီးခြား QA Team က လာရောက် စစ်ဆေးခြင်း ဖြစ်သည်။ (ဥပမာ - Security Compliance, GDPR စစ်ဆေးခြင်း)။

၁၁.၇ Defect Management

Bug တစ်ခု တွေ့ပြီဆိုရင် "တွေ့ပြီ၊ ပြင်လိုက်ပြီ" ဆိုပြီး ပြီးသွားလို့ မရပါ။**Defect Lifecycle** တစ်ခု ရှိဖို့ လိုပါတယ်။



- **New:** Bug တွေ့တယ်။
- **Open:** Team Lead က Bug အစစ် ဟုတ်မဟုတ် စစ်ဆေးပြီး အတည်ပြုတယ်။
- **Assigned:** Developer တစ်ယောက်ကို တာဝန်ပေးတယ်။

- **Fixed:** Developer က ပြင်ပြီးပြီ။
- **Verified:** QA က ပြန်စစ်လို့ အဆင်ပြေတယ်။
- **Reopened:** QA က ပြန်စစ်တာ အဆင်မပြေသေးဘူး။ ပြန်ပြင်ခိုင်းတယ်။

၁၁.၈ Root Cause Analysis (RCA) - The "5 Whys"

SQA ၏ အနှစ်သာရသည် Bug ကို ပြင်ရုံ (Fixing) မဟုတ်ဘဲ၊ နောက်တစ်ခါ ထပ်မဖြစ်အောင် ကာကွယ်ခြင်း (Prevention) ဖြစ်သည်။ ထိုသို့ ကာကွယ်ရန် **"5 Whys"** နည်းလမ်းကို သုံး၍ အရင်းခံ အကြောင်းတရား (Root Cause) ကို ရှာဖွေရပါမည်။

Scenario: User တစ်ယောက် Checkout လုပ်တဲ့အခါ Error တက်နေသည်။

1. **Why?** System Crash ဖြစ်သွားလို့။ *(Symptom)*

- *Solution:* Restart server. (Temporary Fix)

1. **Why?** `user` object က `null` ဖြစ်နေလို့။

- *Solution:* Add null check.

1. **Why?** User Data ကို API ကနေ လှမ်းယူတာ မရလိုက်လို့။

1. **Why?** API Call က Network Timeout ဖြစ်သွားလို့။

1. **Why?** (Root Cause) API Client မှာ Network Failure ဖြစ်ရင် ပြန်စမ်းတဲ့ (Retry Mechanism) မပါလို့။

> **Action:** Code ထဲမှာ Null check ထည့်ရုံနဲ့ မပြီးဘဲ၊ API Client Module တစ်ခုလုံးမှာ **Retry Policy** ထည့်သွင်းလိုက်မှသာ နောက်နောင် Network မကောင်းတဲ့အခါ Crash မဖြစ်တော့မှာ ဖြစ်ပါတယ်။ ဒါသည် SQA ၏ ချဉ်းကပ်ပုံ ဖြစ်ပါသည်။

Summary

Software Quality Assurance (SQA) သည် Tester တွေရဲ့ အလုပ် သက်သက် မဟုတ်ပါ။ Developer တိုင်း၊ Manager တိုင်း ပါဝင်ရမည့် **Culture (ယဉ်ကျေးမှု)** တစ်ခု ဖြစ်ပါသည်။

1. **QC** က Bug ရှာသည်၊ **QA** က Bug မဖြစ်အောင် Process တွေ ချမှတ်သည်။

1. **Automation** (Lint, Test, CI/CD) သည် အရည်အသွေးကို ထိန်းချုပ်မည့် Quality Gates များ ဖြစ်သည်။

1. **Metrics** (Process, Product, Stability) များကို တိုင်းတာပြီး Level 4 သို့ ရောက်အောင် ကြိုးစားပါ။

1. **5 Whys** ကို သုံးပြီး ပြဿနာရဲ့ အမြစ်ကို ရှာပါ။

အရည်အသွေး ကောင်းမွန်သော Software ဆိုသည်မှာ ကံကောင်းလို့ ဖြစ်လာတာ မဟုတ်ဘဲ၊ စနစ်တကျ တည်ဆောက်ယူခြင်း (Engineering) ၏ ရလဒ် ဖြစ်ပါသည်။

အခန်း ၁၂ :: Risk Management

Project တစ်ခု စတင်ပြီဆိုတာနဲ့ မသေချာ မရေရာမှု (Uncertainty) တွေက အရိပ်လို လိုက်ပါလာ စမြဲပါ။ "Server မီးပျက်ရင် ဘယ်လိုလုပ်မလဲ"၊ "Developer အဓိက လူ နှုတ်ထွက်သွားရင် ဘယ်လိုလုပ်မလဲ"၊ "Third-party API ကြီး down သွားရင် ဘယ်လိုလုပ်မလဲ" စသည်ဖြင့်ပေါ့။

Risk Management ဆိုတာ "အဆိုးမြင်ခြင်း" (Pessimism) မဟုတ်ပါဘူး။ "ကြိုတင်ပြင်ဆင်ခြင်း" (Preparation) ဖြစ်ပါတယ်။ Software Engineering မှာ Risk Management ဆိုတာ Project ရဲ့ အောင်မြင်မှုကို ထိခိုက်စေနိုင်တဲ့ အရာတွေကို စောစီးစွာ ရှာဖွေဖော်ထုတ်ပြီး၊ ထိခိုက်မှု အနည်းဆုံးဖြစ်အောင် စီမံခန့်ခွဲခြင်း ဖြစ်ပါတယ်။

၁၂.၁ Proactive vs. Reactive Risk Strategies

Risk ကို ကိုင်တွယ်တဲ့အခါ ချဉ်းကပ်ပုံ နှစ်မျိုး ရှိပါတယ်။

Reactive Strategy (မီးလောင်မှ မီးငြိမ်းသတ်ခြင်း)

ပြဿနာ တကယ် ဖြစ်လာမှ လိုက်ရှင်းတဲ့ နည်းလမ်းပါ။ Software လောကမှာတော့ **"Firefighting Mode"** လို့ ခေါ်ပါတယ်။

- **လက္ခဏာ:** Team တစ်ခုလုံး အမြဲတမ်း ပြာယာခတ်နေမယ်။ အချိန်မီ မပြီးနိုင်လို့ OT တွေ ဆင်းရမယ်။ ဖိအား (Stress) တွေ များနေမယ်။
- **ရလဒ်:** ပြဿနာတော့ ရှင်းလို့ ပြီးသွားနိုင်ပေမယ့်၊ ကုန်ကျစရိတ် (Cost) များပြီး Project Quality ကျဆင်းသွားတတ်ပါတယ်။

Proactive Strategy (မီးမလောင်ခင် တားဆီးခြင်း)

ပြဿနာ မဖြစ်ခင် ကတည်းက "ဘာတွေ ဖြစ်နိုင်မလဲ" တွက်ချက်ပြီး ကြိုတင် ကာကွယ်ထားတာပါ။

- **လက္ခဏာ:** Risk Analysis လုပ်ဖို့ အချိန်ပေးရပေမယ့်၊ တကယ် ပြဿနာ တက်တဲ့အခါ အေးအေးဆေးဆေး ဖြေရှင်းနိုင်ပါတယ်။ Plan B, Plan C ရှိပြီးသား ဖြစ်လို့ပါ။
- **ရလဒ်:** ယုံကြည်မှု ရှိရှိနဲ့ Project ကို မောင်းနှင်နိုင်ပါတယ်။

> **The Cost of Calm:** Proactive Risk Management ဟာ အချိန်နဲ့ အားစိုက်မှုကို အစမှာ ပိုသုံးရပေမယ့်၊ Crisis အချိန်မှာ Team ကို အေးအေးဆေးဆေး ဆုံးဖြတ်နိုင်တဲ့ အခြေအနေကို ပေးစွမ်းနိုင်ပါတယ်။

> **ဥပမာ:**
> * **Reactive:** Server Hard Disk ပျက်သွားမှ Data Recovery လုပ်ဖို့ ကြိုးစားတာ။ (ဒါက ကံတရားကို ပုံအပ်လိုက်တာပါ)
> * **Proactive:** Hard Disk မပျက်ခင် RAID စနစ် ခံထားတာ၊ နေ့စဉ် Backup လုပ်ထားတာ။ (ဒါက Engineering ပါ)

၁၂.၂ Risk Identification, Analysis, and Prioritization

Risk Management လုပ်ငန်းစဉ်ကို အဆင့် ၄ ဆင့် ခွဲခြားနိုင်ပါတယ်။



၁။ Risk Identification (အန္တရာယ်များကို ဖော်ထုတ်ခြင်း)

ပထမဆုံး အဆင့်ကတော့ ဖြစ်နိုင်ခြေ ရှိသမျှ ပြဿနာတွေကို စာရင်းပြုစု (List Down) လုပ်တာပါ။ Brainstorming လုပ်ပြီး "What If" မေးခွန်းတွေ မေးရပါမယ်။

Software Project တွေမှာ အတွေ့ရများတဲ့ Risk အမျိုးအစားတွေကတော့ -

- **Product Size Risks:** Project က ထင်ထားတာထက် ကြီးသွားနိုင်သလား။ (Scope Creep)
- **Business Impact Risks:** ဒီ Software ကို ပြိုင်ဘက်တွေက အရင် ထုတ်လိုက်ရင် ဘာဖြစ်မလဲ။
- **Customer Related Risks:** Customer က Requirement တွေ ခဏခဏ ပြောင်းနေသလား။ Communication လုပ်ရ ခက်နေသလား။
- **Process Risks:** Team က နည်းပညာ အသစ်ကို သုံးမှာလား။ Deadline က အရမ်း ကျပ်နေသလား။

- **Technology Risks:** သုံးမယ့် Library က Deprecated ဖြစ်သွားနိုင်သလား။ Server က Traffic ဒဏ် ခံနိုင်ပါ့မလား။
- **People Risks:** အဓိက Key Developer နေမကောင်းဖြစ်ရင်၊ အလုပ်ထွက်သွားရင် ဘယ်သူ ဆက်လုပ်မလဲ။

> **Note:** Risk List ဆိုတာ Project အစမှာ တစ်ခါရေးပြီး ပစ်ထားရမယ့် Document မဟုတ်ပါဘူး။ Sprint တစ်ခု ပြီးတိုင်း၊ Milestone တစ်ခု ပြီးတိုင်း ပြန်လည် Update လုပ်ရမယ့် **Living Document** ဖြစ်ပါတယ်။

၂။ Risk Analysis & Ownership (ဆန်းစစ်လေ့လာခြင်း)

Risk တွေကို စာရင်းရပြီဆိုရင် တစ်ခုချင်းစီကို **Probability** (ဖြစ်နိုင်ခြေ) နဲ့ **Impact** (ထိခိုက်မှု) တိုင်းတာရုံသာမက၊ ဒီ Risk ကို ဘယ်သူ တာဝန်ယူမလဲ ဆိုတဲ့ **Owner** ကိုပါ သတ်မှတ်ရပါမယ်။ Owner မရှိတဲ့ Risk ကို ဘယ်သူမှ မကိုင်တွယ်ကြပါဘူး။

Risk Register Example:

Risk Description	Probability	Impact	Owner	Status
Key Dev leaves	Medium	High	**Tech Lead**	Mitigating (Documentation)
API downtime	High	Medium	**Backend Team**	Monitoring (Health Checks)
Server Cost Overrun	Medium	Low	**Project Manager**	Ignored

၃။ Risk Prioritization (ဦးစားပေး အဆင့်သတ်မှတ်ခြင်း)

Risk တိုင်းကို လိုက်ဖြေရှင်းဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် **Probability** နဲ့ **Impact** ကို မြှောက်ပြီး ရလာတဲ့ ရလဒ်အပေါ် မူတည်ပြီး ဦးစားပေး စီရပါမယ်။

- **High Probability + High Impact:** ချက်ချင်း ကိုင်တွယ်ရမယ့် အန္တရာယ် (Critical Risk)။
- **Low Probability + Low Impact:** လစ်လျူရှုထားလို့ ရတဲ့ အရာ (Monitor Only)။

Risk Map Example:

Impact \ Probability	Low	Medium	High
High	Monitor	Plan	**Action Now**
Medium	Ignore	Monitor	Plan
Low	Ignore	Ignore	Monitor

၁၂.၃ Risk Mitigation, Monitoring, and Management (RMMM)

Risk တွေကို သိပြီ ဆိုရင် ဘယ်လို တုံ့ပြန်မလဲ (Response Strategy) ဆိုတာ ဆုံးဖြတ်ရပါမယ်။ အဓိက နည်းလမ်း (၄) မျိုး ရှိပါတယ်။

1. Avoidance (ရှောင်ရှားခြင်း)

Risk ဖြစ်စေမယ့် အကြောင်းရင်းကို လုံးဝ ဖယ်ရှားလိုက်တာပါ။

Example:* နည်းပညာ အသစ်တစ်ခုကို သုံးရင် Risk များမယ်လို့ ယူဆရင်၊ ကျွမ်းကျင်ပြီးသား နည်းပညာ အဟောင်းကိုပဲ ပြောင်းသုံးလိုက်တာမျိုးပါ။

2. Mitigation (လျှော့ချခြင်း)

Risk ဖြစ်နိုင်ခြေ (Probability) သို့မဟုတ် ဖြစ်လာရင် ထိခိုက်မှု (Impact) ကို လျှော့နည်းအောင် လုပ်တာပါ။

Example:* Database ပျက်နိုင်တဲ့ Risk အတွက်၊ Master-Slave Replication လုပ်ထားတာမျိုးပါ။ ပျက်တော့ ပျက်နိုင်တယ်၊ ဒါပေမယ့် Slave က ချက်ချင်း အလုပ်ဆက်လုပ်မှာမို့ ထိခိုက်မှု နည်းသွားပါမယ်။

> **Warning (Over-Mitigation):** Risk Mitigation ဟာ "အကောင်းဆုံးနည်းပညာ" ကို သုံးရမယ်ဆိုတာ မဟုတ်ပါဘူး။ Risk တစ်ခုကို လျှော့ချဖို့ သုံးတဲ့ ကုန်ကျစရိတ်က Risk ကိုယ်တိုင်ထက် ပိုကြီးနေပြီဆိုရင် အဲဒါဟာ **Over-Engineering** ဖြစ်သွားနိုင်ပါတယ်။

3. Transfer (လွှဲပြောင်းခြင်း)

Risk ကို ကိုယ်တိုင် မယူဘဲ သူများဆီ လွှဲလိုက်တာပါ။

Example:* Server Security အတွက် ကိုယ်တိုင် တာဝန်မယူချင်ရင်၊ Cloud Provider (AWS, Google Cloud) သုံးလိုက်တာမျိုး၊ Insurance (အာမခံ) ဝယ်ထားတာမျိုးပါ။

4. Acceptance (လက်ခံခြင်း)

Acceptance ဆိုတာ Risk ကို မသိမသာ လွှတ်ထားတာ (သို့) တာဝန်မယူချင်တာ မဟုတ်ပါဘူး။ Risk ရဲ့ Probability, Impact, Cost ကို သေချာတွက်ချက်ပြီး၊ ဖြေရှင်းရမယ့် ကုန်ကျစရိတ်က အလွန်များပြားနေတဲ့အတွက်၊ **အမြင့်ဆုံး ဆုံးဖြတ်ချက်နဲ့ လက်ခံလိုက်ခြင်း (Calculated Decision)** ဖြစ်ပါတယ်။

Example:* လျှောင်လှုပ်ရင် ရုံးပိတ်မယ် ဆိုတာမျိုးပါ။ လျှောင်မလှုပ်အောင် တားလို့မရသလို၊ လျှောင်ဒဏ်ခံ ရုံးခန်းဆောက်ဖို့လည်း Budget မရှိရင် "ဖြစ်လာရင်တော့ ပိတ်လိုက်မယ်" ဆိုပြီး Contingency Plan ဆွဲကာ လက်ခံထားရပါမယ်။

Monitoring (စောင့်ကြည့်ခြင်း)

Risk Management ဟာ Project အစမှာ တစ်ခါတည်း လုပ်ပြီး ပစ်ထားရမယ့် အရာ မဟုတ်ပါဘူး။ အပတ်စဉ် Meeting တွေမှာ Risk List ကို ပြန်စစ်ဆေးရပါမယ်။

Monitoring လုပ်ရာမှာ Risk တစ်ခုချင်းစီအတွက် **Trigger Point** (ဥပမာ – Error Rate > 5%, Cost > Budget 80%) သတ်မှတ်ထားသင့်ပါတယ်။ ဒါမှသာ Trigger Point ကို ထိလာရင် Risk ဖြစ်လာပြီလို့ သတ်မှတ်ပြီး၊ ခံစားနေရတာမျိုး မဟုတ်ဘဲ ချက်ချင်း သိသိသာသာ ကိုင်တွယ်ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

၁၂.၄ Business Continuity and Disaster Recovery Planning

Software Engineer တွေ အနေနဲ့ Technical ပိုင်းသာမက Business ပိုင်းဆိုင်ရာ ဆက်လက်လည်ပတ်နိုင်မှု (Continuity) ကိုပါ ထည့်သွင်း စဉ်းစားရပါမယ်။

Business Continuity Planning (BCP)

BCP ဆိုတာ "ကပ်ဘေး တစ်ခုခု (Disaster) ကြုံလာခဲ့ရင် လုပ်ငန်းကြီး ဆက်လက် လည်ပတ်နိုင်ဖို့ ဘာတွေ လုပ်မလဲ" ဆိုတဲ့ မဟာဗျူဟာ (Strategy) ဖြစ်ပါတယ်။

Software ကြောင့် မဟုတ်ဘဲ၊ ရုံးမီးလောင်သွားတာ၊ ကိုဗစ်ကပ်ရောဂါကြောင့် ရုံးတက်မရတာ၊ Cyber Attack ခံရတာ စတဲ့ အခြေအနေတွေမှာ ဝန်ထမ်းတွေ ဘယ်လို အလုပ်ဆက်လုပ်မလဲ၊ Customer တွေကို ဝန်ဆောင်မှု ဘယ်လို ဆက်ပေးမလဲ ဆိုတာ ပါဝင်ပါတယ်။

Disaster Recovery (DR)

DR ကတော့ BCP ရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး **IT System** တွေကို ဘယ်လို ပြန်ကယ်မလဲ (Restore) ဆိုတာကို အဓိက ထားပါတယ်။

DR Plan တစ်ခု ရေးဆွဲရာမှာ အရေးကြီးဆုံး Metric နှစ်ခု ရှိပါတယ်။

1. Recovery Point Objective (RPO)
"Data ဘယ်လောက် ပျက်စီးတာကို လက်ခံနိုင်မလဲ"

- RPO = 24 Hours ဆိုရင်၊ မနေ့က Backup လုပ်ထားတဲ့ နေရာကနေ ပြန်စမယ်။ ဒီနေ့ တစ်နေ့လုံး စာ Data တွေ ပျက်သွားတာကို လက်ခံမယ်လို့ ဆိုလိုတာပါ။
- Banking System တွေမှာတော့ RPO က Zero (0) နီးပါး ရှိရပါမယ်။

2. Recovery Time Objective (RTO)
"System ပြန်ကောင်းဖို့ အချိန် ဘယ်လောက် ပေးနိုင်မလဲ"

- RTO = 1 Hour ဆိုရင်၊ System Down ပြီး ၁ နာရီ အတွင်း ပြန်သုံးလို့ ရအောင် လုပ်ပေးရပါမယ်။
- RTO နည်းလေလေ၊ High Availability (HA) System တွေ တည်ဆောက်ရလေလေ ဖြစ်ပြီး ကုန်ကျစရိတ် ပိုများလေလေ ဖြစ်ပါတယ်။



> **Critical Note:** Disaster Recovery Plan ဟာ စာရွက်ပေါ်မှာ ရေးထားရုံနဲ့ မလုံလောက်ပါဘူး။ **Periodic DR Drill (Restore Test)** မလုပ်ရင်၊ တကယ် အရေးပေါ် အချိန်မှာ အလုပ်မလုပ်နိုင်တဲ့ Plan ဖြစ်သွားနိုင်ပါတယ်။ Backup လုပ်ထားရုံနဲ့ မပြီးဘဲ၊ Restore ပြန်လုပ်လို့ ရမရ စမ်းသပ်ထားမှသာ Plan ဟု ခေါ်ဆိုနိုင်ပါသည်။

Summary

Risk Management ဆိုတာ Project တစ်ခုအတွက် **"အသက်အာမခံ"** ဝယ်ထားသလိုပါပဲ။

- **Identify:** မကောင်းတာ ဘာဖြစ်နိုင်လဲ ကြိုတွေးပါ။ (Living Document အဖြစ်ထားပါ)
- **Prioritize:** ဘယ်ဟာက ငါတို့ကို သတ်နိုင်လဲ အရင်ရွေးပါ။ (Risk Owner သတ်မှတ်ပါ)
- **Mitigate:** မဖြစ်ခင် ကြိုကာကွယ်ပါ။ (Over-engineering မဖြစ်ပါစေနှင့်)
- **Plan for Disaster:** ဖြစ်လာရင်လည်း ဘယ်လို ပြန်ထမလဲ (RPO/RTO) တွက်ထားပြီး၊ ပုံမှန် ဇာတ်တိုက် လေ့ကျင့် (Test) ထားပါ။

Risk Management ဆိုတာ ပြဿနာ မဖြစ်အောင် ဆုတောင်းတာ မဟုတ်ဘဲ၊ ပြဿနာ ဖြစ်လာရင်တောင် ထိန်းချုပ်နိုင်အောင် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။

အခန်း ၁၃ :: DevOps and Site Reliability Engineering (SRE)

Software Development လောကမှာ အရင်တုန်းက Developer (Dev) နဲ့ Operations (Ops) ကြားမှာ ကြီးမားတဲ့ တံတိုင်းကြီး တစ်ခု ရှိခဲ့ပါတယ်။ Developer တွေက Feature အသစ်တွေ မြန်မြန် ထွက်ချင်တယ်။ Operations သမားတွေကတော့ System တည်ငြိမ်မှု (Stability) ကို လိုချင်တာမို့ အပြောင်းအလဲ လုပ်ရမှာကို ကြောက်တယ်။ ဒီလို ပဋိပက္ခတွေကြောင့် **"It works on my machine"** (ငါ့စက်မှာတော့ ရတယ်၊ Server ပေါ်ရောက်မှ မရတာ ငါမသိဘူး) ဆိုတဲ့ စကားတွေ၊ Deployment လုပ်တိုင်း Error တက်တာတွေ ဖြစ်လာပါတယ်။

ဒီပြဿနာတွေကို ဖြေရှင်းဖို့ **DevOps** ယဉ်ကျေးမှု ပေါ်ပေါက်လာပါတယ်။ DevOps ဆိုတာ Development နဲ့ Operations ပေါင်းစပ်ထားခြင်း ဖြစ်ပြီး၊ Software ကို မြန်မြန်ဆန်ဆန် (Speed) နဲ့ ယုံကြည်စိတ်ချစွာ (Reliability) အသုံးပြုသူ လက်ထဲ ထည့်ပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။

> **သတိပြုရန်:** DevOps ဆိုတာ **Tools (Docker, Kubernetes, Jenkins)** မဟုတ်ပါဘူး။ **Culture (ယဉ်ကျေးမှု)** ဖြစ်ပါတယ်။ Team တစ်ခုလုံး ပူးပေါင်းဆောင်ရွက်တဲ့ စိတ်ဓာတ်မ ရှိရင် ကမ္ဘာ့အကောင်းဆုံး Tool တွေ သုံးထားလည်း DevOps မဖြစ်လာနိုင်ပါဘူး။

Google ကတော့ "DevOps ဆိုတာ Abstract Interface ဖြစ်ပြီး၊ SRE (Site Reliability Engineering) ဆိုတာ အဲဒီ Interface ကို Implement လုပ်ထားတဲ့ Class ဖြစ်တယ်" လို့ တင်စားထားပါတယ်။

CI/CD အကြောင်းကို Developer Intern စာအုပ်မှာ ပြောပြခဲ့ဖူးပါတယ်။ ဒါကြောင့် အသေးစိတ် ကို အဲဒီ စာအုပ် မှာ ဖတ်ကြည့်တာ ပိုအဆင်ပြေပါလိမ့်မယ်။ အခု စာအုပ်မှာတော့ သဘောတရား နှင့် နားလည် ရုံ သာ ဖော်ပြထားပါတယ်။

၁၃.၁ The CI/CD Pipeline

DevOps ရဲ့ အသက်သွေးကြော ကတော့ **CI/CD Pipeline** ပါပဲ။ စက်ရုံတွေမှာ ကုန်ပစ္စည်းတွေကို စက်ပန်းတောင်း (Conveyor Belt) ပေါ်တင်ပြီး အဆင့်ဆင့် တပ်ဆင်သွားသလိုပါပဲ၊ Code ကို လည်း အလိုအလျောက် စနစ်တွေနဲ့ တည်ဆောက်ပါတယ်။

Continuous Integration (CI)

Developer တွေက ရေးပြီးသား Code တွေကို နေ့စဉ် (သို့) တစ်ရက်ကို အကြိမ်ကြိမ် Main Repository (Git) ထဲကို ပေါင်းထည့် (Merge) ခြင်း ဖြစ်ပါတယ်။ Merge လုပ်လိုက်တာနဲ့ Automated Test တွေ Run ပြီး Code ကောင်းမကောင်း ချက်ချင်း စစ်ဆေးပါတယ်။

ဒါဟာ ရှေ့အခန်းတွေမှာ ပြောခဲ့တဲ့ **QA လုပ်ငန်းစဉ်ကို Automate လုပ်လိုက်တာ** ပါပဲ။ Unit Testing, Browser Testing တွေကို လူက လိုက်စစ်နေစရာမလိုဘဲ၊ စက်ကနေ Code Quality ကို စစ်ဆေးပေးပြီးမှ Deployment အတွက် ပြင်ဆင်ပေးတာ ဖြစ်ပါတယ်။

Continuous Delivery & Deployment (CD)

- **Continuous Delivery:** Code တွေကို Production ပေါ်တင်ဖို့ အဆင်သင့် ဖြစ်နေတဲ့ အခြေအနေပါ။ ဒါပေမယ့် Production ပေါ်တင်ဖို့အတွက် လူက ခလုတ်နှိပ်ပေးရပါဦးမယ် (Manual Approval)။
- **Continuous Deployment:** Test တွေ အကုန် Pass တာနဲ့ လူက ဘာမှ လုပ်စရာ မလိုဘဲ Production ပေါ်ကို အလိုအလျောက် ရောက်သွားတာပါ။

CI/CD မရှိရင် ဘာဖြစ်မလဲ?

- **Deployment Nightmare:** Version အသစ်တင်တိုင်း ညဘက်ကြီး OT ဆင်းပြီး လက်နဲ့ လိုက်တင်နေရမယ်။
- **Slow Feedback:** Code ရေးလိုက်တဲ့ အမှားကို Production ရောက်ပြီး User တွေ ဆဲမှ သိရမယ်။
- **Deployment Fear:** တင်လိုက်ရင် မှားမလားဆိုတဲ့ အကြောက်တရားကြောင့် Feature အသစ်တွေ ထုတ်ရမှာ နှေးကွေးသွားမယ်။

Tools and Workflow

CI/CD ကို **GitHub Actions, GitLab CI** တို့မှာ လွယ်ကူစွာ ပြုလုပ်နိုင်သလို၊ Cloud သုံးသူတွေအတွက် **AWS CodePipeline** လိုမျိုး Service တွေလည်း ရှိပါတယ်။ Workflow ကတော့ ရိုးရှင်းပါတယ်။ ဥပမာ - `dev` branch ကို push လုပ်လိုက်ရင် Dev Server မှာ အလိုအလျောက် Deploy လုပ်မယ်၊ `main` (Production) branch ကို push လုပ်ရင် Production မှာ Deploy လုပ်မယ် ဆိုပြီး သတ်မှတ်ထားနိုင်ပါတယ်။

CI/CD Process တွေဟာ ကိုယ်အသုံးပြုမည့် နည်းပညာ (Tech Stack) ပေါ်မူတည်ပြီး ကွာခြားနိုင်ပါတယ် -

- **PHP/Python:** Compile လုပ်စရာ မလိုတဲ့ Interpreted Language တွေဆိုရင် Unit Test Run တာ၊ Lint (Syntax) စစ်တာတွေ ပါဝင်ပါမယ်။
- **Go/Java:** Compiled Language တွေဆိုရင်တော့ Source Code ကို Production Server ပေါ် မတင်ဘဲ၊ Build လုပ်ပြီးသား Executable Binary (Artifact) ကိုပဲ Production ပေါ် တင်ပေးတာမျိုး ကွာခြားနိုင်ပါတယ်။



၁၃.၂ Infrastructure as Code (IaC)

အရင်တုန်းက Server တစ်လုံး ဆောက်မယ်ဆိုရင် System Admin က လက်နဲ့ Command တွေ ရိုက်၊ Software တွေ Install လုပ်ရပါတယ်။ Server အလုံး ၁၀၀ ဆိုရင် လူသေလောက်တဲ့ အလုပ်ပါ။ မှားနိုင်ချေလည်း များပါတယ်။

DevOps ခေတ်မှာတော့ **Infrastructure as Code (IaC)** ကို သုံးပါတယ်။ Server တွေ၊ Network တွေ၊ Database တွေကို Code (Configuration Files) အနေနဲ့ ရေးသား သိမ်းဆည်းထားတာပါ။

ဥပမာ - **Terraform** သို့မဟုတ် **Ansible** ကို သုံးပြီး "RAM 8GB ရှိတဲ့ Server ၃ လုံး လိုချင်တယ်" လို့ Code ရေးလိုက်ရင်၊ Cloud (AWS/Google) ပေါ်မှာ အလိုအလျောက် ဆောက်ပေးသွားမှာပါ။

Tools and Evolution

Infrastructure Code ရေးသားရာမှာ Tool ပေါ်မူတည်ပြီး ကွာခြားမှုရှိပါတယ် -

- **Terraform:** ပုံမှန်အားဖြင့် **HCL** (HashiCorp Configuration Language) လို့ခေါ်တဲ့ `.tf` file တွေကို အသုံးပြုပါတယ်။ (CDKTF ကဲ့သို့သော Tool တွေသုံးမှသာ TypeScript `.ts` လိုမျိုး ဘာသာစကားတွေကို သုံးလေ့ရှိပါတယ်)။
- **Ansible: YAML** (`.yml`) file တွေကို အသုံးပြုပြီး ရေးသားရပါတယ်။

Terraform ကတော့ Industry Standard အဖြစ် လူသုံးအများဆုံး ဖြစ်ပါတယ်။ သူ့ရဲ့ အားသာချက်က တခါရေးပြီးရင် နောက် Project တွေမှာ အလွယ်တကူ ပြန်လည် အသုံးပြုနိုင်ခြင်း (Reusability) ဖြစ်ပါတယ်။ ဒါပေမယ့် လေ့လာရတဲ့ Learning Curve ကတော့ နည်းနည်း မြင့်ပါတယ်။

IaC in the AI Era

ကံကောင်းတာက ၂၀၂၅ နောက်ပိုင်းမှာ **AI** တွေရဲ့ အခန်းကဏ္ဍက IaC ဘက်ကိုပါ ရောက်လာပါပြီ။ Terraform က **MCP (Model Context Protocol)** ကို Support ပေးလာပြီး၊ AI Tools တွေကို အသုံးပြုကာ Infrastructure Code တွေကို လွယ်ကူလျင်မြန်စွာ ရေးသားလာနိုင်ပါပြီ။ ဒါကြောင့် DevOps Engineer တွေအတွက် အလုပ်ဝန် အရမ်းပေါ့သွားစေပါတယ်။

Software Engineer's Responsibility

Software Engineer တစ်ယောက်အနေနဲ့ "ဒါ DevOps အလုပ်ပဲ" ဆိုပြီး လုံးဝ လွှတ်ထားလို့ မရပါဘူး။ ကိုယ်တိုင် Script တွေ အစအဆုံး မရေးတတ်ရင်တောင်၊ သူတို့ရေးထားတဲ့ Terraform Code ကို ဝင်ဖတ်ပြီး **Audit** လုပ်နိုင်စွမ်း ရှိရပါမယ်။

- "ငါလိုချင်တဲ့ Infra ပုံစံနဲ့ ကိုက်ညီမှု ရှိရဲ့လား"
- "Database setting တွေ မှန်ရဲ့လား"

ဒါတွေကို Code ကြည့်ပြီး စစ်ဆေးနိုင်တဲ့အထိ နားလည်ထားရင် Senior Engineer ကောင်း တစ်ယောက် ဖြစ်လာမှာပါ။

Pets vs. Cattle Analogy

IaC ရဲ့ အဓိက သဘောတရားကတော့ Server တွေကို **Pets (အိမ်မွေးတိရစ္ဆာန်)** လို သဘောမထားဘဲ **Cattle (မွေးမြူရေး တိရစ္ဆာန်)** လို သဘောထားရမယ် ဆိုတာပါပဲ။

- **Pets:** နာမည်ပေးထားတယ်။ နေမကောင်းရင် ဆေးကုတယ်။ (အရင်ခေတ်က Server တွေပါ)။
- **Cattle:** နာမည်မပေးဘူး။ နံပါတ်ပဲ တပ်ထားတယ်။ နေမကောင်းရင် (Error တက်ရင်) အသစ်တစ်ကောင် နဲ့ ချက်ချင်း အစားထိုးလိုက်တယ်။ (Cloud Server တွေပါ)။

၁၃.၃ Containers and Orchestration

Docker (Containers)

"ငါ့စက်မှာတော့ အလုပ်လုပ်တယ်၊ Server ပေါ်ရောက်မှ Error တက်တယ်" ဆိုတဲ့ ပြဿနာကို ဖြေရှင်းဖို့ **Docker** ပေါ်လာပါတယ်။ Software တစ်ခု run ဖို့ လိုအပ်တဲ့ Code, Library, Settings အားလုံးကို **Container** ဆိုတဲ့ သေတ္တာလေး တစ်ခုထဲ ထည့်ပြီး ထုပ်ပိုးလိုက်တာပါ။ ဒီသေတ္တာ (Container) ကို ဘယ်စက်မှာ သွား run run ပုံစံတူ အလုပ်လုပ်မှာ သေချာပါတယ်။

Docker အကြောင်းအသေးစိတ်ကိုတော့ Developer Intern စာအုပ်မှာ ဖော်ပြပြီးသား ဖြစ်သည့်အတွက် ဒီမှာ ထပ်ပြီး မဖော်ပြတော့ပါဘူး။ Developer Intern စာအုပ်ကို ဖတ်ကြည့်ဖို့ အကြံပြုလိုပါတယ်။

Kubernetes (Container Orchestration)

Docker ကြောင့် Application တစ်ခုကို Container ထဲထည့်ပြီး Run ရတာ လွယ်သွားပါပြီ။ ဒါပေမယ့် လက်တွေ့လုပ်ငန်းခွင်မှာ Container တစ်လုံးတည်းနဲ့ မလုံလောက်ပါဘူး။ Microservices တွေ မှာ Container ပေါင်း မြောက်များစွာ run နေရပါတယ်။

ဒီ Container အများကြီးကို လူက လိုက်ထိန်းဖို့ (Manage လုပ်ဖို့) ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီပြဿနာကို ဖြေရှင်းဖို့ **Container Orchestration** နည်းပညာ လိုအပ်လာပြီး၊ ဒီနေရာမှာ **Kubernetes (K8s)** က မရှိမဖြစ် ဖြစ်လာပါတယ်။

Kubernetes ကို **သံစုံတီးဝိုင်း ခေါင်းဆောင် (Orchestra Conductor)** နဲ့ တူပါတယ်။ ဂီတသမား (Container) တစ်ယောက်ချင်းစီ ဘယ်အချိန်မှာ တီးရမယ်၊ ဘယ်လောက်ကျယ်ကျယ် တီးရမယ် ဆိုတာကို ခေါင်းဆောင်က ထိန်းကျောင်းပေးသလိုပါပဲ။

Kubernetes ရဲ့ အဓိက စွမ်းဆောင်ရည် (Superpowers) ၄ ခုကတော့ -

1. Self-healing (အလိုအလျောက် ပြုပြင်ခြင်း)

Container တစ်ခု Error တက်ပြီး သေသွားရင် (Crash ဖြစ်သွားရင်)၊ လူက ဝင်ပြင်စရာမလိုဘဲ Kubernetes က အလိုအလျောက် အသစ်ပြန် Run ပေးပါတယ်။ System Admin အိပ်နေရင်တောင် Server က မပျက်မကွက် အလုပ်လုပ်နေမှာပါ။

2. Auto-scaling (အလိုအလျောက် အတိုးအလျှော့ လုပ်ခြင်း)

User ဝင်ရောက်မှု များလာတဲ့အချိန် (ဥပမာ - Sale promotion လုပ်တဲ့အချိန်) မှာ Container အရေအတွက်ကို အလိုအလျောက် တိုးပေး (Scale Out) ပြီး၊ လူနည်းသွားရင် ပြန်လျှော့ပေး (Scale In) ပါတယ်။ ဒါကြောင့် Server ဖိုး ကုန်ကျစရိတ်ကို သက်သာစေပါတယ်။

3. Load Balancing (ဝန်မျှဝေခြင်း)

Container တွေ အများကြီးရှိတဲ့အခါ Traffic တွေကို တစ်နေရာတည်းမှာ ပြုံမနေစေဘဲ၊ Container အားလုံးဆီကို မျှတအောင် ခွဲဝေပေးပါတယ်။ ဒါမှ User Experience ကောင်းမွန်မှာ ဖြစ်ပါတယ်။

4. Rolling Updates (Zero Downtime Deployment)

အရင်တုန်းက Version အသစ်တင်ရင် "Server Maintenance လုပ်နေပါသည်" ဆိုပြီး ပိတ်ထားရပါတယ်။ Kubernetes မှာတော့ Version အဟောင်းတွေကို တစ်လုံးချင်းစီ လျှော့ချပြီး၊ Version အသစ်တွေကို တစ်လုံးချင်း အစားထိုး မောင်းနှင်သွားပါတယ်။ User တွေက System ပြင်နေမှန်းတောင် မသိလိုက်ဘဲ ဆက်သုံးနိုင်တာကို **Zero Downtime** လို့ ခေါ်ပါတယ်။

Kubernetes Architecture (အလုပ်လုပ်ပုံ)

Kubernetes မှာ အဓိက အပိုင်း ၂ ပိုင်း ပါဝင်ပါတယ် -

1. **Control Plane (Master Node):** ဦးနှောက် ဖြစ်ပါတယ်။ ဘယ် Container ကို ဘယ်နေရာမှာ ထားမယ်၊ ဘယ်လောက် Run မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါတယ်။
2. **Worker Nodes:** လက်တွေ့ အလုပ်လုပ်တဲ့ ကောင်တွေပါ။ Container တွေဟာ ဒီ Worker Node တွေပေါ်မှာပဲ Run တာဖြစ်ပါတယ်။

Declarative Configuration (YAML)

Kubernetes ကို ခိုင်းစေတဲ့အခါ "ဘယ်လိုလုပ်ပါ" လို့ မခိုင်းဘဲ "ဘာလိုချင်တယ်" လို့ပဲ ခိုင်းရပါတယ်။ ဒါကို **Declarative** လို့ ခေါ်ပါတယ်။ Developer က **YAML** file လေးရေးပြီး "ငါ့ကို Web Server ၃ လုံး ပေးပါ" လို့ ပြောလိုက်ရင်၊ လက်ရှိ ၁ လုံးပဲ ရှိနေရင် K8s က နောက်ထပ် ၂ လုံး ထပ်ဆောက်ပေးပါလိမ့်မယ်။

> **Note for Beginners:** Kubernetes ဟာ သင်ယူရ ခက်ခဲပြီး Complex ဖြစ်ပါတယ်။ ဒါကြောင့် ကုမ္ပဏီအများစုဟာ ကိုယ်တိုင် K8s Install မလုပ်ကြဘဲ Cloud Provider တွေရဲ့ **Managed Kubernetes Services** တွေဖြစ်တဲ့ **GKE (Google), EKS (AWS), AKS (Azure)** တို့ကို အသုံးပြုကြပါတယ်။

၁၃.၄ Site Reliability Engineering (SRE)

SRE ဆိုတာ Google က စတင်ခဲ့တဲ့ နည်းစနစ် ဖြစ်ပြီး၊ Software Engineer တွေက Operation ပြဿနာတွေကို ဖြေရှင်းဖို့ ကြိုးစားရာက ပေါ်လာတာပါ။ System Admin တွေလို လက်နဲ့ လိုက်လုပ်မယ့်အစား၊ Automation Tools တွေ ရေးပြီး System ကို တည်ငြိမ်အောင် လုပ်ပါတယ်။

SRE မှာ အရေးကြီးတဲ့ အသုံးအနှုန်း (၃) ခု ရှိပါတယ်။

1. SLA (Service Level Agreement)

ဒါက **ကတိ** ပါ။ ကုမ္ပဏီက Customer ကို ပေးထားတဲ့ ကတိ။ "ကျွန်တော်တို့ System က ၉၉.၉% အလုပ်လုပ်ပါမယ်။ မရရင် လျော်ကြေးပေးပါမယ်" ဆိုတာမျိုးပါ။ Business နဲ့ Legal ပိုင်း ပိုဆန်ပါတယ်။

2. SLO (Service Level Objective)

ဒါက **ရည်မှန်းချက်** ပါ။ Engineering Team က ထားရှိတဲ့ Target ဖြစ်ပါတယ်။ "ငါတို့ System က တစ်လမှာ ၄၃ မိနစ်ထက် ပိုပြီး Down လို့ မဖြစ်ဘူး" ဆိုတာမျိုးပါ။ SLA ထက် ပိုပြီး တင်းကျပ်လေ့ ရှိပါတယ်။

3. SLI (Service Level Indicator)

ဒါက **လက်တွေ့အခြေအနေ** ပါ။ တကယ်တိုင်းတာ ရရှိတဲ့ ကိန်းဂဏန်းတွေပါ။ (ဥပမာ - လက်ရှိ Error Rate က 0.01% ရှိနေတယ်)။

Error Budgets (အမှားလုပ်ခွင့် ဘတ်ဂျက်)

SRE ရဲ့ စိတ်ဝင်စားစရာ အကောင်းဆုံး Concept ပါ။ 100% Uptime ဆိုတာ မဖြစ်နိုင်သလို၊ ဖြစ်အောင် လုပ်ရင်လည်း စရိတ်စက အရမ်းကြီးပါတယ်။ ဒါကြောင့် **Error Budget** သတ်မှတ်ပါတယ်။

ဥပမာ - SLO က **99.9%** ဆိုပါစို့။ ဒါဆိုရင် **0.1%** က Error Budget ပါ။
ဒါကို အချိန်နဲ့ တွက်လိုက်ရင် -

- တစ်ရက်မှာ = **၁.၄၄ မိနစ်**
- တစ်လမှာ = **၄၃.၂ မိနစ်** (43.2 minutes)

ဆိုလိုတာက တစ်လလုံးနေမှ ၄၃ မိနစ်ပဲ Down ခွင့်ရှိတာပါ။

- ဒီ Budget ကျန်နေသရွေ့ Developer တွေက Feature အသစ်တွေကို စိတ်ကြိုက် Deploy လုပ်ခွင့် ရှိတယ်။ Risk ယူလို့ရတယ်။
- တကယ်လို့ Error တွေများပြီး ဒီ ၄၃ မိနစ် ပြည့်သွားပြီ (Budget ကုန်သွားပြီ) ဆိုရင်တော့၊ Feature အသစ် တင်တာတွေကို ရပ်လိုက်ရပါမယ်။ System ပြန်ငြိမ်အောင် (Reliability) ကိုပဲ ဦးစားပေး လုပ်ရပါမယ်။

၁၃.၅ Observability (မြင်သာထင်သာရှိမှု)

Monitoring နဲ့ Observability မတူပါဘူး။

- **Monitoring:** "System ကြီး Down သွားပြီလား" လို့ မေးတာပါ။ (Known Unknowns)

- **Observability:** "System ကြီး ဘာလို့ နှေးနေတာလဲ၊ ဘယ်နားမှာ ကြာနေတာလဲ" ဆိုတာကို အဖြေရှာနိုင်စွမ်းပါ။ (Unknown Unknowns)

Observability အတွက် မဏ္ဍိုင်ကြီး ၃ ခု (Three Pillars) ရှိပါတယ်။

1. **Metrics:** ကိန်းဂဏန်းများ (CPU 80%, RAM 4GB, Request per second 500)။
2. **Logs:** ဖြစ်ပျက်သမျှ မှတ်တမ်းများ (Error text, Info messages)။
3. **Traces:** Request တစ်ခု ဝင်လာချိန်ကနေ ပြီးသွားတဲ့အထိ Service ပေါင်းစုံကို ဖြတ်သန်းသွားပုံ လမ်းကြောင်း။ Microservices တွေမှာ Bottleneck ရှာဖို့ မရှိမဖြစ် လိုအပ်ပါတယ်။

၁၃.၆ Incident Management (Case Study)

System ဆိုတာ တစ်ချိန်ချိန်မှာတော့ ပျက်မှာပါပဲ။ ပျက်တဲ့အခါ SRE သမားတွေ ဘယ်လို ကိုင်တွယ်သလဲ ဆိုတာ နားလည်အောင် Mini Case Study လေးတစ်ခုနဲ့ ကြည့်ရအောင်။

Scenario: The Friday Night Nightmare

Without DevOps:
သောကြာနေ့ည ၆ နာရီမှာ Developer တစ်ယောက်က ကုဒ်အသစ်တင်လိုက်တယ်။ Server ကြီး Down သွားတယ်။ Ops သမားက ဖုန်းဆက်လှမ်းဆဲတယ်။ "ဘယ်သူလုပ်တာလဲ" ဆိုပြီး တရားခံ ရှာကြတယ်။ Log တွေမရှိလို့ ဘာမှားမှန်းမသိဘူး။ မနက် ၃ နာရီမှ ပြန်ကောင်းတယ်။ တနင်္လာနေ့ကျတော့ Developer နဲ့ Ops ရန်ဖြစ်ကြပြီး ဘယ်သူမှ Code အသစ် မတင်ရဲတော့ဘူး။

With DevOps & SRE:
သောကြာနေ့ညမှာ ကုဒ်အသစ်တင်တယ်။ Canary Deployment နဲ့ User ၁၀% ကိုပဲ အရင်ပေးသုံးတယ်။ Error Rate တက်လာတာကို Monitoring System က ချက်ချင်းသိပြီး **Auto-Rollback** လုပ်လိုက်တယ်။ User အနည်းငယ်ပဲ ထိခိုက်လိုက်တယ်။
တနင်္လာနေ့မှာ Team တစ်ခုလုံး ထိုင်ပြီး **Blameless Post-Mortem** လုပ်တယ်။ "ဘယ်သူမှားလဲ" မမေးဘူး။ "ဘာကြောင့် Canary တုန်းက မမိလိုက်တာလဲ" ကို ဆွေးနွေးတယ်။ Test Case အသစ် ထပ်ဖြည့်ပြီး System ကို ပိုကောင်းအောင် ပြင်လိုက်တယ်။

Summary

DevOps နဲ့ SRE ဟာ Modern Software Engineering ရဲ့ မရှိမဖြစ် အစိတ်အပိုင်းတွေ ဖြစ်လာပါပြီ။

- **Automate everything:** လူလုပ်ရင် မှားနိုင်တယ်၊ စက်ကို ခိုင်းပါ။
- **Measure everything:** Metrics တွေ မရှိရင် ဘာဖြစ်နေလဲ မသိနိုင်ဘူး။
- **Share everything:** Team တွေကြားမှာ နံရံတွေ မရှိစေပါနဲ့။

Software Engineer တစ်ယောက် အနေနဲ့ Code ရေးရုံတင် မကဘဲ၊ ကိုယ်ရေးလိုက်တဲ့ Code က Production ပေါ်မှာ ဘယ်လို Run နေလဲ၊ ဘယ်လို Deploy လုပ်လဲ ဆိုတာကို နားလည်ထားခြင်းက Senior Level ကို တက်လှမ်းဖို့ အရေးပါတဲ့ အရည်အချင်း တစ်ခု ဖြစ်ပါတယ်။

အခန်း ၁၄ :: Security

Security ဆိုတာ Software ရဲ့ "Feature" မဟုတ်ပါဘူး။ "Attribute" (အရည်အသွေး) တစ်ခု ဖြစ်ပါတယ်။

အိမ်ဆောက်ပြီးမှ သော့ခတ်ဖို့ စဉ်းစားတာမျိုး မဟုတ်ဘဲ၊ အိမ်ပုံစံ Design ဆွဲကတည်းက ဘယ်နားမှာ တံခါးတပ်မယ်၊ ခြံစည်းရိုး ဘယ်လိုခတ်မယ် ဆိုတာ စဉ်းစားရသလိုပါပဲ။

ဒါကို **"Security by Design"** လို့ ခေါ်ပါတယ်။

အရင်တုန်းကတော့ Development ပြီးမှ Security Team က ဝင်စစ်ကြလေ့ရှိပါတယ်။ အဲဒီလို နောက်ကျမှ စစ်လို့ အမှားတွေ့ရင်၊ အစကနေ ပြန်ပြင်ရတာတွေ ဖြစ်တတ်ပါတယ်။ ကုန်ကျစရိတ် အရမ်းများပါတယ်။

ဒါကြောင့် ဒီနေ့ခေတ်မှာ **DevSecOps** (Development + Security + Operations) ဆိုပြီး Security ကို အစောဆုံး အဆင့်တွေ (Planning/Coding) မှာကတည်းက ထည့်သွင်းစဉ်းစားလာကြပါပြီ။ ဒါကို **"Shift Left"** လို့ ခေါ်ပါတယ်။ (Timeline ရဲ့ ဘယ်ဘက် အစွန်းကို ရွှေ့လိုက်တဲ့ သဘောပါ)။

Security ရဲ့ အဓိက တိုင်ကြီး ၃ တိုင် (CIA Triad) ကတော့-

1. **Confidentiality**: လျှို့ဝှက်သင့်တာ လျှို့ဝှက်ရမယ်။ (Password တွေ သူများ မမြင်ရဘူး)
1. **Integrity**: Data တွေ မမှန်မကန် ပြင်ဆင်ခံရတာ မရှိစေရဘူး။ (Bank Money Transfer လုပ်ရင် ပမာဏ အတိအကျ ရောက်ရမယ်)
1. **Availability**: System က အမြဲတမ်း သုံးလို့ ရနေရမယ်။ (Thai ဘက် က Data Center မီးပျက်သွားလို့ , ငလျင်ထိသွားလို့ စသည့် အကြောင်းပြချက်တွေ server တစ်ခု ကျသွားတာနှင့် System ကျသွားတာမျိုး မဖြစ်ရဘူး)

၁၄.၁ Fundamental Principles of Secure Design

Code မရေးခင် Developer တိုင်း သိထားရမယ့် ရွှေရောင်စည်းမျဉ်း (Golden Rules) တွေ ရှိပါတယ်။

၁. Principle of Least Privilege (PoLP)

User တစ်ယောက် (သို့) Service တစ်ခုကို "လိုအပ်သလောက် အနည်းဆုံး" လုပ်ပိုင်ခွင့်ပဲ ပေးရပါမယ်။

- **Bad Practice**: Junior Developer တစ်ယောက်က Production မှာ App DB ရဲ့ user role ကို `root` access သုံးထားတာ။ (မှားဖျက်မိရင် ဒုက္ခအကြီးကြီး ရောက်သွားနိုင်တယ်)
- **Good Practice**: Application တစ်ခုအတွက် DB User ဆောက်ရင် `SELECT`, `INSERT`, `UPDATE` လောက်ပဲ ပေးထားမယ်။ `DROP TABLE` ပေးမထားဘူး။ ဒါဆိုရင် App က SQL Injection မိလို့ Hacker ဝင်မွှေရင်တောင်၊ Table ကြီးတစ်ခုလုံး ဖျက်ပစ်လို့ မရတော့ဘူး။ Damage Control လုပ်နိုင်သွားတယ်။

၂. Defense in Depth (အလွှာလိုက် ကာကွယ်ခြင်း)

လုံခြုံရေးကို တစ်နေရာတည်းမှာ ပုံအောမထားပါနဲ့။ ရဲတိုက်တစ်ခုလိုပါပဲ။ ကျုံး ရှိမယ်၊ မြို့ရိုး ရှိမယ်၊ တံခါးစောင့် ရှိမယ်၊ အတွင်းဆောင် ရှိမယ်။ တစ်နေရာ ပေါက်တာနဲ့ အကုန်ပါသွားတာမျိုး မဖြစ်ရပါဘူး။



၃. Secure Defaults

System စစချင်း Install လုပ်လိုက်တာနဲ့ Default အနေအထားက လုံခြုံနေရမယ်။

- **Bad**: Default password `admin:admin` ပေးထားတာ။
- **Good**: ပထမဆုံး Login ဝင်ရင် Password မပြောင်းမနေရ (Force Change) လုပ်ခိုင်းတာ။ အန္တရာယ်ရှိနိုင်တဲ့ Feature တွေကို Default မှာ `OFF` ထားတာ။

၄. Separation of Duties (တာဝန်ခွဲဝေခြင်း)

သော့ကို တစ်ယောက်တည်း ကိုင်မထားရပါဘူး။

- **Dev vs Ops**: Developer က Code ရေးမယ်။ Production Server ကို ဝင်မပြင်သင့်ဘူး။ Production ကို Deploy လုပ်တာကို CI/CD Pipeline (သို့) Ops Team ကပဲ လုပ်သင့်တယ်။ ဒါမှ Developer အကောင့် ပါသွားရင်တောင် Production မပျက်စီးမှာ။

၅. Fail Securely

System Error တက်သွားရင် "တံခါးပိတ်လျက်" (Closed) အနေအထားနဲ့ ပျက်ရပါမယ်။

- **Scenario**: Login System Error တက်သွားတယ်။ User ကို ဝင်ခွင့် ပေးလိုက်မလား (Fail Open)၊ တားလိုက်မလား (Fail Closed)။

- **Answer**: လုံးဝ တားထားရမယ်။ Error Message မှာလည်း "Database Connection Failed" ဆိုပြီး အရှည်ကြီး မပြရဘူး။ "Something went wrong" လောက်ပဲ ပြရမယ်။ Hacker ကို သဲလွန်စ မပေးရဘူး။

၆. Minimize Attack Surface

ရန်သူ ဝင်လာနိုင်တဲ့ အပေါက်တွေကို အတတ်နိုင်ဆုံး ပိတ်ထားရမယ်။

- မလိုအပ်တဲ့ Port တွေ ပိတ်ထား။ (MySQL Port 3306 ကို အစား အခြား port number သုံးခြင်း။ Public သုံးခွင့်မပေးပဲ private network ကနေပဲ သုံးခွင့်ပေးခြင်း။)
- မသုံးတော့တဲ့ Library တွေ၊ Feature အဟောင်းတွေ ဖြုတ်ပစ်။ Code များလေ၊ Bug ပါနိုင်လေ၊ Hacker ဝင်ပေါက် များလေပါပဲ။

၇. Keep Security Simple

Complexity က Security ရဲ့ ရန်သူပါ။ System ရှုပ်ထွေးလေ၊ အမှားပါလာနိုင်လေပါပဲ။ လုံခြုံရေး စနစ်တွေကို ရိုးရှင်းပြီး စစ်ဆေးရ လွယ်ကူအောင် (Auditable) ထားသင့်ပါတယ်။

၁၄.၂ Data Protection Essentials: Encoding, Encryption vs Hashing

Software Engineer တစ်ယောက်အနေနဲ့ ဒီ ၃ ခုကို လုံးဝ (လုံးဝ) ရောထွေးလို့ မရပါဘူး။

Data ကို ပုံစံပြောင်းတာခြင်း တူပေမယ့်၊ ရည်ရွယ်ချက် တွေက မတူညီပါဘူး။







၁. Encoding (Not Security!)

Data ကို သယ်ယူပို့ဆောင်ရ လွယ်ကူအောင် format ပြောင်းတာ သက်သက်ပါပဲ။ Security လုံးဝ မရှိပါဘူး။

Base64 နဲ့ Encode ထားတဲ့ စာကို ဘယ်သူမဆို Decode လုပ်ပြီး ဖတ်လို့ ရပါတယ်။

- **Use Case**: binary image data တွေကို text string အဖြစ် ပြောင်းပြီး JSON ထဲ ထည့်ပို့ချင်တဲ့ အခါမျိုးမှာ သုံးပါတယ်။ Password တွေကို ဖွက်ဖို့ *ဘယ်တော့မှ* မသုံးရပါဘူး။

၂. Encryption (Confidentiality)

Data ကို "သော့" (Key) ရှိ မှပဲ ဖတ်လို့ရအောင် ဝှက်ထားတာပါ။ သော့ရှိရင် ပြန်ဖွင့် (Decrypt) လို့ ရပါတယ်။

နှစ်မျိုး ရှိပါတယ်။

A. Symmetric Encryption (House Key Role)

သော့တစ်ချောင်းတည်း (Shared Key) ကို သုံးပြီး ပိတ်တာရော၊ ဖွင့်တာရော လုပ်တာပါ။ အိမ်တံခါးသော့လိုပါပဲ။ ဝင်တုန်းကလည်း ဒီသော့၊ ထွက်တော့လည်း ဒီသော့နဲ့ပဲ ဖွင့်ရတာပါ။

Standard vs AEAD (Authenticated Encryption)

အရင်တုန်းက `AES-CBC` mode ကို သုံးခဲ့ကြပေမယ့်၊ သူက Data ကိုပဲ ဝှက်ပေးနိုင်ပြီး (Confidentiality)၊ Data ကို လမ်းမှာ Hacker က ပြင်လိုက်ရင် မသိနိုင်ပါဘူး (No Integrity)။

ဒါကြောင့် ဒီနေ့ခေတ်မှာ **AEAD (Authenticated Encryption with Associated Data)** ဖြစ်တဲ့ `AES-GCM` သို့မဟုတ် `ChaCha20-Poly1305` ကို မဖြစ်မနေ သုံးရပါမယ်။

Why AEAD? (Confidentiality + Integrity)

AEAD algorithm တွေက Encrytion လုပ်တဲ့အခါမှာ **Authentication Tag** တစ်ခုပါ တွဲထုတ်ပေးပါတယ်။

Data ကို Decrypt လုပ်တဲ့အခါ၊ အဲဒီ Tag ကို အရင်စစ်ပါတယ်။ Tag ကိုက်ညီမှသာ Data ကို Decrypt လုပ်ပေးပါတယ်။

ဒါကြောင့် Hacker က Encrypted Data ကို တစ်လုံးပဲ ပြင်လိုက်ရင်တောင် Tag မကိုက်တော့တဲ့အတွက် Decryption process က ချက်ချင်း Fail ဖြစ်သွားပြီး မှားယွင်းတဲ့ Data ထွက်လာမှာကို ကာကွယ်ပေးနိုင်ပါတယ်။

- **Algorithm**: `AES-256-GCM` (Hardware support ရှိရင် သုံးပါ), `ChaCha20-Poly1305` (Mobile devices တွေအတွက် ပိုမြန်တယ်)။



B. Asymmetric Encryption (Mailbox Role)

Key နှစ်ချောင်း သုံးပါတယ်။ **Public Key** (လူတိုင်းကို ပေးထားလို့ ရတယ်) နဲ့ **Private Key** (ကိုယ်တစ်ယောက်တည်း သိမ်းထားရမယ်)။

စာတိုက်ပုံး (Mailbox) လိုပါပဲ။ စာထည့်တဲ့ အပေါက် (Public Key) ကနေ ဘယ်သူမဆို စာလာ ထည့်လို့ ရတယ်။ ဒါပေမယ့် စာတိုက်ပုံးကို ဖွင့်ပြီး စာဖတ်ဖို့ (Decrypt) အတွက်တော့ သော့ (Private Key) ရှိတဲ့ ပိုင်ရှင်ပဲ လုပ်လို့ ရပါတယ်။

- **Algorithm**: RSA, ECC.
- **Use Case**: HTTPS (TLS) စစချင်း ချိတ်ဆက်တဲ့ နေရာ (Key Exchange) မှာ သုံးပါတယ်။



၃. Hashing (Integrity)

Data ကို ကြိတ်ချေပြီး ပုံစံပြောင်းလိုက်တာပါ။ မူရင်း Data ကို ပြန်ပြောင်းယူလို့ (Reverse) **လုံးဝ မရပါဘူး**။ (One-way Function)။

ကြက်ဥကို မွှေလိုက်သလိုပါပဲ။ Omelet ဖြစ်သွားပြီးရင် ကြက်ဥ အလုံးလိုက် ပြန်ရဖို့ မဖြစ်နိုင်တော့ပါဘူး။

- **Password သိမ်းတဲ့အခါ Hashing သုံးရပါမယ်။** Encryption မသုံးရဘူး။ ဘာလို့လဲဆိုတော့ Admin ကိုယ်တိုင်တောင် User ရဲ့ Password ကို မသိသင့်လို့ပါပဲ။ User Login ဝင်ရင် သူရိုက်လိုက်တဲ့ Password ကို Hash လုပ်၊ Database ထဲက Hash နဲ့ တိုက်စစ်။ တူရင် ပေးဝင်လိုက်ရုံပါပဲ။
- **Algorithm**: `MD5` , `SHA-1` တွေက ဟောင်းသွားပါပြီ (Crack လို့ လွယ်ပါတယ်)။ `bcrypt` , `Argon2` တို့ကို သုံးရပါမယ်။ သူတို့မှာ `Salt` (Random Data) ပါ ထည့်ပေါင်းထားလို့ Rainbow Table နဲ့ တိုက်ခိုက်တာကို ခံနိုင်ရည် ရှိပါတယ်။

Feature	Encoding	Encryption	Hashing
Reversible?	Yes	Yes (Key လိုတယ်)	**No** (One-way)
Purpose	Usability	Confidentiality	Validation/Integrity
Example	Base64	AES, RSA	bcrypt, SHA-256

၁၄.၃ Threat Modeling: ရန်သူ့နေရာမှ တွေးကြည့်ခြင်း

Threat Modeling ဆိုတာ Code မရေးခင်ကတည်းက "ငါသာ Hacker ဆိုရင် ဒီ System ကို ဘယ်လိုဖောက်မလဲ" ဆိုပြီး ကြိုတွေးတာပါ။

Microsoft ရဲ့ **STRIDE** Model က အကျော်ကြားဆုံးပါပဲ။

STRIDE	Threat (အန္တရာယ်)	Example	Mitigation (ကာကွယ်နည်း)
Spoofing	သူများ အယောင်ဆောင်ခြင်း	Hacker က Admin ID `1` နဲ့ API လှမ်းခေါ်တာ	Authentication (JWT/Session) သေချာစစ်ပါ။
Tampering	Data ကို လမ်းမှာ ခိုးပြင်ခြင်း	ငွေလွှဲတဲ့ပမာဏ 1000 ကို 100 လို့ ပြောင်းပစ်တာ	HTTPS, Digital Signatures သုံးပါ။
Repudiation	"ငါမလုပ်ဘူး" လို့ ငြင်းခြင်း	User က ပိုက်ဆံလွှဲပြီးမှ မလွှဲဘူးလို့ ငြင်းတာ	Audit Logs (ဘယ်သူ၊ ဘယ်ချိန်၊ ဘာလုပ်သွားလဲ မှတ်ထားပါ)။
Information Disclosure	Data ပေါက်ကြားခြင်း	Database Error တက်ရင် Table Structure တွေ Error Message မှာ ပါသွားတာ	Generic Error Message ပဲ ပြပါ။ Encryption သုံးပါ။
Denial of Service	System ကျအောင် တိုက်ခြင်း	Request တွေ အများကြီး တပြိုင်နက် ပို့ပြီး Server လေးအောင် လုပ်တာ (DDoS)	Rate Limiting (One minute max 60 requests), CDN သုံးပါ။
	ရာထူးတိုး		

Elevation of Privilege	အောင် ခိုးလုပ်ခြင်း	Normal User ကနေ Admin URL `/admin` ကို ဝင်ဖို့ ကြိုးစားတာ	Authorization (Role-based Access Control) စစ်ပါ။

၁၄.၄ OWASP Top 10: Web ပေါ်က အန္တရာယ်ကောင်များ

OWASP (Open Web Application Security Project) ဆိုတာ Web Security အတွက် စံသတ်မှတ်ပေးတဲ့ အဖွဲ့အစည်းပါ။ သူတို့က ၂-၃ နှစ်တစ်ခါ "Top 10 Vulnerabilities" (အဖြစ်အများဆုံး အားနည်းချက် ၁၀ ခု) ကို ထုတ်ပြန်ပါတယ်။ ၂၀၂၅ စာရင်းအရ အရေးကြီးဆုံးတွေကို ကြည့်ရအောင်။

၁. Broken Access Control (ဝင်ခွင့် မှားယွင်းခြင်း)

အဖြစ်အများဆုံးနဲ့ အန္တရာယ်အများဆုံးပါ။ Login ဝင်ထားပေမယ့်၊ ကိုယ်မပိုင်တဲ့ Data တွေကို ဝင်ကြည့်လို့ ရနေတာမျိုးပါ။

- **Scenario (IDOR)**: `user/101` က URL ကို `user/102` လို့ ပြောင်းလိုက်တာနဲ့ တခြားလူရဲ့ Profile ကို မြင်နေရတာ။
- **Mitigation**: Code ထဲမှာ `IF (current_user.id == requested_data.owner_id)` ဆိုတဲ့ Logic ကို Database Query တိုင်းမှာ မဖြစ်မနေ ထည့်စစ်ရပါမယ်။

၂. Cryptographic Failures (လျှို့ဝှက်ချက် ပေါက်ကြားခြင်း)

Password တွေကို Plain text (စာသားအတိုင်း) သိမ်းတာ၊ Encryption Key တွေကို Git ထဲ တင်မိတာတွေပါ။

- **Mitigation**: Password ဆို `bcrypt` နဲ့ Hash လုပ်။ Data ဆို `AES-256` နဲ့ Encrypt လုပ်။ HTTPS (TLS) မရှိဘဲ ဘာ Data မှ မပို့နဲ့။

၃. Injection (SQL Injection & Others)

User ဆီက Input ကို မစစ်ဆေးဘဲ Database ထဲ တိုက်ရိုက် ထည့်သုံးလိုက်တာပါ။

- **Injection Example**: `SELECT * FROM users WHERE name = ' + userInput + ';`
- Hacker က `userInput` နေရာမှာ `' OR '1'='1` လို့ ရိုက်လိုက်ရင်၊ Query က `SELECT * FROM users WHERE name = '' OR '1'='1` ဖြစ်သွားပြီး User အားလုံးရဲ့ Data တွေ ထွက်လာပါလိမ့်မယ်။
- **Mitigation**: **Parameterized Queries** (Prepared Statements) ကိုပဲ သုံးပါ။ ORM (Object Relational Mapping) တွေက ဒါကို အလိုအလျောက် ကာကွယ်ပေးပါတယ်။

၄. Insecure Design

Code အမှား မဟုတ်ဘဲ၊ Design ကတည်းက လုံခြုံရေး မစဉ်းစားခဲ့တာပါ။

- **Example**: Password Reset လုပ်ရင် "Security Question" မေးတာ။ (အဖြေက Facebook မှာ ရှာရင် တွေ့နိုင်တယ်)။ အဲဒီအစား Email/SMS OTP သုံးတာက Design အရ ပိုလုံခြုံပါတယ်။

၅. Security Misconfiguration

Default Password မပြောင်းတာ၊ Error Message မှာ Stack Trace တွေ အကုန်ပြတာ၊ Cloud Bucket (S3) ကို Public ဖွင့်ထားမိတာတွေပါ။

- **Tip**: Production ကို Deploy မလုပ်ခင် "Security Checklist" နဲ့ အမြဲ စစ်ပါ။

၁၄.၅ Cryptography & Secrets Management: လျှို့ဝှက်ချက်များ ထိန်းသိမ်းခြင်း

Rule #1: Never Write Your Own Crypto

ဒါအရေးအကြီးဆုံး ပါပဲ။ ကိုယ့်ဘာသာ Encryption Algorithm တွေ လျှောက်မရေးပါနဲ့။

သင်ရေးတဲ့ Code ဟာ Hacker တွေအတွက် စက္ကန့်ပိုင်းနဲ့ ဖောက်လို့ ရနိုင်ပါတယ်။ ကမ္ဘာကျော် Cryptographer တွေ စမ်းသပ်ထားတဲ့ Library တွေကိုပဲ သုံးပါ။ (e.g., `OpenSSL` , `libsodium` , `Bcrypt`)။

Secrets Management (သော့ကို ဘယ်မှာ သိမ်းမလဲ)

API Keys, Database Passwords တွေကို Source Code ထဲမှာ **Hardcode လုံးဝ မလုပ်ရပါဘူး**။

Git ထဲပါသွားရင် ပြဿနာ အကြီးကြီး တက်ပါပြီ။

- **DON'T**: `const apiKey = "sk-123456789";`
- **DO**: Environment Variable သုံးပါ။ `process.env.API_KEY`

Production မှာဆိုရင် **AWS Secrets Manager**, **HashiCorp Vault** လိုမျိုး Dedicated Secret Store တွေကို သုံးတာ အကောင်းဆုံးပါပဲ။

.env ဖိုင် တွေကိုလည်း `.gitignore` ထဲ ထည့်ဖို့ မမေ့ပါနဲ့။

၁၄.၆ The Myth of Client-Side Security

Software Engineer တစ်ယောက် မှတ်ထားရမှာက **"Client (Phone/Browser) ပေါ် ရောက်သွားတဲ့ Code မှန်သမျှဟာ Public ဖြစ်သွားပြီ"** ဆိုတာပါပဲ။

Mobile Apps & Frontend are "Transparent"

App ကို Build လုပ်လိုက်ရင် Binary ဖြစ်သွားလို့ ဖတ်မရတော့ဘူးလို့ မထင်ပါနဲ့။ Decompile လုပ်ပြီး Source Code ပြန်ဖတ်လို့ ရနိုင်သလို၊ Network Traffic ကို ကြားဖြတ်ဖတ်ပြီး API Key တွေ ခိုးလို့ ရပါတယ်။

ဒါကြောင့် **Secret Key တွေကို Frontend/Mobile App ထဲ ဘယ်တော့မှ မထည့်ရပါဘူး။**

The Solution: BFF Pattern (Backend for Frontend)

OpenAI API Key လိုမျိုး Secret တွေကို Backend Server ပေါ်မှာပဲ ထားပါ။ Mobile App က ကိုယ့် Backend ကို လှမ်းခေါ်၊ Backend ကမှတဆင့် OpenAI ကို Key နဲ့ လှမ်းခေါ်။ ဒါဆိုရင် Secret Key က Server ပေါ်မှာပဲ ရှိနေလို့ လုံခြုံပါတယ်။

အမှား (Insecure): Mobile App ထဲမှာ Key ထည့်ထားတာ။ Hacker က Decompile လုပ်ပြီး Key ကို ယူသွားနိုင်တယ်။



အမှန် (Secure): Proxy ခံသုံးတာ။



၁၄.၇ Network Security & MitM Attacks

Network ပေါ်မှာ Data ပို့ရင် အမြဲတမ်း သတိထားရမှာက **"ကြားကလူ ဖြတ်ဖတ်နိုင်တယ်"** ဆိုတာပါပဲ။ ဒါကို **Man-in-the-Middle (MitM) Attack** လို့ ခေါ်ပါတယ်။

ဥပမာ - Coffee Shop က Free Wi-Fi ကို သုံးနေတုန်း Hacker က အဲဒီ Wi-Fi ကို ထိန်းချုပ်ထားရင်၊ ကိုယ်ပို့သမျှ Data တွေကို သူ မြင်ရပါမယ်။



Protection Mechanisms (ကာကွယ်နည်း)

၁. HTTPS (TLS) is Mandatory!

ဒါကို ကာကွယ်ဖို့ **HTTPS (TLS)** ကို မဖြစ်မနေ သုံးရပါမယ်။

HTTPS သုံးထားရင်၊ ကြားက Hacker က Data ကို ဖမ်းမိရင်တောင် Encrypted ဖြစ်နေလို့ ဘာမှ နားလည်မှာ မဟုတ်ပါဘူး။ Mobile App တွေမှာဆိုရင် **SSL Pinning** (Server ရဲ့ Certificate ကို App ထဲမှာ Lock လုပ်ထားတာ) သုံးရင် ပိုစိတ်ချရပါတယ်။

၂. HMAC (Data Integrity)

Data ပို့ရာမှာ "လမ်းမှာ အပြင်ခံရလား" သိဖို့ HMAC သုံးပါတယ်။

API Request ပို့တဲ့အခါ `Sign(Body + SecretKey)` လုပ်ပြီး Signature ထည့်ပေးလိုက်တာမျိုးပါ။

Server က လက်ခံရရှိတဲ့ Body ကို သူ့ဆီက SecretKey နဲ့ ပြန် Sign ကြည့်မယ်။ Signature တူမှ လက်ခံမယ်။ ဒါဆိုရင် Hacker က Body ကို ပြင်လိုက်ရင် Signature မတူတော့တဲ့အတွက် ပယ်ချနိုင်ပါတယ်။

၁၄.၈ Web Security: XSS & CSRF

Web Developer တိုင်း သိထားရမယ့် ရန်သူတော် ကြီး ၂ ကောင် ရှိပါတယ်။

၁. XSS (Cross-Site Scripting)

Hacker က ကိုယ့် Web Page ထဲမှာ JavaScript လာ Run တာပါ။

- **Scenario**: Facebook Comment မှာ `<script>stealCookies()</script>` လို့ ရေးပြီး Post တင်လိုက်တယ်။ တခြားလူတွေ အဲဒီ Comment ကို မြင်တာနဲ့ Script က အလိုလို Run ပြီး Cookie တွေ ပါသွားရော။
- **Mitigation**: User Input မှန်သမျှကို HTML အနေနဲ့ မပြဘဲ **Escape** လုပ်ပြီးမှ ပြရမယ်။ Modern Framework တွေ (React, Vue) က ဒါကို Auto လုပ်ပေးပါတယ်။ `dangerouslySetInnerHTML` လိုမျိုးကို ရှောင်ပါ။

၂. CSRF (Cross-Site Request Forgery)

User ကို အလိမ်အညာ Link နှိပ်ခိုင်းပြီး၊ User မသိဘဲ နောက်ကွယ်ကနေ Request ပို့ခိုင်းတာပါ။

- **Scenario**: User က Bank Website ကို Login ဝင်ထားတယ်။ ပြီးတော့ Hacker ပို့တဲ့ Email ထဲက "Win Prize" ခလုတ်ကို နှိပ်လိုက်တယ်။ အဲဒီခလုတ်က Bank Website ဆီ "Transfer $1000 to Hacker" ဆိုတဲ့ Request ကို ပို့လိုက်တယ်။ Browser က Cookie သိမ်းထားတော့ Bank က User ကိုယ်တိုင် ပို့တယ်ထင်ပြီး ငွေလွှဲပေးလိုက်တယ်။
- **Mitigation**:
- **Anti-CSRF Token**: Form တိုင်းမှာ Random Token ထည့်ပေးထားတာ။ Hacker က ခလုတ်နှိပ်ခိုင်းလို့ ရပေမယ့်၊ ဒီ Token ကို မသိနိုင်လို့ Request က Fail ဖြစ်သွားမယ်။
- **SameSite Cookie**: Cookie ကို ကိုယ့် Domain ကလွဲရင် တခြားကနေ မပါသွားအောင် `SameSite=Strict` သတ်မှတ်ထားတာ။



၃. JWT (JSON Web Token) Implementation Faults

Stateless Authentication အတွက် JWT ကို သုံးကြပေမယ့်၊ အန္တရယ်များတဲ့ အချက်တွေ ရှိပါတယ်။

- **Algorithm `None` Attack**: Hacker က JWT Header ထဲမှာ `{"alg": "none"}` လို့ ပြောင်းပြီး Signature အပိုင်းကို ဖြုတ်လိုက်ရင်၊ Backend က မစစ်ဆေးဘဲ လက်ခံမိတတ်ပါတယ်။
- **Weak Secret**: HMAC Secret key ကို နာမည်ကြီး words (`secret` , `password123`) ပေးထားရင် Brute Force နဲ့ ဖောက်လို့ လွယ်ပါတယ်။
- **Mitigation**:
- Library တွေမှာ `algorithm: none` ကို disabled လုပ်ထားပါ။
- Secret Key ကို အရှည်ကြီး (random 32 chars+) ပေးပါ။
- **Validating Claims**: `exp` (Expiration) နဲ့ `iss` (Issuer) ကို အမြဲ စစ်ပါ။

၄. CORS vs CSP (Browser Security Headers)

Web Security မှာ မပါမဖြစ် Header ကြီး ၂ ခု ရှိပါတယ်။

CORS (Cross-Origin Resource Sharing)

Browser က Domain မတူရင် (Example: `frontend.com` ကနေ `api.backend.com` ကို) API ခေါ်ခွင့် မပေးပါဘူး။

Backend က `Access-Control-Allow-Origin: https://frontend.com` လို့ ခွင့်ပြုပေးမှ ရပါတယ်။

- **Danger**: `Access-Control-Allow-Origin: *` (Any) လို့ ပေးလိုက်ရင်၊ Hacker ရဲ့ Site ကနေလည်း ကိုယ့် API ကို လှမ်းခေါ်ပြီး User data ခိုးလို့ ရသွားပါလိမ့်မယ်။

CSP (Content Security Policy)

XSS ကို ကာကွယ်ဖို့ အကောင်းဆုံး လက်နက်ပါ။ ကိုယ့် Page ပေါ်မှာ ဘယ် Domain က Script တွေကိုပဲ Run ခွင့်ပြုမယ်ဆိုတာ သတ်မှတ်တာပါ။

- Example: `Content-Security-Policy: script-src 'self' https://trusted.cdn.com;`
- ဒါဆိုရင် Hacker က `<script src="hacker.com/evil.js">` လို့ ထည့်လိုက်ရင် Browser က Block လုပ်ပစ်ပါလိမ့်မယ်။

၁၄.၉ DevSecOps Pipeline

Security ကို နောက်ဆုံးမှ မစစ်ဘဲ၊ Development အဆင့်ဆင့်မှာ Checkpoint တွေ ခံထားတာပါ။



1. **Pre-commit Hook**: Developer စက်မှာ Code မတင်ခင် Secret Key ပါ၊ မပါ အရင်စစ်တယ်။ (Tool: `Talisman` , `GitLeaks`)
1. **SAST (Static Application Security Testing)**: Code ကို မ Run ဘဲ ဖတ်ပြီး အမှားရှာတာ။ (Tool: `SonarQube`)
1. **SCA (Software Composition Analysis)**: သုံးထားတဲ့ Library တွေမှာ အပေါက် (Vulnerability) ရှိလား စစ်တာ။ (Tool: `Snyk` , `Dependabot`)
1. **DAST (Dynamic Application Security Testing)**: App ကို တကယ် Run ပြီး အပြင်ကနေ Hacker လို တိုက်ခိုက်ကြည့်ပြီး စစ်တာ။ (Tool: `OWASP ZAP`)

၁၄.၁၀ Summary

ဒီအခန်းမှာ ပြောခဲ့တဲ့ အရေးကြီးဆုံး အချက်တွေကို ပြန်ချုပ်ကြည့်ရအောင်။

1. **Security by Design**: ပြီးမှ ထည့်လို့ မရဘူး။ အစကတည်းက စဉ်းစားပါ။
1. **Least Privilege**: လိုသလောက်ပဲ ပေးပါ။ မပိုစေနဲ့။

1. **Validate Inputs**: User ဆီက ဘာလာလာ မယုံပါနဲ့။ အမြဲ စစ်ပါ။
1. **Encrypt Sensitive Data**: Data ကို အလွတ် မထားပါနဲ့။ Password ဆို Hash လုပ်ပါ။
1. **Audit Logs**: ဘာဖြစ်သွားလဲ ပြန်ကြည့်လို့ရအောင် မှတ်တမ်းတင်ထားပါ။

Security ဆိုတာ **"Destination" (ပန်းတိုင်) မဟုတ်ပါဘူး၊ "Journey" (ခရီးစဉ်)** ဖြစ်ပါတယ်။

Hacker တွေက နေ့တိုင်း နည်းလမ်းအသစ်တွေ ရှာနေကြသလို၊ ကျွန်တော်တို့ကလည်း နေ့တိုင်း Update လုပ်နေရမှာပါ။

> **Final Advice**: "Paranoid ဖြစ်တာ ကောင်းပါတယ်။ ကိုယ့် Code ကို ဘယ်သူမှ မဖောက်နိုင်ပါဘူးလို့ ဘယ်တော့မှ အာမခံချက် မပေးပါနဲ့။"

အခန်း ၁၅ :: Maintenance

Software project တစ်ခု ပြီးဆုံးသွားသည်နှင့် အလုပ်ပြီးသွားခြင်း မဟုတ်ပါ။ အမှန်တကယ်တွင် software lifecycle ၏ အရှည်ကြာဆုံးနှင့် ကုန်ကျစရိတ်/အလုပ်အင်အား အများဆုံး အပိုင်းမှာ maintenance နှင့် evolution ဖြစ်တတ်သည်။ Software system ၏ စုစုပေါင်းကုန်ကျစရိတ် (cost) သို့မဟုတ် အလုပ်အင်အား (effort) ၏ ၆၀% မှ ၈၀% အထိကို maintenance/evolution အတွက် သုံးစွဲရတတ်သည် (TCO သတ်မှတ်ပုံပေါ်မူတည်၍ ဤရာခိုင်နှုန်း ကွာခြားနိုင်သည်)။ ဤအခန်းတွင် maintenance (post-deployment change) ကို အဓိပ္ပါယ်ကျယ်ပြန့်စွာသုံး၍ evolution (feature growth) ကိုလည်း ထည့်သွင်းစဉ်းစားကာ၊ maintenance အမျိုးအစားများ၊ legacy system များကို ကိုင်တွယ်ပုံနှင့် software ၏ သက်တမ်းကို စီမံခန့်ခွဲပုံတို့ အကြောင်း ဖော်ပြသွားပါမယ်။

၁၅.၁ Maintenance ကုန်ကျစရိတ်

Software တစ်ခုကို ရေးပြီးသွားရင် "ပြီးပြီ" လို့ ထင်တတ်ကြပါတယ်။ တကယ်တမ်းက အခုမှ စတာပါ။ "Build Once, Run Forever" ဆိုတာ မရှိပါဘူး။

Software Lifecycle တစ်ခုလုံးရဲ့ ကုန်ကျစရိတ် (Total Cost of Ownership - TCO) ကို တွက်ကြည့်လိုက်ရင်

- **Development Cost** (ရေးသားခ) က **20-40%** လောက်ပဲ ရှိတတ်ပါတယ်။
- **Maintenance Cost** (ပြုပြင်ထိန်းသိမ်းခ) က **60-80%** လောက်အထိ ရှိတတ်ပါတယ်။

ကားတစ်စီး ဝယ်လိုက်သလိုပါပဲ။ ဝယ်တုန်းက သိန်း ၁၀၀၀ ပေးရပေမယ့်၊ ဆီဖိုး၊ ပြင်ဖိုး၊ ဝပ်ရှော့ပို့ခ တွေက နှစ်နဲ့ချီပြီး သုံးလိုက်ရင် ဝယ်ဈေးထက် ပိုများသွားတတ်ပါတယ်။

ဘာကြောင့် Maintenance စရိတ်တွေ ဒီလောက် ကြီးနေရတာလဲ။

1. Technical Debt (နည်းပညာဆိုင်ရာ အကြွေး)

Code ရေးတုန်းက "မြန်ရင် ပြီးရော" ဆိုပြီး ဖြတ်လမ်းနည်းတွေ သုံးခဲ့တာတွေ၊ Variable Name တွေကို တွေ့ကရာ ပေးခဲ့တာတွေ၊ Test တွေ မရေးခဲ့တာတွေဟာ "အကြွေး" ယူထားတာနဲ့ တူပါတယ်။

နောက်ပိုင်း ပြန်ပြင်တဲ့အခါ အဲဒီ အကြွေးတွေကို အတိုးနဲ့ အရင်း ပေါင်းဆပ်ရသလိုပါပဲ။ သာမန် ၁ နာရီနဲ့ ပြီးမယ့် အလုပ်က Code တွေ ရှုပ်နေတဲ့အတွက် ၅ နာရီလောက် ကြာသွားနိုင်ပါတယ်။

2. Staff Turnover (လူအပြောင်းအလဲ)

မူရင်း ရေးခဲ့တဲ့ Developer တွေ ထွက်သွားပြီး လူသစ်တွေ ရောက်လာတဲ့အခါ System ကို နားလည်ဖို့ အချိန်ပေးရပါတယ်။

Bus Factor လို့ ခေါ်ပါတယ်။ Team ထဲက Key Person တစ်ယောက် ကားတိုက်ခံရရင် (Bus)၊ Project ရပ်သွားမလား ဆိုတာ စဉ်းစားရပါမယ်။ Documentation သေချာ မရှိရင် လူသစ်တွေ အတွက် ငရဲပါပဲ။

3. Software Aging (Erosion)

Software တွေက သက်မဲ့ ဖြစ်ပေမယ့် ဟောင်းနွမ်းသွားတတ်ပါတယ်။

Code တွေက မပြောင်းပေမယ့်၊ သူနဲ့ တွဲသုံးထားတဲ့ OS တွေ၊ Library တွေ၊ Third-party API တွေက ပြောင်းသွားတတ်ပါတယ်။ ဒါတွေကို လိုက်မပြင်ရင် (Upgrade မလုပ်ရင်) Security ပြဿနာတွေ တက်လာပြီး နောက်ဆုံးမှာ သုံးမရတော့တဲ့ အထိ ဖြစ်သွားနိုင်ပါတယ်။

၁၅.၂ Types of Maintenance

Maintenance ဆိုတာ ပျက်မှ ပြင်တာ (Bug Fix) တစ်ခုတည်း မဟုတ်ပါဘူး။ အမျိုးအစား ၄ မျိုး ရှိပါတယ်။

1. Corrective Maintenance (အမှား ပြင်ဆင်ခြင်း)

System မှာ Bug တွေ့လို့၊ ဒါမှမဟုတ် Error တက်လို့ ဝင်ပြင်တာပါ။

- **Urgent**: Server Down သွားလို့ ချက်ချင်း ထပြင်ရတာမျိုး (Firefighting)။
- **Non-urgent**: စာလုံးပေါင်း မှားနေတာတို့၊ UI နည်းနည်း လွဲနေတာတို့ လိုမျိုး အေးဆေး ပြင်လို့ရတာမျိုး။

> ဒီအပိုင်းက များနေတယ် ဆိုရင်တော့ Code Quality မကောင်းလို့ ဖြစ်ဖို့ များပါတယ်။

2. Adaptive Maintenance (လိုက်လျောညီထွေ ဖြစ်အောင် ပြင်ခြင်း)

Software မှာ အမှား မရှိပါဘူး။ ဒါပေမယ့် ပတ်ဝန်းကျင် (Environment) ပြောင်းသွားလို့ လိုက်ပြင်ရတာပါ။

ဥပမာ -

- iOS version 26 ထွက်လာလို့ ကိုယ့် App က Crash ဖြစ်သွားရင် လိုက်ပြင်ရမယ်။
- Cloud Provider က API အဟောင်းကို ပိတ်လိုက်လို့ API အသစ် ပြောင်းသုံးရမယ်။
- Government Tax ဥပဒေ ပြောင်းသွားလို့ Code ထဲမှာ အခွန် တွက်ပုံ ပြောင်းရမယ်။

3. Perfective Maintenance (ပိုကောင်းအောင် မွမ်းမံခြင်း)

ဒါက အလုပ် အများဆုံး (50% ကျော်) ဖြစ်တတ်ပါတယ်။ User တွေက Feature အသစ် လိုချင်လို့၊ ဒါမှမဟုတ် Performance ပိုမြန်ချင်လို့၊ UI ပိုလှချင်လို့ ပြင်ရတာတွေပါ။

"Software က မသေမချင်း ပြောင်းလဲနေရမယ်" (Software must evolve) ဆိုတဲ့ သဘောတရားပါပဲ။

4. Preventive Maintenance (ကြိုတင် ကာကွယ်ခြင်း)

အခု လောလောဆယ် ဘာပြဿနာမှ မရှိပေမယ့်၊ နောင်တစ်ချိန် ဒုက္ခ မရောက်အောင် ကြိုလုပ်ထားတာပါ။

- **Refactoring**: Code တွေ ရှုပ်နေတာကို ရှင်းအောင် ပြန်ရေးတာ။
- **Documentation**: မှတ်တမ်းတွေ ပြန်ဖြည့်ရေးတာ။
- **Security Patches**: Hacker တွေ မဖောက်နိုင်အောင် Library တွေကို Update မြှင့်ထားတာ။

ဒါမျိုးတွေက လုပ်နေတုန်းမှာ User အတွက် ဘာမှ ထူးခြားမှု မရှိပေမယ့်၊ ရေရှည်မှာ System ကို ကျန်းမာစေ (Healthy) ပါတယ်။



၁၅.၃ Legacy Systems: Strategies for Re-engineering and Migration

Legacy System ဆိုတာ နည်းပညာဟောင်းတွေနဲ့ ရေးထားပြီး၊ ပြင်ရခက်ပေမယ့် ကုမ္ပဏီအတွက် အရမ်းအရေးပါလို့ ဖျက်ပစ်လို့ မရတဲ့ System ကြီးတွေကို ခေါ်ပါတယ်။

"မထူးဇာတ်ခင်းနေရတဲ့ စနစ်ကြီး" ပေါ့။ Documentation မရှိ၊ ရေးတဲ့လူ မရှိတော့၊ Code က ဘာလုပ်မှန်း မသိတော့တဲ့ အခြေအနေမျိုးပါ။

Legacy System တွေကို ကိုင်တွယ်ဖို့ နည်းလမ်း (Strategies) တွေ ရှိပါတယ်။

1. Encapsulate (ဖုံးထားလိုက်ခြင်း)

အထဲက Code တွေ ဘယ်လောက် ရှုပ်ရှုပ်၊ မပြင်တော့ပဲ သူ့အပေါ်ကနေ API အသစ် တစ်ခု ခံပြီး ဖုံးလိုက်တာပါ။

အပြင်လူ (Client) က API အသစ်နဲ့ပဲ ဆက်သွယ်တဲ့အတွက် အထဲက ရှုပ်နေတာကို မသိတော့ပါဘူး။

2. Rehosting (Lift and Shift)

Code ကို မပြင်ပါဘူး။ ဒါပေမယ့် Server အဟောင်းကြီး ပေါ်ကနေ Cloud (AWS, Azure) ပေါ် ရွှေ့လိုက်တာပါ။

- **အားသာချက်**: မြန်တယ်။ Data Center စရိတ် သက်သာသွားမယ်။
- **အားနည်းချက်**: Cloud Native Features (Scaling, Managed Services) တွေကို အပြည့်အဝ မသုံးနိုင်ပါဘူး။

3. Strangler Fig Pattern (သဖန်းပင် နည်းဗျူဟာ)

သဖန်းပင်က သစ်ပင်ကြီးတစ်ပင်ကို နွယ်တွေနဲ့ ရစ်ပတ်ပြီး တဖြည်းဖြည်း ကြီးထွားလာသလို မျိုးပါ။

System အဟောင်းကြီးကို ချက်ချင်း ဖျက်မပစ်ပဲ၊ Feature အသစ်တွေကို System အသစ် (Microservices) အနေနဲ့ ဘေးကနေ တစ်ခုချင်း စဆောက်ပါတယ်။ ကြာလာတော့ System အဟောင်းမှာ လုပ်စရာ မကျန်တော့တဲ့ အချိန်ကျမှ အပြီးသတ် ဖျက်ပစ်လိုက်တာပါ။

Risk အနည်းဆုံးနဲ့ အအောင်မြင်ဆုံး နည်းလမ်း ဖြစ်ပါတယ်။

4. Full Replacement (Big Bang)

အဟောင်းကို လုံးဝ ဖျက်ပစ်ပြီး အသစ် ပြန်ရေးတာပါ။

- **Risk အများဆုံးပါ**။ Project တွေက ထင်ထားတာထက် ပိုကြာတတ်ပြီး၊ ကြာလေ Business Logic တွေ လွဲလေ ဖြစ်တတ်ပါတယ်။ Netscape Browser ဟာ ဒီနည်းလမ်းကြောင့် ဈေးကွက်က ပျောက်သွားခဲ့ဖူးပါတယ်။

၁၅.၄ Software Reuse and Component-Based Development

Software ရေးတယ် ဆိုတာ အသစ် တီထွင်နေတာ မဟုတ်ပါဘူး။ သူများ ရေးပြီးသားတွေ (Libraries, Frameworks, Components) ကို ပြန်လည် တပ်ဆင်တာ (Assemble) နဲ့ ပိုတူပါတယ်။

Software Reuse ဆိုတာ အဲဒါပါပဲ။ "ဘီး ကို အသစ် ပြန်မထွင်နဲ့" (Don't Reinvent the Wheel) ဆိုတဲ့ စကားလိုပါပဲ။

Pros (အားသာချက်)

- **Time**: ကိုယ်တိုင်ရေးရင် ၁ လ ကြာမယ့် Feature ကို Library သုံးလိုက်ရင် ၁ ရက်နဲ့ ပြီးသွားနိုင်တယ်။

- **Reliability**: Open Source Library နာမည်ကြီးတွေ (ဥပမာ - React, Spring Boot) ဟာ လူအများကြီး စမ်းသပ်ပြီးသားမို့ ကိုယ်ရေးတာထက် ပိုစိတ်ချရပါတယ်။

Cons (အားနည်းချက် - The Price of Reuse)

သူများဟာ ယူသုံးရတာ ကောင်းပေမယ့် **Dependency Hell** နဲ့ **Supply Chain Risk** ကို သတိထားရပါမယ်။

- **Left-pad Incident**: ၂၀၁၆ တုန်းက NPM မှာ `left-pad` ဆိုတဲ့ စာကြောင်း ရွှေ့ပေးတဲ့ library လေး တစ်ခုကို ပိုင်ရှင်က ဖျက်လိုက်တာ၊ အဲဒါကို မှီခိုပြီး ရေးထားတဲ့ Facebook, Netflix အပါအဝင် ကမ္ဘာတစ်လွှားက Project တွေ Build Fail ဖြစ်ကုန်ပါတယ်။
- **Security Vulnerability**: `Log4j` ပြဿနာတုန်းက Java System တော်တော်များများ Security ပေါက်ကုန်ကြပါတယ်။ ကိုယ်သုံးတဲ့ Library မှာ အပေါက်ပါရင် ကိုယ့် System ပါ ပေါက်တာပါပဲ။

Component-Based Development (CBD)

Lego တုံးလေးတွေ ဆက်သလိုပါပဲ။ Function တစ်ခုချင်းစီကို သီးသန့် Component (e.g., PaymentComponent, LoginModal) တွေ အနေနဲ့ ရေး၊ ပြီးမှ ပြန်ဆက်သုံးတာပါ။

Microservices Architecture ဆိုတာ CBD ရဲ့ အကြီးစား ပုံစံပါပဲ။

၁၅.၅ Version Management and Release Planning

Version Management (SemVer)

Software Version တပ်တဲ့အခါ `v1.0` လို့ လျှောက်ပေးလို့ မရပါဘူး။ **Semantic Versioning (SemVer)** စနစ်ကို အခုနောက်ပိုင်း သုံးကြပါတယ်။

Format: `Major.Minor.Patch` (e.g., 1.5.2)

1. **Major (Breaking Change)**: `1.x.x` -> `2.0.0`

API အဟောင်းတွေ ဖျက်လိုက်လို့၊ ဒါမှမဟုတ် လုံးဝ ပုံစံပြောင်းသွားလို့ အဟောင်းသုံးနေတဲ့ သူတွေ Error တက်နိုင်တဲ့ အခြေအနေမျိုးပါ။

1. **Minor (New Feature)**: `1.5.x` -> `1.6.0`

Feature အသစ် ပါလာတယ်။ ဒါပေမယ့် အဟောင်းသုံးနေတဲ့ သူတွေ ဘာမှ မဖြစ်ဘူး (Backward Compatible)။

1. **Patch (Bug Fix)**: `1.5.2` -> `1.5.3`

Code လွဲနေတာလေးတွေ ပြင်လိုက်တာ။ Feature အသစ် မပါဘူး။

Release Strategies

User ဆီကို Version အသစ် ဘယ်လို ပို့မလဲ။

- **Blue/Green Deployment**: Server ၂ ခု ထားလိုက်တယ်။ အဟောင်း (Blue) ကို Run ထားရင်း၊ အသစ် (Green) ကို သေချာ စမ်း။ အဆင်ပြေမှ Traffic ကို Blue ကနေ Green ဆီ ချက်ချင်း လွှဲ (Switch) လိုက်တာ။ Downtime မရှိဘူး။ Rollback လုပ်ရတာ လွယ်တယ်။
- **Canary Release**: မိုင်းတွင်းထဲ ငှက်ကလေး (Canary) အရင် လွှတ်သလိုပါပဲ။ User ၁၀၀ မှာ ၅ ယောက် (5%) ကိုပဲ Version အသစ် အရင် ပေးသုံးကြည့်တယ်။ အဆင်ပြေမှ ကျန်တဲ့ ၉၅ ယောက်ကို ဆက်ပေးတာ။ Risk အနည်းဆုံးပါပဲ။

အခန်း ၁၆ :: Performance and Scalability



Software ၏ functional requirement များ မှန်ကန်စွာ အလုပ်လုပ်ရုံသာမက၊ သုံးစွဲသူများအတွက် လျင်မြန်သော တုံ့ပြန်မှု (fast response) နှင့် တည်ငြိမ်သော အတွေ့အကြုံ (stable experience) ကို ပေးစွမ်းနိုင်ရန်မှာလည်း အလွန်အရေးကြီးသည်။ Performance Engineering ဆိုသည်မှာ software ၏ performance ကို စနစ်တကျ တိုင်းတာခြင်း၊ သုံးသပ်ခြင်း၊ နှင့် မြှင့်တင်ခြင်းတို့ကို ပြုလုပ်သည့် discipline ဖြစ်သည်။

Scalability ဆိုသည်မှာ user load သို့မဟုတ် data ပမာဏ တိုးလာသည့်အခါ system က ထို workload ကို ကောင်းမွန်စွာ ကိုင်တွယ်နိုင်စွမ်း ဖြစ်သည်။

၁၆.၁ Performance Requirements and Benchmarking

Performance ကိစ္စ ပြောရင် "မြန်ရမယ်" လို့ ယေဘုယျ ပြောလို့ မရပါဘူး။ ဘယ်လောက် မြန်ရမှာလဲ။ ဘယ်နေရာမှာ မြန်ရမှာလဲ ဆိုတာ တိတိကျကျ သတ်မှတ်ထားဖို့ လိုပါတယ်။ ဒါကို Non-functional Requirement အနေနဲ့ တိုင်းတာလို့ရတဲ့ ဂဏန်းတွေနဲ့ သတ်မှတ်ရပါမယ်။

ဘာတွေ တိုင်းတာမလဲ (Key Metrics)

Latency (Response Time)

Request တစ်ခု ပို့လိုက်ရင် ဘယ်လောက်ကြာမှ အဖြေ ပြန်ရသလဲ ဆိုတာပါ။ ဒါပေမယ့် Average ပဲ ကြည့်လို့ မရပါဘူး။

ဥပမာ - "p95 Latency < 200ms" လို့ သတ်မှတ်လေ့ ရှိပါတယ်။ ဆိုလိုတာက Request ၁၀၀ မှာ ၉၅ ခုက 200ms အောက် (≤ 200ms) ဖြစ်ရမယ်လို့ ဆိုလိုတာပါ။ (p95 = 95th Percentile)။ Average က နည်းနေပေမယ့် တချို့ User တွေမှာ အရမ်းကြာနေတာမျိုး မဖြစ်အောင် p95, p99 တွေကို ကြည့်ရတာပါ။

တိုင်းတာတဲ့ အခါမှာလည်း Server မှာ ကြာတဲ့ အချိန် လား၊ User ဆီ အရောက်ပြန်ပို့တဲ့ အချိန် (End-to-End) လား ဆိုတာ တိတိကျကျ ခွဲခြား သိဖို့ လိုပါတယ်။

Throughput

အချိန်ယူနစ်တစ်ခု (ဥပမာ - ၁ စက္ကန့်) အတွင်းမှာ System က အလုပ် ဘယ်လောက် ပြီးနိုင်သလဲ ဆိုတာပါ။

Unit တွေ အနေနဲ့ **RPS (Requests Per Second)** သို့မဟုတ် **TPS (Transactions Per Second)** နဲ့ တိုင်းတာလေ့ ရှိပါတယ်။

ဥပမာ - "Server က တစ်စက္ကန့်ကို Request ၁၀၀၀ (1000 RPS) လက်ခံနိုင်ရမယ်" ဆိုတာမျိုးပါ။

Error Rate

Request ၁၀၀ လာရင် ဘယ်နှစ်ခါ Fail ဖြစ်လဲ ဆိုတာပါ။

Fail ဖြစ်တယ် ဆိုရာမှာ **5xx Errors** (Server ဘက်က မှားတာ)၊ **Timeouts** (ကြာလွန်းလို့ ပြတ်သွားတာ) နဲ့ **Rate Limits** (များလွန်းလို့ ပိတ်ချတာ) တွေ အကုန် ပါဝင်ပါတယ်။ User ဘက်က မှားတဲ့ **4xx Errors** တွေကိုတော့ Error အဖြစ် ထည့်တွက်မလား၊ မတွက်ဘူးလား ဆိုတာ ကိုယ့်ရဲ့ SLO (Service Level Objective) ပေါ် မူတည်ပြီး ဆုံးဖြတ်ရပါမယ်။

ဘယ်လို စစ်ဆေးမလဲ

Benchmarking ဆိုတာကတော့ ကိုယ့် System ရဲ့ ပုံမှန် အခြေအနေမှာ ဘယ်လောက် နိုင်သလဲ ဆိုတာ Baseline တစ်ခု သတ်မှတ်ဖို့ မှတ်တမ်းတင်ထားတာပါ။ Environment တူညီဖို့ လိုသလို၊ System က စစချင်း (Cold start) မှာ နှေးတတ်တဲ့ အတွက် Warm-up လုပ်ပြီးမှ တိုင်းတာသင့်ပါတယ်။

Load Testing ကတော့ ပုံမှန် လာနေကျ User ပမာဏ (Expected Load) လောက် ဝင်လာရင် ခံနိုင်ရည် ရှိမရှိ စမ်းသပ်တာပါ။

Stress Testing ကတော့ System ပျက်သွားတဲ့အထိ တမင် ဖိအားပေးပြီး Break Point ကို ရှာတာပါ။ ဘယ်လောက်ထိ ခံနိုင်လဲ သိချင်လို့ပါ။

Soak Testing ဆိုတာလည်း ရှိပါသေးတယ်။ သူကတော့ အကြာကြီး (ဥပမာ - ၂၄ နာရီ) Run ထားပြီးတော့ Memory Leak ဖြစ်မဖြစ်၊ Resource တွေ ပြည့်မလာဘူးလား ဆိုတာ စစ်ဆေးတာပါ။ Apache JMeter လို Tool မျိုးနဲ့ စမ်းသပ်နိုင်ပါတယ်။

၁၆.၂ Performance Analysis and Profiling

Performance ပြဿနာ ရှင်းမယ် ဆိုရင် အရင်ဆုံး ဘယ်နေရာမှာ ကြာနေလဲ ဆိုတာ အရင် ရှာရပါမယ်။ ဒါကို **Bottleneck** (ပုလင်းလည်ပင်း) ရှာတယ်လို့ ခေါ်ပါတယ်။ ပုလင်းလည်ပင်း ကျဉ်းနေရင် ရေတွေ ဘယ်လောက် များများ ထွက်လို့ မရသလို၊ System မှာလည်း တစ်နေရာက ကြာနေရင် ကျန်တဲ့ နေရာတွေပါ လိုက်နှေးနေတတ်ပါတယ်။

Pareto Principle (80/20 Rule) အရ ပြောရရင် ကြာချိန်ရဲ့ ၈၀% ဟာ Code ရဲ့ ၂၀% လောက်ကပဲ ဖြစ်စေတာ များပါတယ်။ ဆိုလိုတာက Code အများကြီး ပြင်စရာ မလိုပါဘူး။ အဓိက ကြာစေတဲ့ အချက် (Critical Part) ကို ရှာတွေ့ဖို့ပဲ လိုပါတယ်။

ဒါကြောင့် ဘယ်နေရာ ကြာလဲ သိရအောင် **Profiler** Tools တွေ သုံးရပါတယ်။ Profiler က Code ကို Run နေရင်းနဲ့ Function တစ်ခုချင်းစီ က CPU Time ဘယ်လောက်ကြာလဲ၊ Memory ဘယ်လောက်စားလဲ ဆိုတာ အတိအကျ တိုင်းတာပေးနိုင်ပါတယ်။

Developer က ကိုယ့်ထင်မြင်ချက် (Guesswork) နဲ့ လျှောက်မပြင်သင့်ပါဘူး။ Profiler က ပြတဲ့ Data ကို ကြည့်ပြီးမှ အမှန်တကယ် ကြာနေတဲ့ နေရာကို ပြင်ဆင် (Optimize) လုပ်သင့်ပါတယ်။

၁၆.၃ Performance Optimization Techniques

Code ရေးတဲ့ အခါ ဘာတွေ သတိထားရမလဲ။

Algorithmic Optimization

Algorithm ရွေးချယ်မှု မှားယွင်းခြင်းက Performance ကို အထိခိုက်ဆုံးပါပဲ။

ဥပမာ - Data အလုံး ၁ သန်းကို စီချင်တယ် (Sort လုပ်ချင်တယ်) ဆိုပါစို့။

- **Bubble Sort** ကို သုံးမယ်ဆိုရင် Time Complexity က **O(n²)** ဖြစ်တဲ့အတွက် အဆမတန် ကြာသွားပါလိမ့်မယ်။
- **Merge Sort** သို့မဟုတ် **Quick Sort** ကို သုံးမယ်ဆိုရင် **O(n log n)** ပဲ ကြာတဲ့အတွက် အများကြီး ပိုမြန်ပါတယ်။

ဒါကြောင့် ကိုယ်ရေးတဲ့ Code က Loop တွေ ဘယ်နှစ်ထပ် ဖြစ်နေလဲ (Nested Loops)၊ Big O Notation အရ ဘယ်လောက် Complexity ရှိလဲ ဆိုတာ Developer တိုင်း သိထားသင့်ပါတယ်။

Asynchronous Operations

I/O Operation တွေ ဖြစ်တဲ့ File ဖတ်တာ၊ Network (API) ခေါ်တာ တွေက CPU ကို မလိုအပ်ပဲ စောင့်ခိုင်းထားသလို ဖြစ်စေပါတယ်။

Code ကို **Asynchronous (Non-blocking I/O)** ပုံစံ ပြောင်းလိုက်မယ်ဆိုရင်၊ I/O စောင့်နေတဲ့ အချိန်မှာ CPU က အလကား မနေပဲ တခြား Request တွေကို လုပ်ပေးနိုင်တဲ့ အတွက် **Throughput** တက်လာပါလိမ့်မယ်။

> **သတိပြုရန်**: Async လုပ်လိုက်လို့ Task တစ်ခုချင်းစီရဲ့ ကြာချိန် (Latency) လျော့သွားတာ မဟုတ်ပါဘူး။ တစ်ပြိုင်နက် လုပ်နိုင်တဲ့ အရည်အသွေး (Concurrency) ကောင်းလာတာ သာ ဖြစ်ပါတယ်။ Memory ပေါ်မှာ တွက်ချက်ရတဲ့ (CPU Bound) အလုပ်တွေ ဆိုရင်တော့ Async လုပ်လည်း မထူးပါဘူး။

Resource Pooling

Database Connection ဖွင့်တာတွေက "Expensive Operation" (စရိတ်ကြီးတဲ့ အလုပ်) တွေ ဖြစ်ပါတယ်။ TCP Handshake လုပ်ရတာတို့၊ Authentication လုပ်ရတာတို့က အချိန်ကြာပါတယ်။

ဒါကြောင့် Connection တွေကို ခဏခဏ ဖွင့်လိုက် ပိတ်လိုက် မလုပ်ပဲ ဖွင့်ပြီးသား Connection တွေကို **Connection Pool** တစ်ခုထဲမှာ သိမ်းထားပြီး လိုအပ်တဲ့ အချိန် ယူသုံး၊ ပြီးရင် ပြန်ထည့်ထားတာမျိုး လုပ်သင့်ပါတယ်။

၁၆.၄ Scalability Patterns (Horizontal vs. Vertical Scaling)

User တွေ များလာရင် Server နိုင်တော့မှာ မဟုတ်ပါဘူး။ အဲဒီအခါ ဘယ်လို ဖြေရှင်းမလဲ။

Vertical Scaling (Scaling Up)

လက်ရှိ Server ရဲ့ Hardware (CPU, RAM, SSD) ကို အဆင့်မြှင့်တာပါ။

- **အားသာချက်**: ဘာ Code မှ ပြင်စရာ မလိုပါဘူး။ ချက်ချင်း လုပ်လို့ ရပါတယ်။

- **အားနည်းချက်**: Hardware မှာ အကန့်အသတ် (Physical Limit) ရှိပါတယ်။ Server တစ်လုံးတည်း ဖြစ်တဲ့အတွက် ပျက်သွားရင် စနစ်တစ်ခုလုံး ရပ်သွားနိုင်ပါတယ် (Single Point of Failure)။

Horizontal Scaling (Scaling Out)

Server အလုံးရေ ကို တိုးပြီး Load မျှ သုံးတဲ့ နည်းလမ်းပါ။ Server တစ်လုံးတည်းက လုပ်မယ့် အစား ၃ လုံးလောက် ခွဲပြီး လုပ်လိုက်တာပါ။

- **အားသာချက်**: လိုအပ်သလို အကန့်အသတ်မရှိ တိုးချဲ့လို့ ရပါတယ်။ Fail ဖြစ်ရင်လည်း တခြား Server တွေ ရှိနေတဲ့အတွက် စနစ် မရပ်သွားပါဘူး (High Availability)။ Cloud ခေတ်မှာ ဒါကို ပို အသုံးများပါတယ်။
- **အားနည်းချက်**: Load Balancer ခံဖို့ လိုလာမယ်။ Database တွေကို မျှသုံးဖို့ (Distributed System) စီစဉ်ရတာ ရှုပ်ထွေးနိုင်ပါတယ်။



၁၆.၅ Caching Strategies

Caching ဆိုတာ မကြာခဏ သုံးနေရတဲ့ Data တွေကို ယူရခက်တဲ့ နေရာ (Database) ကနေ ယူမယ့်အစား၊ ယူရလွယ်တဲ့ နေရာ (RAM) မှာ ခဏ သိမ်းထားတာပါ။ ဒါဆိုရင် Data လိုချင်တိုင်း Database ကို သွားသွား ခေါက်နေစရာ မလိုတော့လို့ ပိုမြန်ပါတယ်။

Caching Flow (Cache-Aside Pattern)

အောက်ပါ Diagram တွင် Application သည် data လိုချင်သည့်အခါ Cache ကို အရင်စစ်ဆေးပုံ (Cache Hit vs Cache Miss) ကို ပြသထားသည်။



၁၆.၅.၁ Cache Write Strategies

Data အသစ်ဝင်လာရင် Cache ထဲကို ဘယ်လို ထည့်မလဲ ဆိုတာ မူဝါဒ (Policy) ထားရှိဖို့ လိုပါတယ်။

1. Write-through

Data လာရင် Cache ထဲကိုလည်း ထည့်တယ်၊ Database ထဲကိုလည်း တစ်ခါတည်း (Synchronous) ထည့်ပါတယ်။

- **ကောင်းချက်**: Data Consistency အတွက် စိတ်ချရဆုံးပါ။ Cache ထဲမှာလည်း အမြဲ Data အသစ် ရှိနေမယ်။

- **ဆိုးချက်**: နေရာ ၂ ခုလုံး လိုက်ရေးနေရလို့ Write Latency (ရေးချိန်) ပိုကြာပါတယ်။



2. Write-around

Database ထဲကိုပဲ တိုက်ရိုက် ထည့်လိုက်ပါတယ်။ Cache ကို ကျော်သွားတယ်။ ပြန်သုံးချင်တဲ့ အချိန်ကျမှ Database ကနေ ယူပြီး Cache ထဲ ထည့် (Lazy Load) ပါတယ်။

- **ကောင်းချက်**: ခဏခဏ ပြန်မသုံးတဲ့ Data တွေ Cache ထဲ ရောက်မလာတော့ဘူး။ Cache Memory နေရာ ပိုသက်သာတယ်။
- **ဆိုးချက်**: စစချင်း ခေါ်တဲ့ အခါ Cache Miss ဖြစ်ပြီး Database ကို သွားယူရတဲ့ အတွက် ပထမတစ်ခေါက်တော့ ကြာပါမယ်။



3. Write-back (Write-behind)

ဒါကတော့ Cache ထဲကိုပဲ အရင် ထည့်လိုက်တာပါ။ User ကို ချက်ချင်း အိုကေ ပြန်ပြောလိုက်တယ်။ ပြီးမှ နောက်ကွယ်ကနေ (Asynchronous) Database ထဲကို လိုက်ထည့်တာပါ။

- **ကောင်းချက်**: Write Performance အရမ်းကောင်းပါတယ်။ User က Database ပြီးတဲ့အထိ စောင့်နေစရာ မလိုပါဘူး။

- **ဆိုးချက်**: Database ထဲ မရောက်ခင် Cache Server ပျက်သွားရင် Data ပျောက်သွားနိုင်ပါတယ် (Data Loss Risk)။



၁၆.၅.၂ Entity Caching vs. Query Caching

ဒါကလည်း အရေးကြီးပါတယ်။ ဘာကို Cache လုပ်မှာလဲ ပေါ့။

1. Entity Caching (ID နဲ့ သိမ်းခြင်း)

User တစ်ယောက်ချင်းစီ ID နဲ့ သိမ်းတာမျိုးပါ။ `user:101` ဆိုပြီး Key-Value ပုံစံနဲ့ သိမ်းလိုက်တယ်။

User Update လုပ်ရင် အဲဒီ Key တစ်ခုတည်း ဖျက်လိုက်ရင် ရပြီ။ ရှင်းတယ်။ Manage လုပ်ရတာ လွယ်ပါတယ်။

2. Query Caching (Complex Pattern)

`SELECT * FROM users WHERE age > 10` ဆိုတဲ့ Query ရလဒ်ကြီး တစ်ခုလုံးကို Cache လုပ်လိုက်တာပါ။

ပြဿနာကတော့ Invalidation (Cache ဖျက်တာ) ပါပဲ။ User 101 ကို အသက် ၁၁ နှစ် (age: 11) လို့ ပြင်လိုက်ရင်၊ ဒီ User ပါဝင်နေတဲ့ Query တွေ အကုန်လုံး (ဥပမာ age > 5, age < 20 etc.) လိုက်မှားကုန်ပါပြီ။ ဘယ် Query တွေနဲ့ ငြိနေလဲ လိုက်ရှာဖို့က အရမ်း ခက်ခဲပါတယ်။

ဒါကြောင့် ဒီလို Complex Query တွေ Cache လုပ်မယ်ဆိုရင် Write-through တွေ မလုပ်ပဲ **TTL (Time To Live)** တိုတိုလေး ထားပြီး သက်တမ်းကုန်ရင် ပျက်သွားအောင် စောင့်တာ လက်တွေ့ အကျဆုံးပါပဲ။

၁၆.၅.၃ Memory ပြည့်သွားရင် ဘယ်လိုလုပ်မလဲ (Cache Eviction Policies)

Cache ဆိုတာ RAM ပေါ်မှာ သိမ်းတာ ဆိုတော့ နေရာ အကန့်အသတ် ရှိပါတယ်။ ပြည့်သွားရင် အဟောင်းတွေ ဖျက်ထုတ်ရပါတယ်။ ဘယ်ဟာကို ရွေးဖျက်မလဲ ဆိုတဲ့ မူဝါဒတွေ ရှိပါတယ်။

- **LRU (Least Recently Used)**: မသုံးတာ ကြာဆုံး ကောင်ကို ရွေးထုတ်တယ်။ (ဒါက General Purpose အတွက် အကောင်းဆုံးပါ)
- **LFU (Least Frequently Used)**: သုံးတဲ့ အကြိမ်ရေ အနည်းဆုံး ကောင်ကို ရွေးထုတ်တယ်။
- **FIFO (First-In, First-Out)**: အရင် ရောက်တဲ့ကောင် အရင် ထွက်။
- **TTL (Time-To-Live)**: Data တစ်ခုချင်းစီကို သက်တမ်းသတ်မှတ်ပေးလိုက်တာပါ။ သက်တမ်းကုန်ရင် သူ့အလိုလို ပျက်သွားပါလိမ့်မယ်။

၁၆.၅.၄ ဖြစ်တတ်တဲ့ ပြဿနာများ (Common Pitfalls)

1. Cache Penetration

ပြဿနာ: Hacker က Cache ထဲမှာ မရှိသလို၊ Database ထဲမှာလည်း မရှိတဲ့ Key တွေ (ဥပမာ - ID အတုတွေ) နဲ့ တမင် လာခေါ်တာပါ။

Fail ဖြစ်သွားတဲ့ Request တွေက Cache မှာ မရှိတော့ Database အထိ တောက်လျှောက် ရောက်လာပြီး Database ကို ဝန်ပိစေပါတယ်။

ဖြေရှင်းနည်း:

1. **Bloom Filter** သုံးပြီး မရှိနိုင်တဲ့ Key တွေကို အရင် စစ်ထုတ်လိုက်တာ။

1. Database မှာ မတွေ့ရင် **Null Value** (မရှိကြောင်း) ကိုပါ Cache ထဲမှာ ခဏ (TTL တိုတိုလေးနဲ့) သိမ်းထားလိုက်တာမျိုး လုပ်နိုင်ပါတယ်။

2. Cache Stampede (Dog-piling)

ပြဿနာ: လူသုံးများတဲ့ Data (Hot Key) တစ်ခု သက်တမ်းကုန်သွားတဲ့ အချိန်မှာ၊ User အများကြီး တစ်ပြိုင်နက် ဝင်လာတာပါ။ Cache မရှိတော့ အားလုံး Database ကို ဝိုင်းခေါ်သလို ဖြစ်သွားပြီး Database Down သွားနိုင်ပါတယ်။

ဖြေရှင်းနည်း:

1. **Mutex Locking**: တစ်ယောက်ကိုပဲ Database သွားယူခိုင်းပြီး ကျန်တဲ့ လူတွေကို ခဏ စောင့်ခိုင်းတာမျိုး။

1. **Early Expiration**: TTL မကုန်ခင် ကြိုပြီး Background ကနေ Refresh လုပ်ထားတာမျိုး။

3. Cache Avalanche

ပြဿနာ: Cache Key အများကြီးက တိုင်ပင်ထားသလို တချိန်တည်း သက်တမ်းကုန် (Expire) သွားတာပါ။ ဒါဆို Request တွေ အကုန်လုံး Database ပေါ် ပြိုကျလာပါလိမ့်မယ်။

ဖြေရှင်းနည်း:

Randomize TTL (Jitter): သက်တမ်းကုန်မယ့် အချိန် (TTL) ကို တစ်ခုနဲ့ တစ်ခု မတူအောင် နည်းနည်း စီ လွဲထားလိုက်ပါ။ ဥပမာ - ၁၀ မိနစ် အတိ မထားပဲ ၉ မိနစ် နဲ့ ၁၁ မိနစ် ကြား Random ထားလိုက်တာမျိုးပါ။

Cache အမျိုးအစားများ

In-Memory Cache

Application ရဲ့ RAM ထဲမှာပဲ သိမ်းတာပါ။ ဒါက အမြန်ဆုံးပါပဲ။

Distributed Cache

Redis, Memcached လိုမျိုး သီးသန့် Server နဲ့ သိမ်းတာပါ။ Server တွေ အများကြီး က ဝိုင်းသုံးလို့ ရတဲ့ အားသာချက် ရှိပါတယ်။

Content Delivery Network (CDN)

Static file တွေ (ပုံတွေ၊ CSS တွေ) ကို ကမ္ဘာအနှံ့က Server တွေပေါ် ဖြန့်သိမ်းထားတာပါ။ User နဲ့ အနီးဆုံး Server ကနေ ပို့ပေးတော့ အရမ်း မြန်ပါတယ်။

၁၆.၆ Database Performance and Optimization

System တော်တော်များများ နှေးရတဲ့ အဓိက တရားခံက Database မှာ ဖြစ်လေ့ရှိပါတယ်။

Database Indexing

စာအုပ်မှာ မာတိကာ ပါသလိုပါပဲ။ Database မှာ Index ခံတယ်ဆိုတာ B-Tree (သို့မဟုတ် Hash) Data Structure နဲ့ သီးသန့် စီထားတာပါ။

- **Read**: Table တစ်ခုလုံး လိုက်ရှာစရာ မလိုပဲ (`O(N)`), Index Tree ပေါ်ကနေ တန်းသွားလို့ရတာ (`O(log N)`) ကြောင့် Read Performance အရမ်းတက်ပါတယ်။
- **Write Trade-off**: ဒါပေမယ့် Index တွေ များလွန်းရင်တော့ Data ထည့်တဲ့အခါ (Write) တိုင်း Index Tree ကိုပါ လိုက်ပြင်နေရတဲ့အတွက် Write နှေးသွားနိုင်ပါတယ်။ Storage နေရာလည်း ပိုယူပါတယ်။

Database Pagination

Data အများကြီးကို တစ်ခါတည်း ယူလိုက်ရင် Memory Pressure တက်ပြီး Database Crash ဖြစ်နိုင်ပါတယ်။

- **Offset Pagination**: `OFFSET 10000 LIMIT 10` လို သုံးတာပါ။ Data နည်းရင် ပြဿနာ မရှိပေမယ့်၊ Data များလာရင် Database က ရှေ့က Row ၁ သောင်းလုံးကို ဖတ်ပြီးမှ ကျော်သွားရတာမို့ (Scan Time) အရမ်းနှေးပါတယ်။
- **Cursor-based Pagination**: `WHERE id > last_seen_id LIMIT 10` ဆိုပြီး သုံးတာပါ။ ရှေ့က ဟာတွေကို ဖတ်စရာမလိုပဲ ရောက်တဲ့နေရာက ဆက်သွားတာမို့ Data သန်းချီ ရှိလည်း Performance မကျပါဘူး။ (အားနည်းချက်က Random Page Jump လုပ်မရတာပါပဲ)

Database Partitioning vs. Sharding

- **Partitioning**: Table ကြီး တစ်ခုကို Logical အပိုင်းလိုက် (ဥပမာ - ၂၀၂၃ စာရင်း၊ ၂၀၂၄ စာရင်း) ခွဲသိမ်းတာပါ။ Server က တစ်လုံးတည်း (Single Instance) ပါပဲ။ Partition Key (ဥပမာ Year column) ပါရင် ရှာရတာ အရမ်းမြန်ပါတယ်။
- **Sharding**: ဒါက Data တွေကို Server မတူညီတဲ့ နေရာတွေမှာ ခွဲသိမ်းတာ (Distributed) ပါ။ Horizontal Scaling သဘောတရား ဖြစ်သွားပါပြီ။ Application ဘက်ကနေ ဘယ် User Data က ဘယ် Shard (Server) မှာ ရှိလဲ ဆိုတာ သိဖို့ လိုလာပါပြီ။

N+1 Query Problem

Loop ပတ်ပြီး Query ခေါ်မိတဲ့ ပြဿနာပါ။

ဥပမာ - Blog Post ၁၀ ခု ယူမယ် (၁ ခါ)။ ပြီးမှ Loop ပတ်ပြီး Post တစ်ခုချင်းရဲ့ Author ကို လိုက်ယူမယ် (၁၀ ခါ)။ စုစုပေါင်း Query ၁၁ ခါ (1 + N) ဖြစ်သွားပါတယ်။

ဖြေရှင်းနည်း:

ORM တွေမှာ **Eager Loading** (`with('author')`) သုံးပြီး တစ်ခါတည်း **JOIN** လုပ်ယူလိုက်ရင် Query တစ်ခေါက်တည်းနဲ့ ပြီးပါတယ်။

Query Optimization

Database Query တွေ နှေးနေရင် `EXPLAIN ANALYZE` လို command မျိုး သုံးပြီး Execution Plan ကို စစ်ဆေးရပါတယ်။

"Full Table Scan" ဖြစ်နေလား၊ Index မထိပဲ ဖြစ်နေလား၊ Join တွေက မှားနေလား ဆိုတာ Database Engine ရဲ့ လုပ်ဆောင်ချက်ကို အသေးစိတ် ကြည့်ပြီး ပြင်ဆင်ရပါမယ်။

Connection Pooling

(ဒါက ၁၆.၃ မှာ ပြောခဲ့တဲ့ Resource Pooling ပါပဲ) Database Connection တွေကို အရှင် မွေးထား ပြီး ပြန်သုံးတဲ့ နည်းလမ်းပါ။

၁၆.၇ Load Balancing and High Availability

Load Balancer

Server တွေ အများကြီး သုံးတဲ့အခါ Traffic ကို မျှပေးမယ့် (Traffic Distribution) ကောင် လိုပါ တယ်။ ဒါက Load Balancer ပါ။

Load Balancing Algorithm အမျိုးမျိုး ရှိပါတယ်:

- **Round Robin**: တစ်ယောက် တစ်လှည့်စီ ပို့တာပါ။ (Server A -> Server B -> Server A...)
- **Least Connections**: လက်ရှိ အလုပ် အနည်းဆုံး (Connection အနည်းဆုံး) ဖြစ်နေတဲ့ Server ဆီ ပို့တာပါ။
- **IP Hash**: User ရဲ့ IP ပေါ် မူတည်ပြီး Server တစ်လုံးတည်းဆီကိုပဲ အမြဲ ပို့ပေးတာပါ။ (Sticky Session လိုချင်ရင် သုံးပါတယ်)



High Availability (HA)

System တစ်ခုလုံး ဘယ်တော့မှ မရပ်သွားအောင် (No Single Point of Failure) လုပ်ဆောင်ခြင်းပါ။

- **Redundancy**: Component တစ်ခု (Server/DB) ပျက်ရင် အစားထိုးဖို့ နောက်တစ်ခု အပို (Backup/Standby) ရှိနေရပါမယ်။
- **Failover**: Primary Server ပျက်သွားတာနဲ့ Standby Server က အလိုအလျောက် နေရာဝင်ယူပြီး ဆက်လုပ်ပေးနိုင်ရပါမယ်။
- **Multi-AZ**: Data Center တစ်ခုလုံး မီးပျက်ရင်တောင် မရပ်အောင် တခြား Zone (Availability Zone) တစ်ခုမှာပါ Server တွေ ဖြန့်ထားတာမျိုးပါ။


Clients
Load Balancer - Multi-AZ / HA
Availability Zone B
App Server B
Availability Zone A
App Server A
DB Endpoint/Proxy
Primary DB
failover switch
Replication
Promote on failover
Standby/Replica DB

အခန်း ၁၇ :: Beyond the Book

Software Engineering စာအုပ်တစ်အုပ်လုံးကို ပြီးမြောက်အောင် ဖတ်ရှုနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီစာအုပ်ကနေ နည်းပညာနဲ့ ပတ်သက်ပြီး သိသိသာသာ တိုးတက်မှုကို ခံစားမိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ စာအုပ်ထဲမှာ Software တစ်ခုလုံးကို စနစ်တကျ တည်ဆောက်ပုံတွေကို နားလည်အောင် ရေးသားပေးထားတဲ့အတွက် Mid-level Developer တစ်ယောက်အနေနဲ့ နောက်ထပ် Project တွေမှာ ဘာတွေလုပ်ရမလဲ၊ ဘာတွေပြင်ဆင်ရမလဲဆိုတာကို ပိုမိုကျယ်ပြန့်စွာ မြင်နိုင်လာမှာပါ။

အခုစာအုပ် ရေးသားနေတဲ့ ၂၀၂၆ ခုနှစ်ဟာ AI နည်းပညာတွေ အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ အချိန်ဖြစ်ပါတယ်။ Coding ကို AI အကူအညီနဲ့ ရေးသားလာကြပြီး Vibe Coding ကဲ့သို့သော အယူအဆသစ်တွေ ခေတ်စားလာပါပြီ။ ဒီလိုအချိန်မှာ Coding ရေးသားရုံသက်သက်ထက် Software Engineering အနှစ်သာရကို နားလည်တဲ့ Developer တွေက ပိုပြီး တန်ဖိုးရှိလာပါတယ်။

Software Engineer တစ်ယောက်ဟာ Programming Language တစ်ခုတည်းပေါ်မှာ မှီခိုမနေဘဲ Software တစ်ခု တည်ဆောက်ပုံ (Structural Thinking) ကို နားလည်တတ်ကျွမ်းသူ ဖြစ်ရပါမယ်။ အရင်က Developer တစ်ယောက်ဟာ Github, StackOverflow နဲ့ Google တို့မှာ အချိန်ကုန်ခံပြီး ပြဿနာတွေကို ရှာဖွေဖြေရှင်းခဲ့ရပေမယ့်၊ အခုအခါမှာတော့ AI ကြောင့် အဲဒီအခက်အခဲတွေက နည်းပါးသွားပါပြီ။ ဒါကြောင့် Coding ရေးတဲ့ အဆင့်ထက် Software Development တစ်ခုလုံးရဲ့ အရည်အသွေးကို ပိုပြီး အားစိုက်နိုင်လာပါတယ်။

System တစ်ခုကို ဖန်တီးတဲ့အခါ သက်ဆိုင်ရာ Domain Knowledge နဲ့ အသုံးပြုမည့် Framework, Language တို့ကို နားလည်ဖို့ လိုသလို၊ Best Practices နဲ့ Design Patterns တွေကိုလည်း သိထားရပါမယ်။ အထူးသဖြင့် AI နဲ့ တွဲဖက်လုပ်ကိုင်တဲ့အခါ Code Review, Security, Performance နဲ့ Maintainability တို့ဟာ ပိုပြီး အဓိကကျလာပါတယ်။ ဒီစာအုပ်က အဲဒီအချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ့် အထောက်အပံ့တစ်ခု ဖြစ်ပါလိမ့်မယ်။

ဒီစာအုပ်ကို ဖတ်ပြီးတဲ့အခါ ကျွန်တော်တို့ လေ့လာစရာတွေ အများကြီး ရှိသေးတယ်ဆိုတာကို သဘောပေါက်နိုင်ပါတယ်။ AI ခေတ်မှာ သိချင်တာကို လွယ်လွယ်ကူကူ ရှာဖွေနိုင်ပေမယ့်၊ အသေးစိတ် ကျကျနန နားလည်အောင် ရှင်းပြပေးနိုင်တာကတော့ စာအုပ်တွေနဲ့ အတွေ့အကြုံရှိတဲ့ ဆရာတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် လေ့လာမှုကို ဘယ်တော့မှ မရပ်တန့်ပါနဲ့။

ခေတ်တွေ ပြောင်းလဲသွားပေမယ့် ဘယ်တော့မှ မရိုးသွားတဲ့ အောက်ပါစာအုပ်တွေကို ဆက်လက်ဖတ်ရှုဖို့ တိုက်တွန်းလိုပါတယ်။

- Clean Code
- Getting Real
- The Pragmatic Programmer
- Code Complete

ဒါ့အပြင် Design Patterns နဲ့ Algorithm စတာတွေကိုလည်း အမြဲမပြတ် ဆက်လက်လေ့လာသွားကြဖို့ အကြံပြုလိုက်ပါတယ်။